www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သင်မြတ်နိုး

# ပန်းကလေးတစ်ပွင့်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဂျာနယ်"

"ဖတ်"

"ဟာ"

"ဟောတော့"

ကေတု ဘေးမကြည့်ဘာမကြည့်နှင့် ဂျာနယ်ကိုလိပ်ပြီး ခြံထဲပစ်ထည့်လိုက်တာ လူတစ်ယောက်အား ထိမိသွားသည်။ ကေတု ကြည့်လိုက်တော့ အိမ်ရှင်ဘိုးဘိုးကြီး ဖင်ထိုင်လျက် လဲကျသွားတော့၏။ ဟောတော့ ဒုက္ခပါပဲ။ ဘယ်လိုလုပ်ရမလဲ။ ကေတုကို နေ့စဉ် ဂျာနယ်အားပေးနေသောအိမ် နမော်နမဲ့ လုပ်မိသည်။

"ဟဲ့...ကောင်မလေး နင်ဘယ်လိုလုပ်လိုက်တာလဲ၊

www.burmeseclassic.com

ဇို:ပို=၀၁၆ပ

www.burmeseclassic.com



လူတစ်ယောက်လုံးကိုတောင် မမြင်ဘူးလား"

"ရှင်"

"ဘာရှင်လဲ"

"တောင်းပန်ပါတယ်၊ ကေတု တောင်းပန်ပါတယ်နော်၊ ဘိုးဘိုးကြီးထိုင်နေတာ မမြင်လို့ပါ"

"နင်တော်တော် ရုပ်ပလာနိုင်တဲ့ ကောင်မလေးပဲ၊ မိန်းကလေးဖြစ်ပြီး ဒီလောက်ပေါ့ပျက်ပျက်လုပ်ရလားဟဲ့၊ နောက်နေ့ကစပြီး ဂျာနယ်လာမပို့နဲ့တော့"

"ရှင်"

"အရင်ပို့နေကျကောင်လေး ဘယ်ရောက်သွားလဲ၊ ညည်းလာပို့တာ မျက်စိကိုနောက်နေတာပဲ၊ ငါကြည့်နေတာ နှစ်ရက်ရှိပြီ"

"တောင်းပန်ပါတယ်၊အရင်ကောင်လေးက တခြားအလုပ်သွားလုပ်လို့ ကျွန်မ အစားပို့ပေးတာပါ၊ နောက် ဒီလိုမဖြစ်စေရပါဘူး၊ ကေတုကို ဆက်အားပေးပါ"

"မပေးဘူး၊ ငါ့အဖေက်ကောင်းလို့ နင့်ကိုကြည့်မရတာကြာပြီ၊ မပို့နဲ့"

"ဒီမှာ"

နိ ၊ နိ : ၈၁၃၆ပဲ



"စကားမရှည်နဲ့၊ နင်မလာနဲ့တော့၊ သွား"

အိမ်ရှင်အန်တီကြီးက ဒေါသတကြီး အော်ထုတ်ပြီး ပြန်ဝင်သွားသည်။ ကေတုအား အော်ငေါက်ထုတ်ပစ်၍ မကျေမနပ်ဖြစ်သွားရ၏။ ဟွန်း…ကြီးကျယ်လိုက်တာ မုန်းတယ်။ မပို့ဘူး။ အားမပေး လည်းနေပေါ့။ ကောင်းရောင်းကောင်းဝယ် လုပ်စားတာပဲဟာ။ အဲ မဖြစ်သေးဘူး အုပ်စိုးကပြောတယ် အဲဒီအိမ်က ဂျာနယ်ထွက်သမျှ ယူတာဟဲ့၊ နင်ပြဿနာမရှာနဲ့တဲ့။ နင်ငွေရှာတာသည်းခံရမယ်တဲ့။ လူ့အောက်ကျို့လို့မသေဘူးတဲ့။ ကေတုမှာ အမေ့ဆေးဖိုးအတွက် ငွေလိုနေတာပဲ။ တစ်အိမ်လွတ်သွားရင် အမြတ်ကလျော့သွားမယ်။ တော်ဝင်နွယ် အိမ်ကြီးက ဂျာနယ်တွေ အများကြီးအားပေးတာ ကေတုကလည်း ကေတုပဲ။ ဒီနေ့မှ အချိန်နောက်ကျနေလို့ မြန်မြန်ပစ်ထည့်လိုက်တာပါ။ ကေတုမှားတာ။ ဒီလိုအိမ်မျိုးကို တရိုတသေ တလေးတစား ဆက်ဆံရမယ်လို့ အုပ်စိုးကသေသေချာချာ တတွတ်တွတ်မှာလိုက်တာပဲ။ သေပြီ။ ကေတုဘယ်လိုတောင်းပန်ရမလဲနော်။ ခြံရှေ့ကနေ ထွက်မသွားသေးဘဲ အခြေအနေကို စောင့်ကြည့်နေသည်။

"ကျွီ"

နိ ပုံ - ၈၁၃၆ပ

www.burmeseclassic.com

www.burmeseclassic.com



"အမေ့"

ကားတစ်စီးက သူမအနားကပ်ပြီးမှ ထိုးရပ်ပစ်လိုက်သဖြင့် ကေတု လန့်သွားကာ ဒေါသတွေ ပေါက်ကွဲပြီး ကားပေါ်မှဆင်းလာသူကို ကေတု ရန်ထောင်ပစ်မိသည်။

"ဒီမှာ...ရှင်ဘာအချိုးချိုးတာလဲ၊ ကျွန်မကို လမ်းဘေးမှာထိုင်နေတယ်ဆိုပြီး အထင်စမောလို့ ကားရပ်ခေါ်တင်မလို့ပေါ့လေ၊ ကျွန်မက အကြံအဖန်မဟုတ်ဘူး အမှန်အကန်"

"ဘာ"

"ဘာရမှာလဲ၊ ရှင့်အကြောင်း ကျွန်မကမသိဘူးထင်လို့လား၊ မိန်းကလေးတစ်ယောက် လမ်းဘေးမှာ ရှိနေပြီဆိုရင် ရှင်တို့အကျင့်ဆိုးတွေက မိန်းမပျက်ထင်ပြီး ကားရပ်ခေါ်တင်ချင်တော့တာပဲ၊ ရှုတ်ရှုတ်ရှုတ်ရှုတ်မလုပ်နဲ့နော်၊ ငုတ်တုတ်မေ့သွားမယ်"

"ဟော့...မင်းဘာတွေလာပြောနေတာလဲ၊ ကိုယ်က ဒီအိမ်က"

"ရှင် ဒီအိမ်ကဟုတ်လား၊ အမလေး တွေ့ရတာဝမ်းသာလိုက်တာ၊ စောစောက ကေတု ရန်ထောင်သွားမိတာ တောင်းပန်ပါတယ်နော်၊ ဒီအိမ်ကဆိုရင်လေ စောစောက ကေတု အမှားတစ်ခု





လုပ်မိလို့ အိမ်ရှင်အန်တီကြီးက ကျွန်မကို ဂျာနယ်လာမပို့နဲ့တော့တဲ့၊ ကျွန်မ ဒုက္ခရောက်နေလို့ပါ၊ ဟို ဟိုလေ အိမ်ရှင်တွေကို ကျွန်မက တောင်းပန်ပါတယ်လို့၊ နောက်တစ်ခါ ဒီလိုမဖြစ်စေရပါဘူးလို့ ဂျာနယ်တွေဆက်ပြီး လာပို့ပေးပါရစေလို့ တောင်းပန်ပေးပါ"

"ဟော့"

"အဟဲ...ဒီဂျာနယ်ပို့တဲ့အလုပ်ကို ကေတုသူငယ်ချင်း အုပ်စိုးပိုင်ဆီက ယူထားတာပါ၊ သူက ကျွန်မ ဆက်ဆံရေးကြဲလို့ ဖောက်သည်အိမ်တွေပျက်ရင် သူပြန်ယူမယ်တဲ့"

ဂျာနယ်လိုက်ပို့နေတဲ့ ကောင်မလေးတစ်ယောက်ကို သူ ထူးဆန်းစွာကြည့်မိသည်။ ဂျာနယ်ပို့တာ ယောကျ်ားလေးတွေပဲရှိတာ ကောင်မလေးက သူမကိုယ်သူမ ကေတုတဲ့။ ဒီကောင်မလေး မျက်ဝန်းတွေက ဖြူစင်တောက်ပနေ၏။ ချောချောမောမော ဖူးဖူးစင်စင်လေးပဲ။ ဂျာနယ်လိုက်ပို့နေတဲ့ ကောင်မလေးက သူ့ကို တော်ဝင်နွယ်ကထင်ပြီး ပြောချင်တာတွေ ပြောနေသည်။ မင်းက တကယ်ပဲ မစေ့စပ်မသေချာတဲ့ ပေါ့ပျက်ပျက်ကောင်မလေးထင်တယ်။ ကြည့်စမ်း စောစောက ထင်ရာမြင်ရာ အကြံအဖန်တွေကို ကောက်တင်တတ်တဲ့လူဟု ဖွတ်ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကိုလည်း ဆုံးအောင်နားမထောင်။ မျက်လုံးပြူး မျက်ဆံပြူးနှင့် တောင်းပန်နေတဲ့ ကောင်မလေးဖြစ်သည်။

"တောင်းပန်ပါတယ်နော် ဦး၊ စောစောကလေ ကေတု အရမ်းအရေးကြီးနေလို့၊ ဟို အရေးကြီးတယ်ဆိုတာကလည်း ကေတု သင်တန်းသွားစရာရှိလို့ပါ၊ အဟဲ ဒီမနက် အိပ်ရာထ တော်တော် နောက်ကျသွားတယ်လေ၊ အပျင်းထူလို့ နောက်ကျတာမဟုတ်ဘူး နော် ဦး၊ ညက စာတွေကျက်တာ အိပ်ရာထနောက်ကျသွားလို့ပါ"

"ဟော့…မင်းက ကိုယ့်ကို ဦးတဲ့လား၊ ဘာဖြစ်လို့ ဦး ခေါ်ရတာလဲ၊ ကိုယ့်အသက်အရွယ်က ဦးခေါ်ရမယ့်အရွယ်ဖြစ်နေလို့ လား"

"ရှန်…ဟို…ဦးလို့ခေါ်တာ မကြိုက်ဘူးလားဟင်၊ ကေတုက ရိုသေသမှုနဲ့ပါနော်၊ တောင်းပန်ပါတယ်၊ ဦးခေါ်တာ မကြိုက်ရင် ဘယ်လိုခေါ်ရမလဲဟင်၊ အစ်ကိုလား၊ ကိုကိုကြီးလား"

ကေတုဆိုတဲ့ ကောင်မလေးကိုကြည့်ပြီး စိတ်မဆိုးနိုင်တဲ့ အပြင် သူရယ်ချင်မိသွားသည်။ တကယ့်ကောင်မလေးပဲ။ အဝတ် အစားက ခပ်နွတ်နွတ် ခပ်နွမ်းနွမ်းလေး ဖြစ်နေပေမယ့် မျက်နှာ လေးက ချောနေ၏။ ဒါကြောင့်လည်း သားလူပျိုရှိနေတဲ့ အန်တီ



ချိုချိုက မပတ်သက်စေချင်တာပဲ ဖြစ်နိုင်သည်။

"မင်းနာမည် ဘယ်သူလဲ"

"ကေတုဝတီ"

"ဘာ…ကေတုမတီတဲ့လား၊ မင်းက တောင်ငူကလား"

"ကေတုမတီမဟုတ်ပါဘူးရှင်၊ ကေတုဝတီပါ၊ အလွယ် တကူ ကေတုလို့ပဲခေါ်နိုင်ပါတယ်၊ အရေးကြီးတာက ဒီအိမ်ရှင် အန်တီကြီး ကျေနပ်အောင်ပြောပေးပါနော် အစ်ကိုကြီး"

"ဒီမှာ"

"ရှင်"

"ဒီအိမ်ကဖောက်သည်ပျက်သွားရင်လည်း ကိုယ်တစ်အိမ် စပ်ပေးမယ်၊ ပို့ပေးမလား၊ အဲဒီအိမ်က ထွက်သမျှဂျာနယ်ယူမှာ တစ်နေ့ သုံးစောင်လောက်ပို့ပေးရမယ်ထင်တယ်"

"ပို့ပေးပါ့မယ်၊ ကေတုကို စပ်ပေးပါနော်၊ ဖောက်သည် အိမ်တိုးတာ ပျော်လိုက်တာ၊ ကျေးဇူးတင်ပါတယ်နော်၊ သွားလိုက် ပါဦးမယ်၊ ပို့ပေးရမယ့်ခြံရဲ့ လိပ်စာလေး"

"မဝေးပါဘူး၊ ဒီခြံနဲ့ ငါးခြံကျော်ပဲ၊ အမှတ် (   )"

"ဟို…ဟို သူတို့က ယူပါ့မလား၊ တော်ကြာ ကေတု

www.burmeseclassic.com

www.burmeseclassic.com



သွားဖို့ရင် အော်ငေါက်လွှတ်မှာကြောက်လို့ပါ''

''မလွှတ်ပါဘူး၊ အဲဒီခြံက ဂျာနယ်ပို့တဲ့လူ ရှာနိုင်းထားတယ်လေ၊ လူသစ်တွေ''

''ဟုတ်ကဲ့...ဟုတ်ကဲ့၊ သွားပို့ပါ့မယ်၊ ဒီကစပ်ပေးတဲ့အစ်ကိုကြီးမျက်နှာမပျက်ရအောင် ဒီတစ်ခါတော့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံပါ့မယ်''

''ဟော့...မင်းကိုယ့်နာမည်ကိုရော မမေးတော့ဘူးလား''

''ဩော်...ရပါတယ်၊ သိစရာမှမလိုတာ၊ မသိချင်ပါဘူး၊ အခုလိုကူညီတာပဲ ကျေးဇူးအရမ်းတင်ပါပြီ''

ကောင်မလေး ထွက်သွားသည်။ မာနတော့ရှိသားပဲ။ မလိုအပ်တာတွေ မစပ်စုတဲ့သဘောပဲ။ မဆိုးပါဘူး၊ အလုပ်သဘောကလွဲပြီး ဘာကိုမှ စိတ်မဝင်စားဘူးထင်တယ်။ သူကားပေါ်ပြန်တက်ပြီး ဟွန်းတီးလိုက်သည်။ စောစောက ကောင်မလေး ခြံဝပိတ်ထိုင်နေလို့ သူက ရှိရှိသေသေ ကားပေါ်မှဆင်းပြီး ဖယ်နိုင်းဖို့ဖြစ်သည်။

''တီ...တီ''

''တီ''



ခြံစောင့်ကြီးက ခြံတံခါးကို ပြေးဖွင့်ပေးသည်။ သူ ခြံထဲသို့ ကားမောင်းဝင်လာခဲ့၏။ တိုက်ထဲဝင်လိုက်သည်နှင့် အန်တီချိုချိုက သူ့ကို ဆီးကြိုနေသည်။

''မောင်သိခ်လာတာနဲ့ အတော်ပဲကွယ်၊ အန်တီလည်း အခုပဲ ဖုန်းဆက်ခေါ်တော့မလို့၊ မင်းအဘိုး ချော်လဲတာ ခါးနာသွားလို့လေ''

''ဗျာ''

''ဟို ဂျာနယ်လာပို့တဲ့ ရှပ်ပလာကောင်မလေးလေ၊ ရှေ့မကြည့် နောက်မကြည့်နဲ့ ဂျာနယ်တွေကိုလိပ်ပြီး ခြံထဲစွတ်ပြစ်လိုက်တာ မင်းအဘိုး ခြံထဲဆင်းပြီးထိုင်နေတာ မှန်လို့ ခါးနာသွားတယ်''

ကောတုပဲ။ အန်တီချို စိတ်ဆိုးမယ်ဆိုလည်း စိတ်ဆိုးချင်စရာ။ အသက်ရှစ်ဆယ်ကျော် အဘိုးလဲကျတော့ ခါးနာသွားပုံပင်။ အိပ်ရာပေါ်မှာ လဲနေသည်။

''တော်တော်အမြင်ကတ်စရာကောင်းတဲ့ ကောင်မလေး၊ ဒေါသဖြစ်လိုက်တာ၊ ဘယ့်နယ် မိန်းကလေးဖြစ်ပြီး ဒီလောက်ပေါ့ပျက်ပျက်လုပ်စရာလား၊ ပြီးတော့ မိန်းကလေးဖြစ်ပြီး ဂျာနယ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့နေတယ်၊ လုပ်စရာအလုပ် ဒီလောက်ရှားလား”

အန်တီချိုကတော့ ဒေါသတကြီး ပြောဆိုရင်း သိန်းအား အဘိုးကို ဆေးရုံပဲ တန်းပို့ရမလားဟု မေးသည်။ အန်တီချိုက နဂိုကမှ အဖေဆိုရင် သဲသဲလှုပ်။ ဖခင်ကို ဂရုစိုက်တတ်၏။ အဘိုးက ဘာမှမဖြစ်ပေ။ ခါးက နည်းနည်းလေးတော့ မျက်နေသည်ဟု ပြောသည်။

“သိန်း အဘိုး ဘာမှမဖြစ်ပါဘူးကွယ်၊ နည်းနည်းပါ၊ သမီးချိုက စိတ်ပူနေတာပါ၊ အဘိုးပြောပါတယ် နည်းနည်းပါလို့”

သူစမ်းသပ်လိုက်တော့ အဘိုးခါးက နည်းနည်းလေးနာနေသည်။ တခြားစမ်းသပ်မှုတွေ အကောင်းပဲ။ မင်းလုပ်ရပ်က အန်တီချို့ကို တောင်းပန်ဖို့တောင် တော်တော်ခက်တဲ့လုပ်ရပ်ပဲ ကေတု၊ အဘိုးကြီးက ဒီခြံကလူတွေ သည်းသည်းလှုပ်လှုပ် ဂရုစိုက် ခြင်းခံရသည့် မိသားစုအချစ်တော်ကြီး။ သူ အန်တီချိုကို ဖျောင်းဖျ ပြောဆိုဖို့ပင် ခက်နေသည်။

“အန်တီ့ဖေဖေ တစ်ခုခုဖြစ်သွားရင်တော့ ဒီကောင်မလေးကို တရားစွဲပစ်မယ်၊ အရင်က ကြည့်စမ်း လူကြီးတစ်ယောက် ထိုင်နေတာ မလေးမစားနဲ့”





“စောစောက အဲဒီကောင်မလေးကို ခြံဝမှာ ကျွန်တော် တွေ့ခဲ့တယ် အန်တီချို၊ တောင်းပန်ချင်လို့တဲ့၊ အရေးကြီးတဲ့ သင်တန်းသွားစရာရှိလို့ အလောတကြီး ပစ်လိုက်မိတာပါတဲ့”

“မရဘူး…ဘယ်လိုပဲ တောင်းပန်တောင်းပန် လုံးဝကို ခွင့်မလွှတ်နိုင်ဘူး၊ ဒီကောင်မလေး သူ့ဒွေးရပ်ကွက်ထဲလာပြီး ဂျာနယ် ပို့တာ အကြောင်းရှိရမယ် သိန်း၊ မရိုးသားနိုင်ဘူး”

သိန်းမပြောချင်တော့။ အန်တီချိုမှာ သားရှိသည်။ ဒါကြောင့်ပဲ ကောင်မလေးကို အမြင်ကတ်နေတာပဲဖြစ်နိုင်၏။ သမီးက သိန်းသူငယ်ချင်း နွေးနွေးချို။ သူက ဒေါက်တာ မြတ်သိန်း။ အန်တီချိုသား သူရိန်ချိုက မန္တလေးကအဘွားဆီမှာ အလည်သွားနေသည်။

“ဘယ်လိုလဲ၊ ဒေါက်တာကြီး ရောက်နေတာကိုး၊ အဘိုး ဘာဖြစ်လို့လဲဟင် မေမေ”

“ဒီမှာလေ သမီးအဘိုးက ခြံထဲဆင်းချင်တယ်ဆိုလို့ မေမေ က ဆင်းပေးပြီး အိမ်ထဲခဏဝင်လိုက်တာ၊ ဟို ဂျာနယ်ပို့တဲ့ ကောင်မလေးလေ ဂျာနယ်အလိပ်နဲ့ ရမ်းပစ်လိုက်တာ လဲကျသွား လို့”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…အဘိုး ဘယ်လိုဖြစ်ရတာလဲ၊ ဒီကောင်မလေးက ဂျာနယ်လာပို့တာ နှစ်ရက်ပဲရှိသေးတယ် တော်တော် ရှုပ်ပလာမလေးပါပဲ၊ မိန်းကလေးလုပ်မယ့် အလုပ်မဟုတ်ဘဲ လုပ်နေတာပေါ့ပျက်ပျက်ကောင်မလေးပဲဖြစ်မှာပေါ့ မေမေ"

အန်တီချိုရော နွေးပါ ကေတုအား ဝိုင်းဝန်းအပြစ်တင်ပြောဆိုကြိမ်းမောင်းနေကြ၍ ကေတု တောင်းပန်ခိုင်းတဲ့စကားတွေကို မပြောပြဖြစ်တော့။ ဒီကောင်မလေးကို ကြည့်ရတာ ဘဝကိုအတော်လေး ရုန်းကန်နေရပုံပင်။ ကေတုအကြောင်းတွေးမိတိုင်းသူ့ရယ်ချင်နေသည်။ အဘိုး စိုးရိမ်စရာမရှိပါဘူးဟုပဲ ပြောပြီးသိန်ပြန်လာခဲ့၏။ ခြံဝရောက်တော့ စွာတေးလန်မလေးကေတုကိုသတိရပြီး သိန်ပြုံးလိုက်မိသည်။

❖ ❖ ❖



## အခန်း (၂)

"ကေတု"

"ဟင်"

"နင် အလုပ်ကို ဘာဖြစ်လို့ သေသေချာချာ မလုပ်ရတာလဲ၊ အခုဖောက်သည်ပျက်ပြီ၊ အဲဒီခြံက ထွက်သမျှဂျာနယ် အကုန်ယူတာဟ"

"သေချင်တာပဲ အုပ်စိုးရယ်၊ ကေက သင်တန်းနောက်ကျနေလို့ ထွက်သမျှဂျာနယ်တွေလိပ်ပြီး ပစ်လိုက်တာ"

"သေလိုက်၊ ဒီလောက်အများကြီး"

"ဟုတ်တယ်၊ ငါလေ သားရေပင်နဲ့ကို သေသေချာချာ စည်းပြီး ခြံထဲပစ်ထည့်လိုက်တာဟ၊ အရင်က ဘယ်သူမှမရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ"

"နင် ခြံတံခါးမှာ ညှပ်ထားခဲ့ပါလား"

"မနေ့ကတော့ ကေ ခြံဝမှာညှပ်ခဲ့တော့ နောက်တစ်ခါ တံခါးမှာမညှပ်ပါနဲ့တဲ့၊ သူများတွေယူသွားလို့တဲ့၊ ခြံထဲပဲ ပစ်ထည့်ထားခဲ့ပါတဲ့လေ"

"အခု ဖောက်သည်ပျက်ပြီမဟုတ်လား ကေတု"

"မဟုတ်ပါဘူး၊ ကေတုပဲဟာ အခု နောက်ထပ်ဖောက်သည်အသစ်တောင် ထပ်တိုးလာသေးတယ် အုပ်စိုး"

"ဘာ"

"ဒီမှာလေလိပ်စာ၊ တော်ဝင်နွယ်ခြံထဲကထက် ပိုပြီးဂျာနယ်ဖတ်တယ်တဲ့ဟ"

"ပြစမ်း"

"ဒီမှာ"

"ဟုတ်ပါ့မလားဟ၊ ဒီလိုလူတွေနဲ့ ဆက်ဆံရင် သတိထားရတယ်ဟ၊ နင့်ကိုငါ ပြောထားတာပဲ၊ ရှိရှိသေသေနဲ့ စည်းကမ်းရှိရှိ ဆက်ဆံရမယ်လေ"

"အင်းပါဟာ…နောက်ဆို သတိထားပါ့မယ်၊ ဒီအလုပ်



ကိုတော့ ပြန်မယူနဲ့နော်၊ တခြားအလုပ်တစ်ခု မရခင် ငါ့မှာ ဝင်ငွေရှိမှဖြစ်မှာဟ"

"အေးပါ…ဒါကြောင့် နင့်ကိုသတိပေးနေတာပေါ့၊ အလုပ်ကို ရိုသေစမ်းပါဟာ၊ ဒီအလုပ်က မိန်းကလေးတွေ သိပ်မလုပ်တော့ ပတ်ဝန်းကျင်အမြင်မှာ တစ်မျိုးမြင်နိုင်တယ်ဟ"

"ဟုတ်တယ်နော်"

ခြံဝမှာ အိမ်ရှင်အဘွားကြီးရဲ့သားနဲ့ တွေ့တယ်ဆိုတော့ အုပ်စိုးက တော်ဝင်နွယ်ခြံကြီးထဲမှာ၊ အဘွားကြီးနဲ့ သားငယ်က မန္တလေးမှာတဲ့။ သမီးကြီးပဲရှိသည်တဲ့။ ကေတုအံ့သြသွားရသည်။ ဒီလူက တော်ဝင်နွယ်မှ ဟုတ်ရဲ့လား။ ကေတုကလည်း စိတ်ကြီးပြီး သူ့စကားကို ဆုံးအောင်နားမထောင်ဘဲ တောင်းပန်စကားတွေပဲ ပြောနေသည်။ ပြီးတော့ သူ့ကို ကေတု အထင်မှားပြီး မှိုချိုးမျှစ်ချိုးပြောဆိုပစ်တာတွေကို တွေးမိတိုင်း အားနာနေရ၏။ ကေတုအကျင့်ကိုက ရှုပ်ပလာ ရှုပ်ပလာနဲ့ မဆင်မခြင် ပြောဆိုတတ်တာကြီးကိုက မှားသွားသည်။ အားနာလိုက်တာနော်၊ အုပ်စိုးအား အကျိုးအကြောင်းပြောပြပြီး ကေတု အိမ်ပြန်လာခဲ့သည်။

"အမေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ကေတု သမီးသင်တန်းတွေတတ်တာ အဆင်ပြေရဲ့လားကွယ်၊ အလုပ်လျှောက်ထားတာရော ရပြီလား၊ အမေတော့ ကိုယ့်ကျန်းမာရေးကိုပဲတွေးပြီး စိတ်မကောင်းဖြစ်ရတယ်"

အမေက ကေတု ဂျာနယ်လိုက်ပို့နေတာ မသိ။ သမီးအား အလုပ်ကြမ်းတွေလုပ်ရမှာ အမေ အစိုးရိမ်ဆုံးပင်။ အမေလေဖြတ်ချင်သလိုဖြစ်သွား၍ အိပ်ရာထဲလဲနေသည်။ အမေ့ကိုဆေးကုဖို့ ကေတု ငွေရှာနေတာပါ။ အုပ်စိုးဆီက ရထားတာ။ အုပ်စိုးက ရပ်ကွက်တွေအများကြီးရှိတယ်။ သူ့ငွေးရပ်ကွက်ပဲ ကေတုကိုပေးတာပါ။ အမေ့အနားမှာ ဝင်ထိုင်သည်။

"အမေ့ကြောင့် ကေတုပင်ပန်းနေပြီလားကွယ်"

"အမေကလည်း ကေတုမှာ ပင်ပန်းစရာ ဘာမှမရှိပါဘူးနော်၊ ဘွဲ့ကောင်ရတော့မယ့်ဟာကို အခု ကေတုလုပ်ရတဲ့ကုမ္ပဏီက တက်လမ်းတွေအများကြီးရှိပြီး ပင်လည်းမပင်ပန်းဘူးလေ"

"အေးပါကွယ်...သမီးလေး အရည်အချင်းရှိတာ အမေယုံပါတယ်၊ ကဲ ရေချိုးတော့ ညစာစားရအောင်"

"ဟုတ်ကဲ့"

ကေတုက ပျော်သလိုပဲ နေတတ်တာ အမေအကျင့်လုပ်





ပေးထားတာလေ။ ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ်လေး ဝတ်ဆင်ပြီး နေချင်သလိုနေပေမယ့် ကေတုမာနကိုတော့ လာမထိနဲ့။ အုပ်စိုးလို ပြောမနာဆိုမနာကောင်တောင် ကေတုကို ရိသဲ့သဲ့လာပြောတာနှင့် အသေပဲ။ ကေတု ရေချိုးလိုက်သည်။ အမေက အလုပ်အကိုင်တွေ တဖြည်းဖြည်းလုပ်ကိုင်လာနိုင်၍ ထမင်းပွဲပြင်ထား၏။ အမေက အလုပ်လုပ်မှ ကျန်းမာတာပဲ ပြော၍ ကေတုလည်း မတားတော့ဘဲ လွှတ်ထားလိုက်သည်။

"လာ...သမီးလေး"

"ဟုတ်ကဲ့"

"ဒီမှာလေ ကေတုလေးကြိုက်တဲ့ ကြက်သားပေါင်း၊ အမေ သေသေချာချာချက်ထားတာလေ"

ကေတုက ဆင်းရဲပေမယ့် အစားအသောက် ကောင်းကောင်းတွေကိုတော့ ကြိုက်မိသည်။ အမေကလည်း ချက်ကျွေးတတ်၏။ ကေတုအကြိုက်ပဲ။ ထမင်းပွဲမှာထိုင်ပြီး အမေပျော်ရွှင်ကျေနပ်စေရန် ကေတု ထမင်းကို အားပါးတရစားပစ်လိုက်သည်။

"စားလို့ကောင်းလားဟင် ကေတုလေး၊ အမေ အလုပ်မလုပ်နိုင်တော့လို့ ကေတုလေးကြိုက်တဲ့ အကောင်းစားဟင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ချက်မကျွေးနိုင်ဘူးကွယ်''

''ကေတုက ကြေးမများပါဘူးအမေရာ အခြေအနေအရပါ၊ ကောင်းကောင်းမစားရလည်း ဘာမှမဖြစ်ပါဘူး''

''လိမ္မာတဲ့သမီးလေး၊ တော်လည်းတော်တယ်၊ ထက်လည်းထက်တယ်၊ အမေစိတ်ချမ်းသာလိုက်တာ''

အမေပျော်တော့ ကေတုလည်း ပျော်မိသည်။ ကေတု ရှာဖွေကျွေးမွေးစောင့်ရှောက်ရမယ့် အလှည့်မှာ အမေ့ကို ပျော်ရွှင်ငြိမ်းချမ်းစွာ စားသောက်နေစေချင်ပါတယ်။ ထမင်းစားပြီးတော့ ကေတု အခန်းလေးထဲ ဝင်လာခဲ့သည်။ ကေတု မနက်ဂျာနယ်ပို့ပြီး တစ်နေကုန် အခမဲ့သင်ပေးတဲ့ သင်တန်းတွေမှာ လိုက်တက်နေ၏။ ကေတု မရှက်ပါဘူး။ ကောင်းရောင်းကောင်းဝယ် လုပ်စားတာပဲဟာ။ လောလောဆယ် ဝင်ငွေရတဲ့အလုပ်က မလွယ်သဖြင့် သူငယ်ချင်းအုပ်စိုးအား အနိုင်ကျင့်ပြီး ဝင်ငွေရှာနေခြင်းဖြစ်သည်။

''မဖြစ်ဘူး၊ အလုပ်တစ်ခုခုတော့ အမြန်ရှာရမယ်၊ ကေတု ဒီလိုအလုပ်မျိုးတွေလုပ်နေတာ အမေသိသွားရင် စိတ်ထိခိုက်ပြီး သေလိမ့်မယ်''

ကေတုက ဘဝကို ရှုံးကန်ရမှာ မကြောက်ပါဘူး။





ဘာဖြစ်လဲ ကိုယ်ကျရာဘဝမှာ ပျော်သလိုနေဖို့ပဲ လိုအပ်တယ်။ ကေတုအိပ်ဖို့ မျက်လုံးတွေကိုမှိတ်မှ ဟိုလူ့ကို မြင်ယောင်နေသည်။ လူချောပဲ။ ကေတု တွေ့မြင်ဘူးသမျှမှာတော့ တော်တော်ခန့်တယ်။ ပန်းတော်ဝင်ခြံကြီးထဲကလူတွေ အိမ်အလုပ်သမားတွေကအစ ကြီးကျယ်ခမ်းနားနေကြတယ်။ ဒီလူကတော့ သိပ်ပြီး မကြီးကျယ်သလိုပဲ။ ကေတု စွပ်စွပ်စွဲစွဲနဲ့ ပြောချင်တာတွေပြောနေတာကို ဒေါသတကြီး မာန်မာနတွေနဲ့ မတုံ့ပြန်ဘူး။ ဖောက်သည်အိမ်တောင် စပ်ပေးလိုက်သေးတယ်။ ကေတုကို့ အော်ဟစ်ကြိမ်းမောင်းထုတ်လိုက်တဲ့ အန်တီကြီးနဲ့ ရုပ်ရည်လည်းမတူဘူး။ ဒီတစ်ခါ သူစပ်ပေးတဲ့အိမ်ကိုတော့ တရိုတသေနဲ့ သတိထားဆက်ဆံရမယ်။ တော်ဝင်နွယ်ခြံကြီးကို မပို့တော့ဘူး။ နေပေါ့၊ ကေတု နမော်နမဲ့လုပ်တာ မှားသွားပေမယ့် မတူမတန်သလို အော်ဟစ်မောင်းထုတ်ဖို့တော့ မကောင်းပါဘူးလေ။ ကေတု အိပ်ပျော်အောင်ပဲ ကြိုးစားလိုက်သည်။

''ကေတုရေ သမီးလေး ထတော့လေ၊ အလုပ်သွားရဦးမယ် မဟုတ်လား''

''ဟုတ်ကဲ့ အမေ''



www.burmeseclassic.com

www.burmeseclassic.com



အမေနိုးမှ ကေတု အိပ်ရာကနေ လူးလဲထလိုက်တော့ ဘယ်နှနာရီလဲဆိုတာ ကြည့်စရာနာရီပင်မရှိ။ နို့းစက်လေးတစ်လုံး လောက်တော့ လိုချင်လိုက်တာ။ လက်ပတ်နာရီလေးတစ်လုံး လောက်ရှိရင်လည်း ကောင်းမှာပဲ။ ကေတု အိပ်ရာကထသည်။

"ဒေါ်လေးသွဲ့ရေ…ကေတုနိုးပြီလား၊ ဒီနေ့လည်း အိပ်ရာ ထနောက်ကျပြန်ပြီလား"

အိမ်ပေါ်ကို ဂျာနယ်တွေ တပွေ့တပိုက်ကြီးနှင့် အုပ်စိုး တက်လာသည်။

"နိုးပြီ မောင်အုပ်စိုးရေ၊ မင်းရော ဂျာနယ်တွေလိုက်ပို့ တော့လေ"

"ဟုတ်ကဲ့ ပို့မှာပါ၊ ကေတုကို ပြောစရာရှိလို့ ဝင်လာတာ ပါ ဒေါ်လေးသွဲ့၊ ကေတု မြန်မြန်လုပ်လေ နင်သင်တန်းတွေလည်း သွားရဦးမယ်၊ အလုပ်တွေလည်း နောက်ကျနေပြီဟ"

"အေးပါဟ…ငါသိပါတယ်၊ ငါက ညဆိုရင် စာမေးပွဲ တစ်ခုအတွက် စာတွေကျက်နေရလို့ပါဟာ"

အုပ်စိုး ဂျာနယ်တွေယူပြီး ရောက်လာတာ ကေတု မျက်လုံး တော့ပြူးသွားရသည်။ အမေသိသွားရင် ဒုက္ခပဲ။ အရင်က အုပ်စိုး

စိုး:မိုး:၀၁၄ပ



လမ်းထိပ်ကပဲ စောင့်နေတာ၊ ကေတုမျက်နှာသစ် အဝတ်အစားလဲ ပြီး အမေ့ကို နှုတ်ဆက်ကာ ထွက်လာခဲ့သည်။

"နင်ကလည်း ဘာဖြစ်လို့ အိမ်လာရတာလဲဟ၊ အမေ သိသွားရင် ဘယ်လိုလုပ်မလဲ"

"ငါ စိတ်ပေါက်ပါတယ် ကေတုရ၊ နင်နောက်ကျနေ တော့ ငါလိုက်လာရတာပေါ့"

"ငါ နိုးစက်လေးတစ်လုံး လိုချင်လိုက်တာ"

"ကေတု"

"ဟင်"

"နင့်ကို နမော်နမဲ့တဲ့၊ ရုပ်ပလာ ရုပ်ပလာမလုပ်ဖို့ ငါလာ သတိပေးတာဟ၊ ပြီးတော့ နင့်အတွက် အလုပ်တစ်ခု ပြောထား တယ်"

"ဟုတ်လား"

"ဒီဂျာနယ်ပို့တာက မိန်းကလေးတစ်ယောက်နဲ့ မသင့် တော်ဘူးလေ၊ နင်ပင်ပန်းမှာစိုးလို့ပါ"

"ရပါတယ်ဟ၊ ဘာဖြစ်လဲ၊ ပိုက်ဆံရမယ့်အလုပ်ဆိုရင် လုပ်မှာပဲ၊ ရိုးရိုးသားသား ရှာဖွေတာလေ"

စိုး:မိုး:၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ နင့်ကို ကောင်းကောင်းမွန်မွန်နဲ့ အေးအေး ချမ်းချမ်း လုပ်ရမယ့်အလုပ်လေးတစ်ခုမှာ ဝင်လုပ်စေချင်တာ"

"ဘဝဆိုတာ ဒီလိုပဲ၊ ရုန်းကန်ရမှာပဲလေ၊ ငါ့ကံပဲပေါ့ အုပ်စိုးရ၊ ဒါပေမယ့် ကေတုကိုတော့ လျှော့တွက်မထားနဲ့နော်၊ ရည်မှန်းချက်ကကြီးတယ်ဟ"

"သိပါတယ်၊ အန်ကြီးကွင်းကျယ်ရယ်၊ နင် ဂျာနယ် ပို့တဲ့အလုပ်ကို လုပ်ချင်ရင်လည်း အမှားအယွင်းမရှိအောင် လုပ်ဟ၊ နင်ပို့နေတဲ့နေရာက လူကြီးလူကောင်းဟ"

"ပေးစမ်းပါဟာ ငါ့အတွက်ကိုယ်တာတွေ၊ နင်သိပ်စကားများတာပဲ"

"ကေတု"

"ပြော"

"တော်ဝင်နွယ်ကို မပို့နဲ့တော့၊ အဲဒီအိမ်ကအဘိုး ခါးကျိုး သွားတယ်ဆိုလားပဲ"

"ဘာ"

"အဲဒီအိမ်က အလုပ်သမားကောင်မလေးနဲ့ လမ်းမှာ ငါနဲ့ တွေ့တာဟ၊ နင့်ကြောင့် အဘိုးကြီး လဲကျသွားပြီး ခါးမျက်သွား





တယ်တဲ့၊ နင့်ကို အားလုံးက ဒေါသထွက်ပြီး လုံးဝခွင့်မလွှတ်ဘူး တဲ့"

ဟိုလူ ကေတုကို မတောင်းပန်ပေးဘူးလား။ စိတ်မ ကောင်းလိုက်တာ။ ကေတုကလည်း ကေတုပဲ တိုက်ထဲအထိဝင်ပြီး ကိုယ်တိုင်ကိုယ်ကျပင် သွား၍တောင်းပန်ပစ်ချင်လာရသည်။ ကေတု နဲ့တွေ့ခဲ့တဲ့ လူကတော့ စိတ်သဘောကောင်းပုံပါပဲ။ သူမလုပ်ရပ် အတွက် ကေတု နောင်တရနေ၏။ ကေတု အမှားပဲ။ ဘယ်လိုပဲ တောင်းပန်ရတောင်းပန်ရ တောင်းပန်ချင်နေသည်။

"ရှော့...နင့်အတွက်ဂျာနယ်တွေ၊ စောစောပို့နိုင်အောင် ကြိုးစားပါ ကေတုရာ၊ နင့်အတွက် ငါစိတ်ပူတယ်"

"အဟဲ...ဘာမှပူမနေနဲ့အုပ်စိုး၊ ငါ့အတွက်သာ လိုက်ပူ နေရင် နင် အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အဘိုးကြီးဖြစ်သွားလိမ့် မယ်"

ကေတုက ပြောပြောဆိုဆိုနှင့် စက်ဘီးပေါ် လွှားခနဲခုန် တက်မောင်းသွားသည်။ အုပ်စိုး စိတ်ပူနေရ၏။ ကေတုက ဆတ်ဆတ်ထိမခံ ကောင်မလေး။ ဘဝအတွက်တော့ အားမာန် အပြည့်နှင့် ကြိုးစားရုန်းကန်နေသူပင်။ စိတ်တော့မာသည်။ ငယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ငယ်ချင်း ကောင်မချောလေး ကေတုကို အုပ်စိုး သူငယ်ချင်းအဆင့် ထက်ပိုကာ သံယောဇဉ်တွယ်နေရပေမယ့် အရိပ်အယောင်လေး တစ်စွန်းတစ်စပင် မပြရဲ။ ကေတုက ယောကျ်ားတွေကို သိပ်ပတ်ပတ်သက်သက်မလုပ်။ ဘဝမှာ ရုန်းကန်ကြိုးစားနေရလို့ ရည်းစားထားဖို့ လုံးဝစိတ်မကူးဘူးတဲ့။ အုပ်စိုးလည်း ဘဝကို ရုန်းကန်နေရတာပဲ။ အုပ်စိုး စက်ဘီးပေါ်တက်ပြီး သူ့အလုပ်သူလုပ်ဖို့ ထွက်လာခဲ့သည်။

❖ ❖ ❖

## အခန်း (၃)

ကျယ်ဝန်းခမ်းနားလွန်းတဲ့ ခြံကြီးရဲ့ ဂိတ်ပေါက်တံခါးကြီးက လှပခန့်ညားစွာ သံပန်းတံခါးကြီးနှင့် ပိတ်ထားသည်။ ကေတု အတွင်းသို့ငေးကြည့်ရင်း လူရှာမိ၏။ အထဲသို့ မရှိမသေ မပြစ်ရဲတော့။ ခြံဝတွင် ဒေါက်တာသိန်းသူဟု ရေးထားသဖြင့် ဆရာဝန်တစ်ယောက်ရဲ့အိမ်ဟု တွေးမိသည်။

"အိမ်ရှင်တို့…ဒီမှာရှင့် အိမ်ရှင်တို့၊ ဒီမှာရှင့်"

ခြံဝမှာပဲ ညှပ်ထားခဲ့ရမလား၊ စာစောင်တွေ ပျောက်တတ်တယ်တဲ့။ သူမ ထပ်ပြီးအသံပေးလိုက်သည်။ တိုက်ကြီးထဲမှ လူတစ်ယောက်ထွက်လာသဖြင့် ကြည့်လိုက်တော့ သူမမျက်ဝန်းလေးတွေ ပြူးကျယ်သွားရ၏။ တော်ဝင်နွယ်ခြံကြီးထဲကလူပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီကိုလာလည်တာလား။ ခြံ၀ကို လျှောက်လာနေသည်။

"ဩော်…အစ်ကိုကြီးကိုး၊ ဒီအိမ်ကို လာလည်တာလား ဟင်၊ အိမ်ရှင်တွေရှိလား၊ နောက်နေ့တွေ ခြံထဲပစ်ထည့်ခဲ့ရမလားလို့ မေးချင်လို့ပါ၊ ဟိုလေ အစ်ကိုကြီး ဟိုအန်တီကိုတောင်းပန်ဖို့ အကူ အညီတောင်းထားတာ ဘယ်လိုလဲဟင်"

"ကိုယ်က ဒီအိမ်ရှင်လေ"

"ရှင်"

"ဒေါက်တာသိန်း၊ အင်းလေ နာမည်ကို မင်းစိတ်မ၀င် စားပါဘူး၊ နောက်နေ့ ဂျာနယ်ကို လူမတွေ့ရင် ခြံထဲပဲပစ်ထည့် ထားခဲ့ပါ၊ မင်းအတွက် ကြိုတင်ဂျာနယ်ဖိုးငွေ၊ ကိုယ်က အလုပ် မအားဘူး၊ နေ့စဉ် မရှင်းနိုင်ဘူး၊ သုံးလခ"

"ရှင်"

"ဘာရှင်လဲ…ငွေကြိုပေးထားတာ၊ ကြိုတင်ငွေကုန်သွား မှ ငွေရှင်းမယ်၊ ကိုယ်တို့အိမ် နေ့စဉ်ပို့ရတဲ့ ဂျာနယ်စောင်ရေ မင်းပဲ မှတ်ထားလေ"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

"ကိုယ့်ခြံစောင့်က ခွင့်ယူသွားတယ်၊ ကိုယ်က ဒီမှာ





ထမင်းချက်အဘွားကြီးနဲ့ တစ်ယောက်တည်းနေတာလေ"

"ဟုတ်ကဲ့၊ ကြိုတင်ငွေက ဘယ်လောက်လဲရှင့်"

"တစ်သိန်းပါ"

"ရှင်…များပါတယ်၊ အဲဒီလောက်ကြီးဆိုရင်"

"ယူပါ…မများပါဘူး၊ တစ်နေ့တစ်နေ့ ကိုယ်ယူတဲ့ ဂျာနယ်ဖိုးက နည်းမှမနည်းတာပဲ၊ နှစ်လလောက်နဲ့ ပြတ်မှာပါ ကေတု"

ကေတုကတော့ ငွေတစ်သိန်းပြည့်အောင် တစ်ခါမှမကိုင် ဘူး၍ အရမ်းများနေသည်ဟု ထင်မိသည်။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ ဂျာနယ်ဖိုးက တစ်လတစ်လ မနည်းဘူးမဟုတ် လား။

ကြိုတင်ငွေရတော့လည်း ကေတု သံပတ်နာရီလေးတစ်လုံး ၀ယ်ဖို့ စိတ်ကူးမိသွားသည်။ ကေတုက အိပ်ရာထနောက်ကျတတ် တယ်။ ၀မ်းသာလိုက်တာ။ တော်တော်သဘောကောင်းတာပဲ။ ဒီလိုဖောက်သည်မျိုး အများကြီးရရင် ကောင်းမယ်။ ဒီရပ်ကွက်က တော့ ငွေမှန်တယ်။ တောင်းရတာလည်း မခက်ဘူး။ ဒါကြောင့် လည်း အုပ်စိုးက ကေတုကို ပေးထားတာ။ အိမ်ရှင် ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



သိခ်အား ကျေးဇူးတင်ကြောင်း တရိုတသေပြောရသည်။

"ကျေးဇူးတင်ပါတယ်နော် ဒေါက်တာ၊ ကေတု အချိန်မှန်မှန် စောစောလေးရောက်အောင် ပို့ပေးပါ့မယ်"

"ကောင်းပါပြီ ကေတု"

"ခွင့်ပြုပါဦး"

ဒေါက်တာသိခ်က ငွေတစ်သိန်း ကြိုတင်ပေးလိုက်၍ ကေတု အရမ်းပျော်နေမိသည်။ နာရီဝယ်ရမယ်။ နှိုးစက်ပါတဲ့နာရီရယ်၊ လက်ပတ်နာရီလေးတစ်လုံးရယ်၊ အမေ့အတွက်လည်း ဆေးဝယ်ရမယ်။ ဝမ်းသာလိုက်တာ၊ ကျေးဇူးပါပဲ။ ငွေကြိုတင်ပေးလို့ပါ။ ကေတု ဒီနေ့ဂျာနယ်ပို့ရတာ တက်ကြွလန်းဆန်းနေသည်။

"ကေတု နင်ဒီနေ့တော်တော်ပျော်နေပါလား"

"အုပ်စိုး"

"ဘာလဲ"

"ငါ့ကိုလေ…ဟိုဖောက်သည်အသစ်က ကြိုတင်ငွေတစ်သိန်း ပေးလိုက်တယ်၊ ဂျာနယ်ဖိုးကို နေ့စဉ်မရှင်းနိုင်လို့တဲ့"

"ကောင်းတာပေါ့ ကေတု၊ နင်ကံကောင်းတာပဲ၊ နင်လိုအပ်တာလေးတွေ ဝယ်လေ"

ဝိုး:ပိုး:၈၇၆ပ



"အေး…နှိုးစက်လေးတစ်လုံးရယ်၊ လက်ပတ်နာရီလေးတစ်လုံးရယ်၊ အမေ့အတွက် ဆေးတွေရယ်"

"ကေတု"

"ဟင်"

"နင်အရမ်းပျော်လား"

"ပျော်တာပေါ့၊ ငါ့အတွက် လိုအပ်တာတွေဝယ်မယ်လေ၊ နှိုးစက်လေးက အရမ်းလိုအပ်နေတာဟ၊ ငါက အိပ်ရာထနောက်ကျတယ်၊ ညဆို ညဥ့်နက်အောင် စာကြည့်မိသွားရော၊ နာရီလိုအပ်တယ်လေ"

ကေတု နင်အရမ်းပျော်နေတာပဲ။ နာရီလေးတစ်လုံးလောက်တောင် ကေတုအား လက်ဆောင်မပေးနိုင်၍ အုပ်စိုး ဝမ်းနည်းကြေကွဲရသည်။

"ဒေါက်တာသိခ်သူတဲ့၊ အရမ်းမိုက်တယ်၊ အသက်က မကြီးသေးဘူးဟ၊ ဘယ်ဘဝက ကုသိုလ်တွေကြောင့် ငယ်ငယ်ရွယ်ရွယ်မှာ ဒီလောက်အထိ ချမ်းသာနေရတာလဲ"

"နင်က ဒီလူ့ကို အရမ်းအထင်ကြီးနေလား ကေတု"

"အားကျတာလေ၊ ငါလည်း ဒီလိုဘဝမျိုးနဲ့ မနေဘူး၊

ဝိုး:ပိုး:၈၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



ကြီးပွားတိုးတက်အောင်တော့ ကြိုးစားရမှာပဲ''

''အားကျတာတော့ ကောင်းပါတယ်၊ အထင်တော့ သွားမကြီးနဲ့နော်၊ သူတို့တွေက နင့်လိုကောင်မလေးမျိုးကို အထင် သေးတတ်ကြတာဟ''

''ဘာ…ငါ့ကို ဘာဖြစ်လို့အထင်သေးရမှာလဲ၊ ငါက ရိုးရိုးသားသား ရှာဖွေစားသောက်နေတာပဲ၊ အထင်သေးရဲ လာသေး ကြည့်ပါလား၊ ကေတုအကြောင်း ကောင်းကောင်းသိစေရမယ်''

ကေတုက လူ့လောကကြီးအကြောင်း မသိပေ။ ကေတု မျက်နှာချောချောလေးကို ငေးကြောင်စွာ ကြည့်မိသည်။ ဒေါက်တာ သိန်းဆိုတဲ့လူက ကေတုအား ဘာဖြစ်လို့ ငွေတွေအများကြီး ကြိုပေး ရတာလဲ။ မက်လုံးပေးတာလား။ လူတွေက မယုံရဘူး။ အုပ်စိုးက တော့ ကေတုကို စိတ်ပူရသည်။

''ဟဲ့…အုပ်စိုး၊ နင် ငါ့အတွက် အပိုတွေစိတ်ပူမနေနဲ့၊ ငါ့ကိုယ်ကျင့်တရားကို ဘယ်သူမှ လာထိပါးလို့မရဘူးနော်''

ကေတုကတော့ ဇတ်ဇတ်ကြဲပဲ။ သူမအား စနောက်၍ပင် မရ။ အုပ်စိုးလည်း ကေတုလိုပဲ အခမဲ့ပညာသင်ကျောင်းတွေမှာ သင်တန်းတွေလိုက်တက်နေရတာပဲ။ ကေတုက စိတ်မြင့်တယ်။

ဒိ : မို : ၈၁၆ပ



အရမ်းလည်း ကြိုးစားတယ်။ ပညာရပ်တွေကို ကြိုးကြိုးစားစား နဲ့ လေးလေးနက်နက် သင်ယူသည်။ ကေတု နမော်နမဲ့လုပ်တတ် ပေမယ့် ပေါ့ပေါ့ပျက်ပျက် ကောင်မလေးတစ်ယောက်တော့ မဟုတ် ပေ။ အုပ်စိုးကိုလည်း သူငယ်ချင်းတစ်ယောက်အဖြစ်ထက် ပိုမခင် ပေ။ ကိုယ်ကျင့်တရားတော့မထိနဲ့။

ကေတု ပျော်ပြီးထွက်သွားသည်။

''အုပ်စို…နင်တောင်တောင်မြောက်မြောက်တွေ လျှောက် မတွေးနေနဲ့နော်၊ ငါက ငါ့ရည်မှန်းချက်တွေ မပြည့်မချင်း တခြား ဘာမှမစဉ်းစားဘူးနော်''

ကေတု ထွက်လာခဲ့သည်။ နင်စဉ်းစားနေတာ ငါမသိဘဲ နေမလား အုပ်စိုး။ ငါက သူဌေးသားဆရာဝန်ဆိုတာနဲ့ ငမ်းငမ်း တက်ဖြစ်သွားမယ်ထင်လို့လား။ ဝေးသေးတယ်။ ငါက ရည်မှန်း ချက်ကြီးမားတာနော် အုပ်စိုး။ ကေတု သင်တန်းတွေတက်ဖို့ပြင်ပြီး ထွက်လာသည်။

''ကေတုမတီဘူးနော်''

''ဘာ''

''အဲ့''

ဒိ : မို : ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့နော်…ငါ့ကို ရှုတ်ရှုတ်လာမလုပ်နဲ့၊ ဘာမှတ်နေလဲ သေသွားမယ်"

"ကေတု"

"ဘာလဲ"

"မိတ်ဆွေဖြစ်ချင်လို့ပါ၊ ဒီကောင်က ကားနဲ့၊ ဟမ်းဖုန်းနဲ့ မိဘတွေက ချမ်းသာတယ်"

"ဘာ"

"နင့်ကို မိတ်ဆွေဖြစ်ချင်လို့တဲ့၊ အပူကပ်လို့ဟာ"

"သေလိုက်"

"ကေတု"

"ငါဘယ်သူနဲ့မှ မိတ်ဆွေဖြစ်ဖို့ အချိန်မရှိဘူး၊ ဖယ်နော်"

"အဲဒီလိုမလုပ်ပါနဲ့ ကေတုရာ၊ နင်ကလည်း အခြောက် တိုက် ဘဝင်မြင့်နေတယ်၊ နင်က သူတို့ရပ်ကွက်ထဲမှာ ဂျာနယ်ပို့ နေတာတဲ့"

ကေတု မျက်နှာထားတင်းတင်းနှင့် ခပ်လှမ်းလှမ်းမှာ ကားကိုမှီပြီး ရပ်နေတဲ့လူကို ကြည့်သည်။ ကေတုကို အထင်သေး တာလား။ နင့်ဟာနင်-ဘယ်လောက်ပဲ ချမ်းသာချမ်းသာ အထင်





မကြီးဘူး။ ဝေးသေးတယ်။ ကေတု ချာခနဲလှည့်ထွက်လာခဲ့သည်။

"ကေတု…သူက တော်ဝင်နွယ်ကတဲ့၊ နင့်ကြောင့် သူ့အဘိုး ခါးကျိုးသွားတာတဲ့"

"ဘာ"

တော်ဝင်နွယ်ကဆို၍ ကေတု ခြေလှမ်းက ရပ်သွားသည်။ ဘယ်သူလဲ။ တော်ဝင်နွယ်မှာ ကေတုနဲ့ရွယ်တူ သားတစ်ယောက် ရှိသည်ဟု အုပ်စိုးက ပြောသည်။ ဒီကိစ္စကိုတော့ ကေတု ထိထိ ရောက်ရောက် တောင်းပန်ချင်နေ၏။ အဘိုးရဲ့အခြေအနေကိုလည်း သိချင်သည်။

"သူရိန်တဲ့၊ လာပါဟ ကေတုရ၊ သူက လူကောင်းပါ၊ ရေကြောင်းသိပ္ပံတက္ကသိုလ်ကလေ"

"သူ့ဟာသူ ဘာပဲဖြစ်ဖြစ် ငါစိတ်မဝင်စားဘူး မျိုးခိုင်၊ ဒါပေမယ့် တော်ဝင်နွယ်လူဆိုတော့ စိတ်ဝင်စားလို့"

ကေတု ကားဆီသို့ လျှောက်လာခဲ့သည်။ တော်ဝင်နွယ် ကလူဆိုတော့ အဘိုးအကြောင်း သိချင်နေ၏။ ကေတုမှားတာပဲ ကျေနပ်အောင် တောင်းပန်ချင်သည်။

"သူလေ သူရိန်တဲ့၊ နင် ဂျာနယ်ပို့နေတုန်းက မန္တလေး



www.burmeseclassic.com

www.burmeseclassic.com



မှာသွားနေတာ၊ သူရိန် သူကတော့ ကေတုဝတီတဲ့၊ ကေတုလို့လည်း ခေါ်လို့ရတယ်"

"ကိုယ် သူရိန်ပါ"

"ဩော်…အင်း ကေတုက တော်ဝင်နွယ်ကဆိုလို့ပါ၊ တောင်းပန်ချင်တယ်၊ အဲဒီအချိန်မှာ ကေတုလေ သင်တန်းချိန်နောက်ကျနေလို့ လောလောလောလောနဲ့ ပစ်လိုက်မိတာပါ၊ ခြံဝမှာ ညှပ်ထားဖို့ကလည်း ပျောက်တတ်တယ်ဆိုလို့ပါ"

"မေမေကတော့ အရမ်းစိတ်ဆိုးနေတယ်၊ ခွင့်မလွှတ်နိုင်အောင်ပဲ ကေတု၊ အဘိုးက သက်သာပါတယ်"

"ကေတု တောင်းပန်ပါတယ်နော်၊ အရမ်းအရေးကြီးလို့ ပစ်ထည့်လိုက်တာပါ၊ ဟိုနေ့တွေကလည်း ကေတု ပစ်ထည့်နေကျမို့ပါ"

"မေမေက ဂျာနယ်ပို့တဲ့ ကောင်မလေးက တကယ့်ရုပ်ပလာမလေးတဲ့၊ တော်တော်ရိုင်းစိုင်းတယ်တဲ့၊ မနက်က ကေတု ဂျာနယ်ပို့တော့ ကိုယ့်မမက ပြတာလေ၊ ကိုယ်ကတော့ အရမ်းခင်သွားတယ်၊ မိတ်ဆက်ချင်လို့ မျိုးနိုင်ကို အကူအညီတောင်းရတာပါ"





"အန်တီ့ကိုရော အဘိုးကိုရော ကေတုကိုယ်စား တောင်းပန်ပေးပါနော်၊ အနူးအညွတ်တောင်းပန်တာပါ"

"ကောင်းပါပြီ၊ ကိုယ်ပြောပြပေးပါ့မယ်၊ တကယ်တမ်းကျတော့ ကေတုက ရိုးသားစွာနဲ့ ကြိုးစားနေတာပဲ"

"ကျေးဇူးတင်ပါတယ်"

"ကေတု"

"ဟင်"

"မြို့ထဲမှာတက်ပါလား၊ ဒီကအရမ်းဝေးတယ်"

"နေပါစေ၊ ကေတုတို့က အခမဲ့ပညာရေးဒါနကျောင်းတွေမှာပဲ တက်နိုင်တာပါ"

"ကိုယ်က ပညာရေးဒါန ထောက်ပံ့ပေးချင်တယ်ဆိုရင်ရော"

"မလိုအပ်လို့ပါ၊ အဘိုးကိစ္စပဲ တောင်းပန်ပေးပါနော်၊ ဂျာနယ်ပြန်ယူတာမယူတာထက် ကေတုအမှားအတွက် စိတ်မကောင်းလို့ပါ၊ တောင်းပန်ပေးပါ"

"ကေတု"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်နေ့ကစပြီး ဂျာနယ်လာပို့ပေးပါ"

"နေ…နေပါစေ အန်တီက ကေတုကို အရမ်းစိတ်ဆိုးနေတာပါ၊ ဂျာနယ်မရောင်းရရင်လည်း ကေတုကို ခွင့်လွှတ်ပြီးရင် ကျေနပ်ပါတယ်၊ ကေတုက ခြံရှင်တွေရဲ့ မောင်းထုတ်တာကိုတော့ လက်မခံနိုင်ပါဘူး"

ကေတု မာနလေးကို သူရိန် သဘောကျစွာ ပြုံးမိသည်။ မေမေက တော်တော်လေးကို ဒေါသထွက်နေ၏။ မိန်းကလေးဖြစ်ပြီး လုပ်စရာအလုပ်ရှားလို့ ဂျာနယ်ပို့ရတယ်လို့တဲ့။ ကေတုက မာနရှိတဲ့ကောင်မလေးပဲ။ ပညာလည်း ကြိုးစားသည်။ သူရိန် လေးစားသွားရ၏။ ကေတုကတော့ နောက်သို့ တစ်စက်လေးပင် လှည့်မကြည့်ဘဲ ထွက်သွားသည်။

❖ ❖ ❖

နိ : မို : ၈၁၄ပ

အခန်း (၄)

"ဒေါက်တာ ဘယ်လိုလဲ၊ အဘိုးကို မကြာခဏ လာကြည့်ပေးပါဆိုတာ တစ်ပတ်နေမှ တစ်ခါလောက်ပဲ လာကြည့်ရလား"

"ကိုယ် အလုပ်မအားလို့ပါ နွေးရာ၊ အဘိုးက သက်သာနေပါပြီ၊ နွေးရော ကုမ္ပဏီမသွားဘူးလား"

"သွားမလို့လေ၊ ဒေါက်တာကြီးရောက်လာတော့ ကုမ္ပဏီသွားဖို့ နောက်ကျတော့မယ်ထင်တယ်"

"သွားလေ နွေး၊ အဘိုးကိုကြည့်ပြီးရင် ကိုယ် ဆေးရုံသွားရမယ်၊ ကိုယ်လည်း အချိန်မအားဘူးလေ"

"ရပါတယ်၊ အဘိုးကိုကြည့်ပြီးမှပဲ အတူတူထွက်ကြတာ

နိ : မို : ၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



"နောက်နေ့ကစပြီး ဂျာနယ်လာပို့ပေးပါ"

"နေ…နေပါစေ အန်တီက ကေတုကို အရမ်းစိတ်ဆိုးနေတာပါ၊ ဂျာနယ်မရောင်းရရင်လည်း ကေတုကို ခွင့်လွှတ်ပြီးရင် ကျေနပ်ပါတယ်၊ ကေတုက ခြံရှင်တွေရဲ့ မောင်းထုတ်တာကိုတော့ လက်မခံနိုင်ပါဘူး"

ကေတု မာနလေးကို သူရိန် သဘောကျစွာ ပြုံးမိသည်။ မေမေက တော်တော်လေးကို ဒေါသထွက်နေ၏။ မိန်းကလေးဖြစ်ပြီး လုပ်စရာအလုပ်ရှားလို့ ဂျာနယ်ပို့ရတယ်လို့တဲ့။ ကေတုက မာနရှိတဲ့ကောင်မလေးပဲ။ ပညာလည်း ကြိုးစားသည်။ သူရိန် လေးစားသွားရ၏။ ကေတုကတော့ နောက်သို့ တစ်စက်လေးပင် လှည့်မကြည့်ဘဲ ထွက်သွားသည်။

❖ ❖ ❖

ဒို့ မိုး ၀၁၆ပ

## အခန်း (၄)

"ဒေါက်တာ ဘယ်လိုလဲ၊ အဘိုးကို မကြာခဏ လာကြည့်ပေးပါဆိုတာ တစ်ပတ်နေမှ တစ်ခါလောက်ပဲ လာကြည့်ရလား"

"ကိုယ် အလုပ်မအားလို့ပါ နွေးရာ၊ အဘိုးက သက်သာနေပါပြီ၊ နွေးရော ကုမ္ပဏီမသွားဘူးလား"

"သွားမလို့လေ၊ ဒေါက်တာကြီးရောက်လာတော့ ကုမ္ပဏီသွားဖို့ နောက်ကျတော့မယ်ထင်တယ်"

"သွားလေ နွေး၊ အဘိုးကိုကြည့်ပြီးရင် ကိုယ် ဆေးရုံသွားရမယ်၊ ကိုယ်လည်း အချိန်မအားဘူးလေ"

"ရပါတယ်၊ အဘိုးကိုကြည့်ပြီးမှပဲ အတူတူထွက်ကြတာ

ဒို့ မိုး ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့နော်"

နွေးနွေးနှင့် သိခ်က ငယ်သူငယ်ချင်းတွေပဲ ဖြစ်သည်။ လူကြီးချင်းကလည်း မန္တလေးမှာထဲက မိတ်ဆွေတွေ ဖြစ်နေကြ၏။ သိခ် ရန်ကုန်မှာ တာဝန်ကျလို့ မိဘတွေဝယ်ပေးထားတဲ့ တိုက်တွင် တစ်ယောက်တည်း အလုပ်သမားတွေနှင့် နေထိုင်သည်။ အဘိုးကို ကြည့်တော့ ကျန်းမာရေးက ကောင်းနေ၏။ ခါးကလည်း မနာ တော့ဘူးတဲ့။ သူ ညွှန်ကြားစရာရှိတာတွေ ညွှန်ကြားခဲ့သည်။

"သိခ်"

"ဗျာ…အန်တီချို"

"မင်းဆီ ဟိုကောင်မလေးက ဂျာနယ်ပို့တယ်ဆို"

"ဟုတ်ကဲ့"

"ဘာဖြစ်လို့ ပတ်ပတ်သက်သက် သွားလုပ်ရတာလဲ ကွယ်၊ အန်တီတော့ ဒီကောင်မလေးကို ကြည့်လို့ကိုမရပါဘူး၊ ဒီလိုအမူအကျင့်မျိုးက အောက်တန်းကျတယ်"

ကေတုကို နှိမ်နှိမ်ချချ ပြောဆိုတာတော့ သိခ်မကြိုက် သလိုပင်။ ဒီကောင်မလေးက ရိုးသားပါတယ်။ သူ့ကို ဆရာဝန် သူဌေးဆိုပြီး အရောတဝင်မလုပ်ပေ။ သူမဘဝအတွက် ရိုးသားစွာ





လုပ်ကိုင်စားသောက်နေတာပဲ။ အန်တီချိုက အတွေကြီးသည်။ နွေးနွေးလည်း ဒီလိုပဲ။ သူရှိနေ့ပဲ တည်ငြိမ်တယ်။ သိခ် ဘာမှမပြော တော့ဘဲ ပြန်ဖို့ပဲပြင်သည်။

"သိခ် ပြန်တော့မလို့လား၊ သမီးနွေးရေ သိခ်ပြန်တော့ မယ်"

"ဟုတ်ကဲ့ မေမေ"

နွေးနွေးထွက်လာပြီး သူနှင့်အတူတူ တိုက်ထဲကထွက်လာ သည်။

"သိခ်"

"ဟင်"

"နင် ဟိုကောင်မလေးဆီက ဂျာနယ်ယူတယ်ဆို"

"အင်း"

"ရှုပ်ရှုပ်ယှက်ယှက် သိခ်ရာ၊ မယူနဲ့၊ နွေး ခြံစောင့်ကြီး ဦးမြကို ပြောခိုင်းလိုက်ရမလား"

"မပြောပါနဲ့ နွေး၊ ကိုယ်နဲ့ဒီကောင်မလေးက ဆုံတာမှ မဟုတ်တာပဲ၊ ကေတုက ခြံထဲပြစ်ထည့်ခဲ့တာပါ"

"ဘာ ကေတုဟုတ်လား၊ သိခ်က နာမည်တွေဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



တောင် သိနေတာပါလား၊ မဆုံမိပေလို့ပဲ''

''နွေးတို့ခြံဝမှာ တွေ့ထဲက သူ့နာမည်ကေတု ကေတုလို့ ထည့်ပြောတတ်လို့ သိနေတာပါ''

''ရှင်က ကယ်တင်ရှင်ကြီးလုပ်နေတာလား၊ အပိုတွေ ကိုယ့်ဂုဏ်သိက္ခာနဲ့ ဒီလိုဟာမလေးမျိုးကို သွားပတ်သက်ရလား သိန်''

''နွေး မှားနေပြီ၊ သူက သူ့ဟာသူ စီးပွားရေးလုပ်တာ၊ ကိုယ်က ဂျာနယ်ဖတ်ချင်တယ်၊ ဦးမြက လက်ခံယူတယ်၊ ဘာများ ဂုဏ်သိက္ခာမဲ့စရာအကြောင်းရှိလို့လဲ''

''မိန်းကလေးလေ၊ သူ့ရုပ်ရည်နဲ့ သူ့ငွေးရပ်ကွက်ထဲ ဂျာနယ်လာပို့တာ ရိုးသားတာလား သိန်''

''သူ့ကိစ္စပဲ နွေးရာ၊ ကိုယ်တို့က အနေသာကြီးပါ၊ ကိုယ် သွားမယ်''

''သိန်''

''ဟင်''

''နွေးနဲ့သိန်တို့က လူကြီးချင်းစေ့စပ်ဖို့ စီစဉ်ထားတာ နော်''





နွေးနွေးကို ဘာမှမပြောတော့ဘဲ သိန် ထွက်လာခဲ့သည်။ နွေးကို သူသဘောမကျတာက မောက်မာလွန်းတာပဲ။ မရှိဆင်းရဲ သားတွေအပေါ် အဆင့်အတန်းခွဲခြားဆက်ဆံနေတာပင်။ ငွေကြေး ချမ်းသာတာက ချမ်းသာတာပဲ။ ထိပါးစော်ကားပုတ်ခတ်ပြောဆို တာမျိုး မကြိုက်မိ။ နွေးရော အန်တီချိုပါ မောက်မာလွန်းကြသည်။

''လူကို ဘာထင်နေလဲ၊ လမ်းဘေးမှာထိုင်နေတိုင်း အကြံ အဖန်မထင်နဲ့နော်၊ လမ်းဘေးမှာ မိန်းကလေးတွေ့တာနဲ့ ကားရပ်ချင် နေတယ်''

ကေတု ရန်တွေ့တာလေးကို သိန် ပြန်ကြားယောင်လာ သည်။

''အစ်ကိုကြီးနာမည် သိစရာမလိုပါဘူး၊ ကေတု စိတ်မဝင်စားဘူး''

ကေတုဆိုတဲ့ ကောင်မလေးကို ဖြူစင်သည်ဟု သိန်စိတ် က ခံစားမိနေသည်။ ဒါကြောင့်လည်း သူ့အိမ် ဂျာနယ်ပို့စေခဲ့၏။ မရိုးသားတာမဟုတ်ပါဘူး။ အလုပ်လုပ်ရင်း ဘဝတိုးတက်မှု အတွက် ကြိုးစားနေတဲ့ ကောင်မလေးထင်သည်။

''ကေတု မှားသွားပါတယ်၊ တောင်းပန်ပါတယ်နော်၊



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအတွက် စိတ်ပူတယ်၊ တောင်းပန်ပါတယ်"

ကောင်မလေးက သိန်းအား ပတ်ပတ်သက်သက်မလုပ်။ သူ့အလုပ်ကိုပဲ သူစိတ်ဝင်စားသည်။ အန်တီချိုက သူ့သားသူရိန်အတွက် စိတ်ပူပြီး အပြစ်ရှာမောင်းထုတ်တာလည်း ဖြစ်နိုင်၏။ ကေတုအတွက် သိန်း စိတ်မကောင်းဖြစ်ရသည်။

"ကိုသိန်း"

"ဟာ…သူရိန်၊ ဘယ်ကပြန်လာတာလဲကွ၊ မင်းပြန်ရောက်ပြီလို့တော့ သတင်းကြားတယ်"

"မနေ့ကပြန်ရောက်တာလေ ကိုသိန်း"

"အေး…ကိုယ်သွားတော့မယ်၊ ဂျူတီရှိလို့လေ"

"ကိုသိန်း"

"ပြော"

"ဟို…ဂျာနယ်ပို့တဲ့ ကောင်မလေးကို သိလား"

"အင်း…မင်းတို့အိမ်နဲ့ပြဿနာတက်လို့ ကိုယ်က ခြံရောက်လာတော့ တော်ဝင်နွယ်ကထင်ပြီး တောင်းပန်တာကွ၊ မင်းအဘိုးအတွက် စိတ်မကောင်းဖြစ်သွားပုံပဲ"

"မနက်က မမပြလို့လေ၊ ကေတုကိုတွေ့တော့ အရမ်း





ကြွေသွားပြီး မိတ်ဆက်တာ"

"ဟ…တော်တော်လက်သွက်တဲ့ သူရိန်ပဲ၊ ဘယ်လိုလဲ အိုကေလား"

"မာနတော့ ကြီးတယ်ဗျ၊ သူရိန့်ကို တော်ဝင်နွယ်ကဆိုလို့ စကားပဲပြောတာ၊ တောင်းပန်စကားပဲလေ၊ အပိုတော့ မလုပ်ဘူး၊ သူ့မှာက ယောကျ်ားလေးတွေနဲ့ မိတ်ဆွေသူငယ်ချင်းဖြစ်ဖို့ အချိန်မရှိဘူးတဲ့"

သူရိန်ကတော့ ကြွေလာသည်။ ကေတုမျက်နှာလေးကို အသေအချာကြည့်မိလေ စွဲမက်စရာကောင်းလေပဲ။ ချစ်စရာကောင်းတာ။ မပြုမပြင်နေတဲ့ မျက်နှာနုနုထွတ်ထွတ်လေးပေါ်မှာ နှာတံစင်းစင်းလေးနဲ့ နှုတ်ခမ်းဖူးဖူး အိအိနီနီထွေးထွေးလေးက စွဲမက်စရာကောင်းလွန်းသည်။

"သူရိန့်အသည်းနှလုံးတွေထဲအထိ စူးနစ်တိုးဝင်ပြီး ကြွေသွားတယ်၊ အရမ်းချစ်သွားပြီဗျာ၊ ကေတုကို မရရအောင်လိုက်တော့မယ်၊ မနက်စောစော ကိုသိန်းခြံထဲမှာ လာစောင့်မယ်"

"မလုပ်ပါနဲ့ သူရိန်ရာ၊ မင်းအမေနဲ့အစ်မအကြောင်း သိသားနဲ့၊ သူ့ဟာသူ ရိုးရိုးသားသား ရှာဖွေစားသောက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး ဒုက္ခရောက်ပါ့မယ်''

''ဒုက္ခရောက်စရာမလိုပါဘူးဗျာ၊ ကေတုကို သူရိန် အရမ်းခိုက်တယ်၊ သူရိန် ရဲရဲတင်းတင်း တာဝန်ယူနိုင်တယ်၊ ကိုသိန်းစောင့်ကြည့်နေ''

''မင်းနဲ့ အဆင့်အတန်းချင်း မတူပါဘူးကွာ၊ ကိုယ်နဲ့ဘဝတူ မိန်းကလေးတွေကိုပဲ စဉ်းစား သူရိန်၊ တော်ကြာ ကောင်မလေးမှာ ပြဿနာတွေတက်နိုင်တယ်''

''သူရိန် ဘယ်လိုမှ ထိန်းချုပ်ထားနိုင်စွမ်း မရှိတော့ဘူးဗျာ၊ ကေတုကို အရမ်းချစ်နေပြီ''

''အေးလေ…ဖူးစာရေစက်ဆိုတာ ရှိသေးတာပဲ''

ကေတု မင်းကို ပတ်ဝန်းကျင်ကဲ ထင်နေသလို သူဌေးတွေကို ချိုင်ချင်လို့ မိန်းကလေးတန်မဲ့ ဂျာနယ်လိုက်ပို့နေတာ ထင်မှာပဲ။ ကိုယ်က အဲဒီလိုမဖြစ်စေချင်ဘူး။ မင်းမှာ မာနတွေရှိနေပါစေလို့ပဲ ကိုယ်မျှော်လင့်နေတယ်။ သူရိန်က မဆိုးပါဘူး။ လူတော်လေးပါ။ သူရိန်က ကေတုကို ကြွေနေပြီဆိုတာ အန်တီချိုသိသွားရင်တော့ တက်ပြီးသေသွားမလားပဲ။ သူရိန့်အား ချော့မော့ဖျောင်းဖျပြီး သုံထွက်လာခဲ့သည်။





ညနေစောင်းတော့ သူကူညီပေးရတဲ့ အခမဲ့ဆေးခန်းလေးဆီ ထွက်လာခဲ့သည်။ ရပ်ကွက်ထိပ်မှာရှိပြီး အလှူရှင်တွေကိုသိန်းက အကူအညီပေးခြင်းပင်။ ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းလေးမှာ သူထိုင်ပေးတာ တစ်လလောက်ပဲရှိသေးသည်။

''ဒေါ်ရွှေခင် ဝင်ပါ''

အပြင်မှ အကူကောင်လေးက လူနာတွေကို ဝင်ဖို့နာမည်ခေါ်ပေးနေသည်။ ဝင်လာတဲ့လူနာနှင့်အတူ ကေတုကို တွေ့လိုက်ရ၏။

ကေတုအမေထင်တယ်။ သူ့ကိုတွေ့လိုက်တော့ ကေတုကလည်း ဝမ်းသာအားရ ပြုံးပြသည်။

''ဒေါက်တာကိုး၊ အမေပါ''

''သမီးက ဒေါက်တာနဲ့သိနေတာပဲကိုး''

''ဟုတ်ပါတယ် အဒေါ်၊ ကေတုက ကျွန်တော့်ခြံကိုဂျာ…''

''အား…ဒေါက်တာ အမေက ဒီနေ့တော်တော်လေးမောနေလို့ စမ်းသပ်ပေးပါဦး၊ ဟို…ဟိုလေ နှလုံးလားလို့''

သူ့စကားမဆုံးခင် ကြားဖြတ်ဝင်ပြောပြီး သူ့ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မျက်စိတစ်ဖက် မှိတ်ပြသည်။ ကေတု ဂျာနယ်ပို့နေတာ သူ့အမေ သိပုံမရပေ။ ဘာမှမပြောဖို့ လက်ကာပြနေသည်။ သူ့ ကေတုအမေ .အား သေသေချာချာ စစ်ဆေးပြီး နှလုံးသွေးကြောကျဉ်းနေပါပဲဟု ပြောလိုက်သည်။

"ဆေးတွေပေးလိုက်ပါ့မယ်၊ စိတ်မပူပါနဲ့ ကေတု"

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ လိုအပ်ရင် ဘာတွေများ ဆက်လုပ်ပေးရမလဲဟင်"

ကေတုလက်ကလေးမှာ နာရီလှလှလေး ပတ်ထားသည်။ သူပေးတဲ့ကြိုတင်ငွေနဲ့ ကေတု နာရီဝယ်တာလား။ ကေတုအမေ က ကျေးဇူးတင်စကားပြောနေ၏။ ကေတုကတော့ သူမအမေအား ဆွဲခေါ်ပြီး အတင်းဆွဲခေါ်နေသည်။

"အမေ ပြန်ကြရအောင်နော်၊ နောက်လူတွေရှိသေးတယ် ပြန်မယ်"

"ခွင့်ပြုပါဦး ဒေါက်တာ၊ အမယ်လေး ငယ်ငယ်ရွယ်ရွယ် နဲ့ ဒီလိုအခမဲ့ဆေးခန်းမှာ ကုသိုလ်ယူတာ ကောင်းလိုက်တာကွယ်၊ မရှိဆင်းရဲသားတွေအတွက် အားကိုးရာပဲလေ"

"ခွင့်ပြုပါဦး ဒေါက်တာ"

နိုး:မို.၈၇၄၆



အမေ့ကိုခေါ်ပြီး ကေဝ၊ အမြန်ဆုံးပြန်လာခဲ့သည်။ ဒေါက်တာသိခ်က ကုသိုလ်ဖြစ်ဆေးခန်းလေးမှာ လာထိုင်ပေးနေတာ ပါလား။ စိတ်ထားဖြူစင်လိုက်တာ။ မာနလည်းမရှိဘူး။ ကေတုကို လည်း ကူညီထားသည်။

"ကေတု"

"ရှင် အမေ"

"ဒေါက်တာက စိတ်သဘောထား ဖြူစင်လိုက်တာကွယ်၊ သမီးနဲ့ ခင်သလိုပဲ ဘယ်လိုလုပ်သိနေတာလဲ"

"ကေတု အလုပ်လုပ်တဲ့ကုမ္ပဏီမှာ ဆေးမှူးအဖြစ်လည်း တာဝန်ယူထားလို့ သိနေတာပါ"

"အင်း...အင်း"

ကေတုသာ ဂျာနယ်ပို့နေတာ အမေသိရင် မလွယ်ပေ။ အမေက ကုမ္ပဏီမှာ လုပ်သည်ဟုပဲ ထင်နေသည်။

"အမေသာ နေကောင်းအောင်နေပါ၊ ကေတု ကြိုးစား နေပါတယ်၊ မကြာခင် အမေ အေးအေးချမ်းချမ်းနေထိုင်ရတော့မှာ ပါ"

"အေးကွယ်...ကေတုနော် အမေ့ကိုကျွေးရင် ရိုးသား

နိုး:မို:၈၇၄၆

www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်နေပါစေ၊ သမီးဘဝနဲ့ရင်းပြီး ရတဲ့ငွေတွေ အမေမစားချင်ဘူး နော်”

“စိတ်ချပါ အမေ၊ ကေတုအကြောင်း အမေသိတာပဲ လုံးဝပဲ”

“အေး…အေး”

အမေ့ကို အိမ်ပြန်ခေါ်လာခဲ့သည်။

❖ ❖ ❖

နိုး မို · ၀၁၄၀

## အခန်း (၅)

“ဟော့ကောင်မလေး”

“ဟာ…ဒေါက်တာပါလား၊ ကေတုက ဂျာနယ်တွေ ပြစ်ထည့်တော့မလို့နော်”

“ဝင်ဦးလေ”

“ဟင့်အင်း…ကေတု သင်တန်းသွားရဦးမယ်၊ အချိန်တွေက တန်ဖိုးရှိတယ်လေ၊ ဒီမှာလေ ကေတု နာရီဝယ်တယ်၊ နှိုးစက်နာရီရောပဲ၊ အမေ့အတွက်လည်း ဆေးဝယ်တယ်၊ ကုသိုလ်ရတာပေါ့လေ၊ ကေတုက အိပ်ရာထနောက်ကျလို့ နှိုးစက်လိုနေတာလေ”

“ဝမ်းသာတယ်ကွာ၊ ကိုယ်က ထိရောက်တဲ့ကုသိုလ်တွေ လုပ်ချင်တာကွ”

နိုး မို · ၀၁၄၀

www.burmeseclassic.com

www.burmeseclassic.com



"ကေတု ဂျာနယ်ပို့တာ အမေ မသိဘူးနော်၊ ကုမ္ပဏီမှာ လုပ်စာယ်ပဲထင်နေတာ၊ ဒေါက်တာ့ကိုပြောမလို့"

"မင်းကုမ္ပဏီမှာ အလုပ်လိုနေလား ကေတု"

"လိုတာပေါ့၊ ဒါပေမယ့် ဂျာနယ်ပို့တာက ကေတု သင်တန်းတွေတက်ဖို့ အချိန်ရှိတယ်၊ လောလောဆယ်တော့ ဒီအလုပ်ကကောင်းပါတယ်၊ ဘယ်သူတွေ ဘာပဲပြောပြော ကေတုအတွက် အချိန်ပိုတယ်လေ"

ကေတုမျက်နှာလေးကို သိန်း စူးစိုက်ကြည့်နေမိသည်။ ရိုးသားစွာ ရုန်းကန်ကြိုးစားနေတဲ့ ကောင်မလေးပဲ။ သိန်း ကူညီဆိုရင်လည်း လက်ခံမှာမဟုတ်။ ကေတုရဲ့စိတ်ဓာတ်ကို ကြိုက်၏။ မရိုးမသားစိတ်နဲ့ ဒီရပ်ကွက်ကို ဂျာနယ်လာပို့တာမဟုတ်ကြောင်း သိန်း သိနေသည်။

"သွားပြီနော် ဒေါက်တာ၊ ဘယ်သူတွေ ဘာပဲပြောပြော ပုတ်ရင်တော့ပေါ်မှာပဲလေ၊ အရေးကြီးတာက ကေတုလေးစားရတဲ့ ဒေါက်တာက အထင်မသေးဖို့ပါပဲ"

"ကေတုစိတ်ဓာတ်ကို ကြိုက်တယ်၊ ကိုယ်က လေးစားနေတာပါ"

နိ : ပို : ၁၇၄ပ



"သွားပြီနော်"

ကေတုစက်ဘီးကို နင်းပြီး ပြန်ထွက်သွားသည်။ ဒူးဖုံးဘောင်းဘီလေးဝတ်ထား၍ ကေတု ခြေသလုံးဝင်းဝင်းအိအိလေးတွေ ဖြူဖွေးနေ၏။ ကေတု အရမ်းလှတယ်။ သူရိန် ကြွေမယ်ဆိုရင်လည်း ကြွေစရာပင်။ သိန်းရော။ တော်ပြီ ကေတုကို သူ့အနေနှင့် ဒီလောက်အထိ စိတ်ဝင်စားဖို့မသင့်ဟု ထင်မိသည်။

"ကေတု…ကေတု မင်းလိုကောင်မလေးမျိုး ကိုယ်တကယ်လေးစားတယ်၊ ကိုယ် အထင့်လည်းကြီးပါတယ်ကွာ"

ကေတုအကြောင်းတွေကို သိန်း တွေးနေမိသည်။ ဘာဖြစ်လို့မှန်းမသိ ဒီကောင်မလေးနှင့် ဆုံမိထဲက သိန်းစိတ်ထဲမှာ စွဲထင်နေတာက ကေတုရဲ့ အရိပ်လေးတွေပဲ။ ကေတု မင်းလေးကို ကူညီချင်တယ်။ ရိုးရိုးသားသားပါ။ ပညာရေးနှင့် အလုပ်တာဝန်တွေကလွဲပြီး ဘာကိုမှ စိတ်မဝင်စားခဲ့တဲ့ သိန်း ဘာဖြစ်နေရတာလဲ။ ကေတုနှင့်ပတ်သက်ပြီး အတွေးတွေနှင့် ရင်ခုန်နေသည်။ သိန်း မင်းတည်ငြိမ်သင့်တယ်။ မင်းနဲ့နွေးက လူကြီးချင်းတွေက လက်ထပ်ပေးဖို့ စီစဉ်ဖို့ အသိပေးထားတာပဲ။ သိန်းက နွေးလိုစိတ်ဓာတ်မျိုး မကြိုက်။ လူမှုရေးကိစ္စတွေ လုံးဝမရှိ။ မောက်မာထောင်လွှားကာ

နိ : ပို : ၁၇၄ပ

www.burmeseclassic.com

www.burmeseclassic.com



လူတွေကို အထင်သေးတတ်သည်။

"သိန်း…ဘာလူမှုရေးလဲ၊ သူတို့ဆင်းရဲတာ အလုပ်မကြိုးစားလို့လေ၊ သူတို့က ဆင်းရဲတာကို ကျေနပ်နေကြတယ်၊ ဖြစ်သလိုစား၊ ဖြစ်သလိုနေ အဲဒါ သူတို့အကျင့်စရိုက်ပဲ၊ အချိန်ကုန်တယ်၊ အလုပ်ရှုပ်တယ်"

နွေး ခံယူချက်ကို သူပြုပြင်ပေးဖို့ စည်းရုံးသိမ်းသွင်းပေမယ့်မရ။ ဆွေစဉ်မျိုးဆက် ချမ်းသာကြပြီး မောက်မာထောင်လွှားနေကြသူတွေ သူရိန့်ပဲ လူမှုရေးနားလည်သည်။ စိတ်ဓာတ်ကောင်း၏။ နွေးနှင့် လက်ထပ်ရမှာကို သိန်း ကြောက်ရွံ့တွန့်ဆုတ်နေမိသည်။

"ကိုသိန်း"

"ဟင် သူရိန်"

"ခြံဝမှာ ဂျာနယ်တွေကိုင်ပြီး ဘာရပ်လုပ်နေတာလဲ၊ သူရိန်အနားရောက်လာတာတောင် မသိဘူးဗျာ"

"အဟဲ…ဆောရီးကွာ၊ လာလေသူရိန်"

"ကေတု ဂျာနယ်လာပို့သွားပြီလား ကိုသိန်း၊ သူရိန်တို့ခြံအတွက် လာပို့ခိုင်းထားတာ မပို့လို့လေ"





"ပို့ပြီးသွားပြီကွ၊ ဘာမှတော့ပြောမသွားဘူး၊ သင်တန်းတွေတက်စရာရှိနေလို့တဲ့၊ နေပါဦး သူရိန့်ရဲ့ မင်းမေမေက ပြဿနာနော်၊ ကေတုကို ဒုက္ခရောက်အောင် မလုပ်ပါနဲ့ကွာ၊ မင်းအိမ်ကို ဒီကောင်မလေး ဂျာနယ်လာပို့ဖို့ မင်းမေမေနဲ့နွေးက လက်ခံမှာမဟုတ်ဘူး"

"ဟုတ်တော့ဟုတ်တယ်နော် ကိုသိန်း၊ ကေတု ဝင်ငွေရအောင် ကူညီချင်တာပါ၊ ငွေကြေးအကူအညီပေးလည်း လက်ခံမှာမဟုတ်ဘူး"

"ကေတုကို ငွေကြေးနဲ့ဆုံးဖြတ်လို့ ရမှာမဟုတ်ဘူးထင်တယ် သူရိန်"

"သူရိန်လေ ကေတုကို အရမ်းခိုက်နေပြီ၊ တကယ်ကြွေတာပဲ"

သူရိန် ဘယ်လိုမှ မေ့ပစ်လို့မရအောင် ကေတုအား စွဲလမ်းနေသည်။ အရမ်းကြွေတာ။ မိန်းကလေးတွေအများကြီးနှင့် တွေ့ဆုံပတ်သက်ခဲ့ဘူးပေမယ့် ကေတုလောက် ရင်မခုန်ခဲ့။ ကေတု မျက်နှာလေးအား တဒင်္ဂတွေ့လိုက်စဉ် သူရိန် အကြီးအကျယ် ကြွေသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူရိန် အရမ်းချစ်သွားပြီကွာ၊ ဘယ်လိုမှ မသိချင်ယောင်ဆောင်နေလို့မရတော့ဘူး၊ ကေတုအကြောင်းတွေ မစဉ်းစားဘဲကို မနေနိုင်တော့တာ၊ ရယူပိုင်ဆိုင်ချင်နေပြီ"

"သူရိန် စဉ်းစဉ်းစားစားလည်း လုပ်ပါကွာ၊ ပြဿနာတွေက မသေးဘူးနော်၊ မင်းအမေက"

"ထားလိုက်စမ်းပါဗျာ၊ သူရိန်က သားလိမ္မာပဲဟာ အိမ်ထောင်ကတော့ ဘဝတစ်သက်တာလုံး သူရိန်နဲ့အတူနေထိုင်သွားရမယ့် မိန်းကလေးမျိုး သူရိန်ချစ်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ကိုပဲ ရွေးချယ်ချင်တယ်"

သူရိန့်ကိုတော့ သိန်းယုံသည်။ ထက်မြက်ပြီး အသိပညာကြွယ်တဲ့ ယောကျ်ားတစ်ယောက်ပဲ။ ဒါပေမယ့်လည်း သူရိန့် မိဘအသိုင်းအဝိုင်းတွေက လက်ခံကြမှာမဟုတ်ပေ။ သူရိန့်ကို သတိတော့ပေးနေရမယ်။ လူငယ်တွေဆိုတော့လည်း အချစ်ကို ကိုးကွယ်ကြမှာပဲ။ သိန်း တားဆီးပိတ်ပင်ဖို့လည်း ခက်နေသည်။

"ကိုသိန်း"

"ဟင်"

"ချစ်ဘူးလား"





"ဘာကိုလဲ"

"မိန်းကလေးတစ်ယောက်ကို ချစ်ဖူးလားလို့ပါ"

"မချစ်ဖူးဘူး သူရိန်၊ ကိုယ်က စာကြမ်းပိုးလေ၊ အလုပ်ကို တာဝန်ကျေချင်တဲ့သူဆိုတော့ မိန်းကလေးတစ်ယောက်ကို ချစ်သူအဖြစ်ထားဖို့ အချိန်မရှိတာလေ"

ဒါပေမယ့် သူရိန့်ရေ မင်းလိုပဲ ကေတုကို ကိုယ်ချစ်မိနေပြီလားပဲ။ အရမ်းရင်ခုန်တယ်ကွာ။ ကေတုကိုတွေ့ပြီးထဲက ကိုယ်စက္ကန့်မလပ် ကေတုအကြောင်းပဲ စဉ်းစားနေတယ်။ ဖွင့်ပြောပြလို့လည်းမရ။ သူရိန့်လို ဘယ်သူ့ကို ပြောပြရမလဲ။ တိုင်ပင်ရမလဲ။ သိန်းကတော့ မဖြစ်သင့်ဘူးဟုပဲ သူ့အတွေးကို ဖယ်ထုတ်ပစ်မိသည်။

"ကေတု သင်တန်းကိုပဲ လိုက်သွားမယ်၊ ဘာပဲဖြစ်ဖြစ် သူရိန်ကတော့ ကေတုနဲ့ ရင်းနှီးအောင် ကြိုးစားရမှာပဲကိုသိန်း၊ ယုံကြည်မှုအပြည့်ရှိတာက ကေတုကို ပိုင်ဆိုင်ဖို့ အစွမ်းကုန်ကြိုးစားမယ်၊ ကေတုမရှိရင် သူရိန် အသက်မရှင်နိုင်တော့လို့လေ"

သူရိန့် မင်းကို အားကျတယ်ကွာ။ တကယ်ပါပဲ ကိုယ်လည်း ကေတုနဲ့ အမြဲတမ်းထိတွေ့ခင်မင်ချင်နေတယ်။ မဖြစ်နိုင်ဘူးဆိုတဲ့ အသိတွေက သိန်းနှလုံးသားတွေကို ပြင်းထန်စွာ ရိုက်ခတ်



www.burmeseclassic.com

နေသည်။ နှလုံးသားတွေ နာကျင်နေသလိုပင်။ သူရိန်က လက်ပြပြီး ထွက်သွားသည်။ ကေတုအား သူ့အနားသို့ နီးကပ်စွာခေါ်ထားလို့ နေ၏။ အဆင့်အတန်းဆိုတာကို ဘေးဖယ်ထားရင်တောင် ကေတုက ငယ်ရွယ်လွန်းသူ။ သူ ဘာပဲဖြစ်ဖြစ် စောင့်ထိန်းရမည့် ကျင့်ဝတ် တွေက ကာဆီးနေသည်။

"မောင်သိန်း...ဆေးရုံကို သွားရဦးမယ်လေ"

"ဟုတ်ကဲ့ ဦးလေးမြ"

ခြံစောင့်ကြီးက လာပြီးသတိပေးမှ သူအသိဝင်လာပြီး တိုက်ထဲပြန်ဝင်လာသည်။ သူ့မိဘတွေက အိမ်ထောင်ရေးနှင့် ပတ်သက်ပြီး နွေးနွေးကို ရွေးချယ်ထား၏။ ကေတုလို ကောင်မ လေးမျိုးနှင့် လုံးဝသဘောတူလက်ခံမှာမဟုတ်ပေ။ သိန်း မကြီး မငယ်နဲ့ ရင်တွေခုန်နေသည်။ သူ့အခန်းထဲ ပြန်ဝင်လာပြီး ရေချိုး ခန်းထဲဝင်ခဲ့၏။ အချိန်မလပ် သူ့နားထဲမှာ ကေတုအသံလေးက ကြားယောင်နေသည်။

"ဒီမှာ နာရီလေးဝယ်ထားတယ်၊ ပြီးတော့ နှိုးစက်နာရီ လည်း ဝယ်ထားတယ်၊ ကေတုက စောစောမနိုးလို့လေ၊ အမေ့ အတွက် ဆေးလည်းဝယ်တယ်၊ ကုသိုလ်ရတာပေါ့နော်"





ကေတုမျက်နှာလေးက ပြုံးရယ်နေသည်။ ဝင်းတောက် တောက် မျက်ဝန်းလေးတွေက မျက်တောင်ကော့လေးတွေ ဝိုင်းရံ ကာ စွဲမက်ဖွယ်ကောင်းလွန်းနေသည်ဟု ထင်သည်။

"အား...မင်းကို မေ့ပစ်ရမယ် ကေတု၊ မဖြစ်ဘူး မင်းဘဝလေးကို အေးချမ်းစေချင်တယ်၊ မင်းအောင်မြင်စေချင်တယ်၊ ကိုယ် မင်းကိုမေ့ပစ်ရှယ်၊ အကောင်းဆုံးက မင်းကို စိတ်မဝင်စား ဖို့ပဲ"

သူ့စိတ်တွေထဲမှာ ကေတုရှိနေတာကို မကျေနပ်မိ။ သူ့ အသက်အရွယ်၊ သူ့ဂုဏ်သိက္ခာအရပါ ကေတု။ ရေချိုးခန်းထဲက ထွက်လာပြီး အဝတ်အစားတွေ အမြန်ဆုံးလဲလိုက်သည်။ ကေတု အကြောင်းတွေးရင်း ဂျူတီတောင် နောက်ကျတော့မလို့။ သူလည်း နှိုးစက်နာရီလေးတစ်လုံး လိုအပ်နေပြီ။ သူ့တိုက်မှာ အဖိုးတန် အသုံး အဆောင်ပစ္စည်းတွေနှင့် ပြည့်နှက်နေပေမယ့် နှိုးစက်နာရီတော့ ရှိမနေ ပေ။ ကေတုနဲ့အပြိုင် ဝယ်ရမယ်။ သိန်း ပြုံးလိုက်သည်။

"သိန်း"

"ဟင်"

"တစ်ယောက်တည်း ဘာတွေယသောကျပြီး ပြုံးနေရတာ

www.burmeseclassic.com



လဲ”

“နွေး”

“အင်း…ရှင့်ကို စားစရာတွေလာပို့တာ”

“ဘာတွေလဲ”

“ဝက်သားလုံးကြော်တွေလေ၊ ရှင် အရမ်းကြိုက်တယ် မဟုတ်လား၊ ရှင်မနက်က မစားရသေးဘူးလား”

“ကိုယ်မစားတော့ဘူး နွေး၊ ဂျူတီတောင် နောက်ကျနေပြီ၊ ကိုယ် ဖူးနဲ့ထည့်သွားမယ်လေ”

“နွေးလည်း ထင်သားပဲ၊ ဒါကြောင့် ဖူးနဲ့ယူသွားနော် နေပါဦးသိန်း၊ ရှင်က ဘာဖြစ်လို့ နောက်ကျနေရတာလဲ၊ အိပ်ရာထ နောက်ကျသွားလို့လား”

“အင်း”

“မဖြစ်ပါဘူး…နောက်ဆို နွေးလာနှိုးမယ်၊ ရှင်က အရင် လိုမဟုတ်တော့ဘူး၊ ဂျူတီချိန်တောင် နောက်ကျတတ်နေပြီပဲ”

“ကိုယ်သွားတော့မယ် နွေး၊ နောက်ကျနေပြီ”

နွေးနွေးကို ဆက်ပြီး စကားမပြောချင်တော့သဖြင့် သိန်း နှုတ်ဆက်ပြီး ကားပေါ်တက်ကာ မောင်းထွက်လာခဲ့သည်။





“သိန်း ညနေ တို့အိမ်မှာ ထမင်းစားရမယ်နော်”

နွေးနွေးအော်ပြောသံကို ကြားရသည်။ သူ ညနေမအား ဘူး။ ရပ်ကွက်ဆေးခန်းမှာ ထိုင်ရမယ်။ သူ့လူနာတွေက အရေးကြီး တယ်။ နွေးနွေးကို ပြောရင်လည်း အရေးမပါတာတွေ လုပ်နေတယ် လို့ ပြောဦးမယ်။ လူမှုရေးတွေကို နွေးနွေးက စိတ်မဝင်စား။ သူနှင့် စိတ်တူကိုယ်တူမဖြစ်နိုင်တာ နွေးနွေးမှာ လူမှုရေးစိတ်ဓာတ် ခေါင်းပါးလို့ပဲ။ ညနေကြမှ နွေးနွေးဆီ ဖုန်းဆက်ပြီး ညစာစားဖို့ ကိစ္စဖျက်ရမှာပဲ။ မတတ်နိုင်ဘူး နွေးရေ၊ ကိုယ့်စိတ်တွေကိုက ကေတုတို့ရပ်ကွက်လေးမှာ ဆေးခန်းထိုင်ပေးရတာ အရင်ထက် တောင် ပိုပြီးတက်ကြွလာသလိုပဲ။ သိန်း မပျော်စဖူး ပျော်ရွှင်တက်ကြွ နေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ကေတု"

"ဟင်"

"ကိုယ်တို့ခြံကို ဘာဖြစ်လို့ ဂျာနယ်လာမပို့တာလဲ"

"သူရိန်က ပို့ခိုင်းပေမယ့် အန်တီကလက်ခံမှာမဟုတ်လို့ပါ၊ ကေတုကို အော်ဟစ်မောင်းထုတ်တာမျိုးတွေ၊ နှိမ်ချပြောဆိုမှာတွေ ကေတု ရှောင်ချင်တယ်"

"ကိုယ် ဂျာနယ်ဖတ်ချင်တာ ဘယ်လိုလုပ်ရမလဲ ကေတု"

"ဝယ်ဖတ်လေ၊ သူရိန်က တောထဲတောင်ထဲမှာနေလို့လား၊ ကားလည်းရှိနေတယ်၊ ခဏလေးထွက်ဝယ်ပေါ့"

"ကေတုပို့တာပဲ ဖတ်ချင်တာ"





"ကေတု သင်တန်းတွေရှိနေသေးလို့ပါ၊ အချိန်မရလို့နော်"

"ကိုယ်စောင့်နေမယ်"

"အဲဒီလိုမလုပ်ပါနဲ့ သူရိန်၊ ကေတုနဲ့ပတ်သက်စရာမလိုဘူးထင်ပါတယ်၊ ကေတုနဲ့ပတ်သက်ဖို့ ကြိုးစားရင်လည်း သူရိန့်ပဲ မောလိမ့်မယ်"

"ကေတု"

ကေတုရှေ့မှာ သူရိန် ပိတ်ရပ်လိုက်သည်။ မျက်ဝန်းမာမာလေးတွေနှင့် ဆတ်ခနဲ မော့ကြည့်၏။ သူရိန်ပင် လန့်သွားရသည်။ လွယ်အိတ်နှင့်များ ထပြီးရိုက်တော့မလားလို့။ သူရိန် ကိုယ်ပင်ယိုင်သွား၏။ ကေတု မလွယ်ဘူး။ မြင့်ဇော်က ပြောတယ်။ ကေတုကို သူမနှင့် အနီးစပ်ဆုံးနေတဲ့ အုပ်စိုးတောင် သူငယ်ချင်းအဆင့်ထက် ပိုပြီး အမှုအရာဆန်းပြားလို့ မရဘူးတဲ့။ သူရိန်ကို ဘုဆတ်ဆတ် ကြည့်သည်။

"ကေတု ပြောထားပြီးပြီနော်၊ သူရိန်နဲ့ ပတ်သက်စရာ ဘာအကြောင်းမှမရှိဘူးလို့"

"ကိုယ်တို့ ရိုးရိုးသားသား မိတ်ဆွေလိုတောင် ခင်မင်ခွင့်မရှိဘူးလား ကေတုရာ"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး၊ ကေတု အဲဒီလောက် မအားဘူးထင်တယ်၊ ဆောရီးပဲ သူရိန် နောက်တစ်ခါထပ်ပြီး သင်တန်းကို မလာပါနဲ့၊ ပတ်ဝန်းကျင်က အထင်အမြင်သေးတာ မခံနိုင်လို့"

ကေတု ထွက်သွားသည်။ သူရိန် မကျေမနပ် အောင့်သက်သက်နှင့် ကျန်ခဲ့သည်။ ကေတုကပဲမျှားပြီး အိုက်တင်နှင့် ငြင်းနေတာမဟုတ်။ သူရိန် စိတ်မပျက်။ မင်းလေးကို မရရတဲ့နည်းနဲ့ အရယူမယ်။ မရရင် ကားတင်ပြေးမယ်ကွာ ကေတု။ မင်းကို ငါ ဘယ်တော့မှ လက်လွှတ်အဆုံးရှုံးမခံနိုင်လို့ပဲ။ မြင့်ဇော်နှင့် လူတစ်ယောက်ပါလာသည်။

"သူက အုပ်စိုးတဲ့ သူရိန်၊ ကေတုသူငယ်ချင်းလေ၊ ကေတု ပတ်ပတ်သက်သက်လုပ်တာ အုပ်စိုးတစ်ယောက်ပဲရှိတယ်"

အုပ်စိုးဆိုတဲ့လူက ဆင်းရဲနွမ်းပါးပုံပင်။ ဂျာနယ်ပို့သမားတဲ့။ အိမ်မှာ ဂျာနယ်လာပို့ပေမယ့် သူရိန်နှင့် မဆုံဖြစ်ကြ။ သူကလည်း ယောက်ျားအချင်းချင်းဖြစ်၍ စိတ်မဝင်စားတာလား၊ သူရိန်က အဆင့်အတန်းခွဲခြားတတ်သူတော့မဟုတ်။ အုပ်စိုးအား လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ကိုယ်က သူရိန်ပါ၊ ကေတုနဲ့ သူငယ်ချင်းဖြစ်ရတယ်ဆိုတော့ အုပ်စိုး ကံကောင်းတာပေါ့"





"အင်း…ကံကောင်းတာလား၊ ကံဆိုးတာလားဆိုတာတော့ မသိဘူး၊ ကေတု သူငယ်ချင်းအဆင့်ထက် ပိုဆက်ဆံရင် အသေပဲတဲ့"

ကေတုကိုချစ်နေတဲ့ သူရိန့်အကြောင်း မြင့်ဇော်က ပြောပြထားသည်။ အုပ်စိုးစိတ်တွေ ပူသွား၏။ ကေတုကို သူ့ထက်သာတဲ့ သူတွေက ချစ်တာမျိုး အုပ်စိုး မကြားလိုပေ။ ကေတုနဲ့သူက နီးလျက်နှင့် ငွေတွေဂုဏ်တွေပြပြီး အလုယူခံလိုက်ရမှာ အုပ်စိုး အစိုးရိမ်ဆုံးဖြစ်နေသည်။

"ကေတုက မာနအရမ်းကြီးတယ် သူရိန်၊ ကြိုးစားတယ်၊ ရည်မှန်းချက်တွေကြီးတယ်"

"ကိုယ်သဘောကျတာ အဲဒါပဲလေ"

"တော်ကြာ ကေတု အပြောအဆိုခံရမှာစိုးတယ်၊ ပြဿနာတွေ တက်လိမ့်မယ်၊ ကေတုအမေကလည်း မာနက ခေါင်ခိုက်နေတာ"

"ကိုယ်ကတော့ ဘာကိုမှ ဂရုမစိုက်ဘူး၊ ကိုယ်ယောကျ်ားပဲ၊ တာဝန်ယူရဲတယ် အုပ်စိုး၊ ကိုယ့်နှလုံးသားတွေထဲမှာ ကေတုကို အရမ်းချစ်နေတယ်၊ မြတ်နိုးနေတယ်"

"ဟုတ်တယ် အုပ်စိုး၊ ငါထောက်ခံတယ်၊ သူရိန်နဲ့က



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းမှာ ခင်ကြတာလေ၊ မိန်းကလေးတွေနဲ့ မရှုပ်ဘူး၊ ကေတု ကိုပဲချစ်တယ်၊ သူရိန်က အေးဆေးတယ်"

အုပ်စိုးကတော့ ကေတုကြိုက်အောင် ပြောပြချင်ကဲ့ဆန္ဒ မရှိ။ ချစ်သူကောင်းစားရေးအတွက် ဆိုပေမယ့် သူများလက်ထဲ အပါမခံနိုင်။ သူရိန်က ချမ်းသာသည်။ ရုပ်ရည်လည်း သူ့ထက် ချောမောနေ၏။ အုပ်စိုး စိတ်ပူလာသည်။

"ကေတုကိုရဖို့တော့ မကြိုးစားစေချင်ဘူး၊ ရမှာလည်း မဟုတ်ဘူး၊ သေချာပါတယ်"

အုပ်စိုးက ခပ်ဆတ်ဆတ်ပြောပြီး ထွက်သွားသဖြင့် သူရိန် နှုတ်ခမ်းကို တွန့်မဲ့ပြုံးပစ်လိုက်သည်။ ကေတုကို ချစ်နေသူပဲလား။ အင်းလေ သူတောင် အဝေးကနေပြီး တခဏလေးဆုံမိသွားတာနှင့် အရူးအမူး စွဲလမ်းသွားရတာပဲ။ မြင့်ဇော်က နေခဲ့သည်။

"အုပ်စိုးကြည့်ရတာ မလိုလားတဲ့ပုံပဲနော် မြင့်ဇော်၊ မလွယ် ပါလား၊ ကိုယ်ကတော့ ကေတုကို လက်လွှတ်မခံနိုင်ဘူး၊ ကား တင်ပြေးသင့်ရင်လည်း ပြေးရမှာပဲ"

"သူရိန် ကြံစည်သမျှ မြင့်ဇော်ကတော့ အားလုံးကူညီ မယ်၊ ကေတု ကောင်းစားရေးပဲ၊ ဒီကောင်အုပ်စိုး သူတောင် ဂျာနယ် ပို့နေရတာ ပညာတော့ ကြိုးစားပါတယ်၊ မမလေးထဘီဖိုးထင်တယ်





ရရာအလုပ်နဲ့ ငွေရှာတယ်"

ကေတုရာ မမလေးကိုရဖို့ လူဆိုးတွေနဲ့ မောင်တိုင်ပင်ရ တော့မယ်ထင်တယ်။ ကိုယ်ကတော့ ကားတင်ပြေးမှာပဲ။ မရရင် ရတဲ့နည်းနဲ့ ယူရမယ်။ ကေတုကို မနှောင့်ယှက်လိုသဖြင့် သူရိန် စိတ်လျှော့ပြီး ပြန်လာသည်။

"သားသူရိန် ဘယ်တွေလျှောက်သွားနေတာလဲ၊ မေမေ တော့ သားငယ်ပြန်ရောက်ထဲက တစ်အိမ်ထဲနေပြီး မဆုံဖြစ်ဘူး"

သူ ကေတုကိုတွေ့သွားပြီးထဲက မြင့်ဇော်ဆီသွားပြီး ကေတုအကြောင်းတွေ မေးမြန်းနေမိသည်။ အိမ်မကပ်။ မြင့်ဇော်က ငွေကြေးအသင့်အတင့်ရှိသည်။ အထက်တန်းကျောင်းမှာ သူရိန်နဲ့ တစ်ခန်းတည်းပဲ။ ဆယ်တန်းအောင်တော့ မြင့်ဇော်က အမှတ်နည်း လို့ စာပေးစာယူပဲတက်နေသည်။ ကေတုက မြင့်ဇော်တို့ရပ်ကွက် ထဲကဆိုတာသိ၍ သူရိန် အချိန်ပြည့်သွားနေသည်။

"သားငယ်လေး ထမင်းစားပြီးပြီလား၊ မေမေက သား ကြိုက်တဲ့ဟင်းတွေချက်ပြီး စောင့်နေရတာ၊ လာ ထမင်းစားကြမယ်"

မေမေက ဘာဖြစ်လို့များ ကေတုကို အော်ဟစ်မောင်း ထုတ်ပစ်ရတာလဲ။ မတော်တဆပဲဟာ။ အဘိုးလည်း ဘာမှဖြစ်တာ မဟုတ်။ သူရိန်စိတ်ထဲမှာ အောင့်သက်နေသည်။ မေမေခေါ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူစားသောက်ခန်းထဲ ရောက်လာ၏။ စားပွဲပေါ်မှာ ဟင်းတွေက စားပွဲနှင့်အပြည့်။ သူရိန် မနှစ်သက်သလိုဖြစ်နေသည်။

"မေမေ့သားလေးကို ရွှေလိုဥပြီး မွေးထားခဲ့တာလေ၊ သားလေးအတွက် အဘိုးက ကားအသစ်လဲပေးချင်တယ်တဲ့၊ ဒီကားက နည်းနည်းလေး မော်ဒယ်အောက်နေပြီပဲ"

"မေမေ"

"ပြောလေသား"

"သားက မနက်စောစောဆို ဂျာနယ်ဖတ်ချင်တယ်၊ အရင်ကလည်း ဖတ်နေကျလေ၊ အခုမဖတ်ရတော့ ဘာလိုနေမှန်းမသိဘူး၊ ဂျာနယ်ပြန်မှာလိုက်ရင် ကောင်းမလားပဲ"

မေမေက သူ့တောင်းဆိုမှုဆိုရင် ဘယ်တော့မှ မငြင်းပေ။ သူရိန် လောလောဆယ် အတောင့်တဆုံးက ကေတုဆီကဂျာနယ်ဝယ်ယူခွင့်ပဲ။ ကေတုကို နေ့စဉ်မြင်တွေ့ချင်လို့ပဲ။ ကေတုက သူမသင်တန်းအား လာခွင့်မပြုတော့ ကေတုနှင့် မတွေ့ရရင် သူရိန်နေလို့မရနိုင်တော့ဘူးထင်တယ်။ မေမေက သူ့ကိုကြည့်သည်။

"သားငယ် ဂျာနယ်ဖတ်ချင်ရင် ဒရိုင်ဘာကို မနက်စောစော သွားဝယ်ခိုင်းမယ်လေ၊ ဒီရပ်ကွက်မှာပို့တဲ့ ဂျာနယ်သမားက ကောင်မလေးဖြစ်နေလို့"

စိုးပိုး၈၁၄ပ



"ဘာဖြစ်လဲမေမေရာ သားတို့က ဂျာနယ်ပဲလိုချင်တာ၊ နေ့စဉ်သွားဝယ်ပေးနေရရင် အားနာစရာကောင်းတယ်၊ ခြံစောင့်ကြီးကို မှာလိုက်မယ်နော်"

"မမှာနဲ့"

သားငယ်အတွက် ဒီကောင်မလေးကို အပို့ခိုင်းလို့မဖြစ်ပါဘူး။ အရင်တစ်ရက်နှစ်ရက်က သေသေချာချာမသိလို့ ကောင်မလေးက ချောလွန်းနေသည်။ သားငယ်နဲ့ မဖြစ်ဘူး။ တော်ကြာစိတ်ဝင်စားသွားရင် အခက်ပဲ။ ဒေါ်ချိုချိုနွယ်ရင်ကျိုးရမယ်။ သားဆန္ဒကို အမြဲတမ်း ဖြည့်စွမ်းပေးနိုင်ပေမယ့် ဒီတစ်ချက်တော့ အလိုမလိုက်နိုင်။ နေ့စဉ် ဝယ်ပေးရလည်း ဘာဖြစ်လဲ။ ပိုက်ဆံပေးပြီး ခိုင်းထားတဲ့ အလုပ်သမားတွေပဲဟာ။ သားငယ်လိမ္မာပြီးတော်လွန်းသည်။ သမီးချွေးချွေးနှင့်တောင် မတူဘူး။ ဒေါ်ချိုချိုနွယ်ဘယ်လိုမှ လက်မခံနိုင်ဘဲဖြစ်နေသည်။

"ဘာဖြစ်လဲသားရယ်…ကားရှိနေတာပဲ၊ ဒရိုင်ဘာကို လခပေးထားတာလေ၊ သားအတွက် ဝယ်ပေးရမှာပဲ"

"အားနာပါတယ် မေမေ၊ ဂျာနယ်သမားပဲပို့ခိုင်းပါ"

"မဖြစ်ဘူး၊ ဂျာနယ်ပို့တဲ့ ကောင်မလေးက အပိုးမကျိုးဘူး၊ အဘိုးတောင် ခါးကျိုးတော့မလို့"

စိုးပိုး၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်မောင်လေး မမလည်း အမြင်ကတ်တယ်၊ ဒီကောင်မလေး ဘာဖြစ်လို့ ဒီရပ်ကွက်ကိုမှ လာပို့နေရတာလဲ"

ကေတုက အဲဒီလိုစိတ်ဓာတ်အောက်တန်းကျတဲ့ မိန်းကလေးမဟုတ်ပါဘူးဟု သူရိန် ပြောချင်သည်။ မလွယ်ဘူး မေမေရော မမနွေးရောက အတွကြီး၏ သူဘယ်လိုမှ ပြောမရ။ ကိုသိန်းခြိတော့ပို့တယ်။ သူရိန်သွားစောင့်နေရမလိုဖြစ်နေသည်။

"မေမေ့သားလေးကို ရှေ့လို့ဥထားကာ ဘာစားမလဲ၊ ဘာဖြစ်ချင်လဲ အားလုံးပြည့်စေရမယ်၊ မေမေ့သားဆန္ဒက မေမေ့ဆန္ဒပဲ၊ အဲ တစ်ခုတော့ရှိတယ်နော် ချွေးမကတော့ မေမေရွေးချယ်မယ်၊ သားရွေးချယ်ပိုင်ခွင့်မရှိဘူး"

"အား...အဲဒါတစ်ခုတော့ မေမေနဲ့သား လုံးဝဆန့်ကျင်ဘက်ဖြစ်သွားပြီ"

"ဟင်...ဘာဖြစ်လို့လဲ၊ သားမှာ ချစ်သူတွေ့နေပြီလား"

"အင်း"

"အမယ်လေး...ဒုက္ခပါပဲ၊ ဘယ်ကကောင်မလေးလဲ၊ ဘယ်သူ့သမီးလဲ၊ ဘာလုပ်လဲ"

ဒေါ်ချိုချိုနွယ် အထိတ်တလန့်နှင့် သားကိုမေးမိသည်။ သားက မိမိအချစ်ဆုံး။ တစ်ဦးတည်းသောသားလေ။ အိမ်ထောင်





ဖက်ကတော့ မိမိပဲ ရွေးပေးမယ်။ သားက သမီးနှင့်မတူဘဲ နူးညံ့၏။ သနားတတ်သည်။

"အဲဒီကောင်မလေးက အရမ်းမာနကြီးလို့ သားတောင်ကပ်လို့မရသေးဘူး၊ သားက တစ်ဖက်သတ်ချစ်နေတာပါ"

"အမယ်လေးတော် ဘယ်လိုမိန်းကလေးမျိုးက သားကိုအကပ်မခံရတာလဲ၊ ဒီလောက်ခန့်ညားပြီး ထက်မြက်တဲ့ ယောကျ်ားတစ်ယောက်ကိုများ တော်တော်ဂုဏ်အရှိန်အဝါမြင့်မယ်ထင်တယ်"

"နောက်မှပြောပြမယ်"

"မေမေစိတ်ပူအောင် မလုပ်နဲ့နော် သူရိန်၊ မင်းဆန္ဒနဲ့ ရွေးချယ်ခွင့်မရှိဘူး၊ မမလည်းကြည့်မယ်"

"မာနကြီးပါတယ်ဆိုမှဗျာ ကောင်မလေးက ထက်မြက်တယ်၊ ချောတယ်၊ အရမ်းချစ်စရာကောင်းတယ်"

သူ့အခန်းထဲသို့ သူရိန် ပြန်ဝင်လာခဲ့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ကေတု"

"ဟင်...ဒေါက်တာ ခြံဝရောက်နေပါလား၊ ဆေးရုံသွားတော့မလို့လားဟင်"

"ဟုတ်တယ်၊ ကိုယ်အားတယ်လေ၊ ဂျူတီမရှိဘူး၊ မင်းအမေနေကောင်းနေပြီထင်တယ်၊ ဆေးခန်းတောင်မလာတော့ဘူး"

"ဟုတ်ကဲ့...အမေက ကေတု စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ နေမကောင်းရင်တောင် ကေတုကို အသိမပေးဘူးလေ"

"အဲဒါ မဖြစ်သင့်ဘူးနော် ကေတု၊ တော်ကြာ ရောဂါအစိုင်အခဲကြီးသွားရင် ကုရခက်မယ်လေ"





"ဟုတ်တယ်နော်...အမေ့ကိုတော့ ပြောထားရမယ်၊ ကေတုကလည်း သင်တန်းတွေအရမ်းများနေတော့"

"ကေတု"

"ရှင်"

"မင်းကို ပညာရေးဒါနထောက်ပံ့ချင်တယ်၊ မင်းက တော်ပြီး စာကြိုးစားလို့လေ၊ ကိုယ်က သဘောရိုးနဲ့နော်၊ တစ်မျိုး မထင်နဲ့"

"ဟုတ်ကဲ့ ဒေါက်တာကိုတော့ လေးစားပါတယ်၊ ကေတုအတွက် မလိုအပ်ပါဘူး၊ အခမဲ့ပညာရေးဒါနတွေမှာသင်လို့ရတယ်လေ၊ ကေတုလည်း ငွေရှာလို့ရနေတာပဲ၊ အဟဲ ဒေါက်တာ စေတနာကို လေးစားတယ်၊ သွားပြီနော်"

"ကေတု"

"ရှင်"

"မင်း အဲဒီအလုပ်ကိုလုပ်တာ မသင့်တော်ဘူးလားလို့"

"ဘာဖြစ်လို့လဲ ဒေါက်တာရဲ့၊ ကေတုကတော့ သမ္မာအာဇီဝလို့ထင်တယ်၊ အခုခေတ်မှာ မိန်းကလေးပဲဖြစ်ဖြစ် ယောကျ်ားလေးပဲဖြစ်ဖြစ် ရင်ဘောင်တန်းပြီးအလုပ်လုပ်နေကြတာပဲ၊ ခေတ်မီ



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါ၊ မာနတော့ရှိတယ်နော်၊ ကေတုကိုတော့ အထင်မသေးနဲ့၊ ပြဿနာအကြီးအကျယ်တက်သွားမယ်မှတ်၊ တာ့တာ”

သူမထွက်သွားသည်။ ကေတုရာ ဘယ်လိုကောင်မလေးလဲကွာ။ မင်းမျက်ဝန်းလေးတွေက ယောကျ်ားတစ်ယောက်ကို ကြည့်တဲ့အခါ ဖြူစင်နေတယ်။ ကိုယ်လေးစားပါတယ်။ ကေတုက သူ့ကိုပင် အရေးအရာလုပ်ပြီး စကားမပြောပေ။ ဒီကောင်မလေး မာယာများပြနေတာလား။ မဖြစ်နိုင်ဘူး။ သူ့ရိုနဲ့တောင် ပတ်ပတ်သက်သက်မလုပ်။ ကေတုကို သိန်ဲ ဘယ်လိုအကူအညီမျိုးပဲ ပေးပေး လက်ခံမှာမဟုတ်။ ကိုယ်စိတ်ပူနေတယ်။ မဆီမဆိုင် ကွာ။ကေတုကို လို အပ် တဲ့ အသုံး အဆောင် တွေ ဝယ် ပေး ချင် တယ် ။ ပညာရေးအတွက်လည်း မင်းက ထူးချွန်မှာပါ။ သိန်ဲတော့ ဒုက္ခပဲ။ ကေတုအကြောင်းတွေနှင့် ကေတုအမူအရာလေးတွေကို မြင်ယောင်ကာ သူ့မျက်လုံးတွေထဲမှ ဖယ်ထုတ်ပစ်၍မရ။ ဂျာနယ်တွေယူပြီး တိုက်ထဲပြန်ဝင်လာခဲ့သည်။ သူ့အခန်းထဲဝင်ပြီး ဂျာနယ်ဖတ်နေတော့လည်း ကေတုအကြောင်းတွေက တိုးဝင်လာပြန်၏။ ထွက်သမျှဂျာနယ်တွေယူတော့ အများကြီး ဖတ်၍ပင်မနိုင်။ သူ့စာဖတ်နေတုန်း နွေးကဖုန်းဆက်သည်။





“သိန်ဲ နွေးပါ၊ အိမ်ကိုလာခဲ့လေ၊ ရှင် ညစာလည်း မအားလို့လာမစားဘူး၊ အခု ဒီမနက် ရှင့် OFF ဆိုတာ နွေးသိတယ်နော်၊ လာခဲ့”

“အင်း”

“ဘာအင်းလဲ”

“မနက်စာ အဲဒီမှာလာစားမယ်လို့ ပြောတာပါ”

“ပြီးရောနော်…နွေးလည်း စားတယ်လေ၊ မနက်စာစားပြီးတာနဲ့ Shopping ထွက်မယ်နော်”

“ကိုယ်”

“မရဘူး သိန်ဲ လိုက်ပို့နေကျပဲဟာ၊ နောက်တစ်ပတ်အန်တီအိမွေးနေ့လေ၊ ရှင့်အမေမွေးနေ့တောင် မေ့နေပြီလား”

“ဟုတ်သားပဲ”

“မွေးနေ့လက်ဆောင် စိန်လက်စွပ်တစ်ကွင်း ဝယ်မလို့၊ အန်တီအိလက်အတိုင်းတောင် မေးပြီးပြီ”

နွေးက မေမေ့အတွက် စိန်လက်စွပ်တစ်ကွင်းကို အသာလေး မွေးနေ့လက်ဆောင်ပေးနိုင်သည်။ ကေတုကတော့ ဘဝအတွက် မအားမလပ် ရုန်းကန်နေရ၏။ မေမေက နွေးကို ရွေးချယ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားပဲ။ ကေတုဆိုရင်တော့ ခါးခါးသီးသီး ငြင်းပစ်မှာသေချာသည်။

"သိန်"

"ဟင်"

"ဘာတွေတွေးနေတာလဲ၊ ရှင်ငြိမ်သွားလို့"

"ဘာမှမတွေးပါဘူး နွေးရာ၊ ကိုယ်လာခဲ့မယ်လေ"

"ပြီးရော"

နွေးနှင့် စကားပြောရတာ သိန်း စိတ်မပါတော့။ ကေတုလို ကောင်မလေးမျိုးနှင့် ဆုံရပြီး သူ့စိတ်အစဉ်အား ကေတုက အလွှမ်းမိုးကြီး လွှမ်းမိုးလာရသည်။ နွေးနွေးက သူ့ရင်ကို မလှုပ်ခတ်နိုင်။ ကေတုပဲ သူရိန်ကလည်း ကေတုကိုချစ်တယ်တဲ့။ ဘာတွေလဲ။ သိန်ကလေးတွေနှင့် လုရတော့မလိုဖြစ်နေသည်။ ကေတုအကြောင်းတွေ တစ်ဝကြီးတွေးဖြစ်နေပြီးမှ စိတ်မပါဘဲ နွေးနွေးတို့အိမ် ထွက်လာသည်။

"သိန်း လာလေ ဒီမှာ နွေးကိုယ်တိုင် ရှင်ကြိုက်တဲ့စားစရာတွေ ပြင်ထားပေးတာနော်"

"မောင်သိန်ရေ...မင်းသူငယ်ချင်းကတော့ မအိမွေးနေ့

ဒိ:မိ:၀၁၄ပ



အတွက် အမြဲတမ်းသတိရပြီး ပြင်ဆင်နေတယ်၊ ညတိုင်းဖုန်းဆက်တယ်လေ"

နွေး မင်းက ချွေးမကောင်းအဖြစ် အမှတ်တွေယူနေတာလား။ ချွေးမက မင်းမဖြစ်နိုင်တော့ဘူးထင်တယ်။ ကေတုများဖြစ်နေမလား။ ဖူးစာရေစက်ဆိုတာ ရှိနေမလား။ သိန် ထမင်းစားပွဲရောက်တော့ စားစရာတွေက စားပွဲနဲ့အပြည့်ပဲ။ သိန် ကြိုက်တဲ့အစားအသောက်တွေပဲ။ သူရိန်က ထမင်းစားပွဲသို့ရောက်မလာပေ။ နွေးနဲ့ နှစ်ယောက်တည်းဖြစ်နေသည်။

"အန်တီနဲ့သူရိန်ရော"

"သူရိန်က သူ့အခန်းထဲလာပို့ဖို့ မှာထားတယ်၊ မေမေက အပြင်သွားပြီလေ"

နွေးက ပြုံးရယ်ပျော်ရွှင်နေသလောက် သိန် မရယ်နိုင်။ စိတ်တွေမွန်းကြပ်ပိတ်လှောင်နေသလိုပင်။ သူ့ခံစားချက်တွေက အရင်ကနှင့်မတူတော့ ကေတုကို တမ်းတနေသည်။

"သိန်"

"ဟင်"

"ရှင်ဘာဖြစ်နေတာလဲလို့၊ တစ်မျိုးကြီးပဲကွာ၊ ရှင့်မှာ

ဒိ:မိ:၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



စိတ်အနှောင့်အယှက်ဖြစ်စရာတွေ ရှိနေလို့လား”

“ဟာ မရှိပါဘူးနွေး၊ ကိုယ်အလုပ်တွေများနေတယ်၊ ဆေးရုံမှာ အရေးတကြီးလူနာရှိလို့ အဲဒီအကြောင်းတွေက ကိုယ့်အတွေးထဲဝင်နေလို့”

“ရှင်ကလေ လူမှုရေးတွေ အရမ်းများတယ်၊ နွေးနဲ့ လက်ထပ်ပြီးရင်တော့ အဲဒီလူမှုရေးတွေ ဖယ်ရှားပစ်ရမယ်”

သူ နွေးကို လက်မထပ်ချင်တာ သူနှင့်အကျင့်စရိုက်မတူလို့ပဲ။ လူမှုရေးမှုရှိ။ ကိုယ့်ထက်နိမ့်ကျတဲ့ သူတွေကိုလည်း ကူညီရမှန်းမသိ။ နွေးကို မချစ်တာလည်းပါသည်။

“စားလေသိန်း…နေ့တိုင်း နောက်ဆို နွေးလက်ရာပဲစားရမှာနော်”

နွေးက သူ့ကို အပြတ်ချည်နှောင်ထားနေပြီဆိုတာ သူသိနေသည်။ နွေးလက်ရာက အန်တီချက်ပေးတာပါ။ နွေး အဲဒီလို မဟုတ်မဟတ်တွေပြောဆိုနေတာလည်း သိန်းမကြိုက်။ အား…နွေးဆီမှာ သိန်းမကြိုက်တာတွေ အများကြီးပဲ။ အခုလိုကြီး နွေးကို မကြိုက်တာကြီးတွေပဲဖြစ်နေသည်။ သိန်း လွန်တာလား။ နဂိုကတော့ မေမေစိတ်ချမ်းသာအောင် နွေးနှင့် လူကြီးတွေစီစဉ်တာကို





မငြင်းခဲ့။ သူ နွေးကိုပဲ လက်ထပ်သင့်တာလား။ အဆင့်အတန်းဂုဏ်တွေဘာတွေလည်း သိန်းကိုယ်တိုင် မနှစ်သက်ခဲ့တဲ့အရာတွေဖြစ်သည်။

“နောက်ဆို ရှင် ဆေးရုံကဂျူတီပြီးတာနဲ့ နွေးလာကြိုမယ်၊ အခမဲ့ဆေးခန်းတွေဘာတွေ လုံးဝပဲ”

“ကိုယ်ဝါသနာပါတဲ့ အလုပ်တွေကိုတော့ မတားဆီးသင့်ဘူးထင်တယ်နွေး”

“တားဆီးမှာပဲ၊ အပိုတွေ အချိန်ကုန်တယ်၊ ရှင့်အတွက် ကိုယ်ပိုင်ဆေးခန်းဖွင့်မလို့”

“နွေး”

“ရှင်ဝါသနာပါတဲ့ လူမှုရေးတွေ အခုလုပ်ထား၊ နွေးက အန်တီအိမ်နဲ့တောင် ဆွေးနွေးထားပြီးပြီ၊ နွေးလေးသဘောပဲတဲ့၊ မကြာခင် နွေးလေးပိုင်တော့မယ်လေတဲ့”

သူစိတ်ပျက်မိသည်။ မေမေကလည်း နွေးလေး နွေးလေးနှင့် နွေးက မေမေ့ကိုကပ်ပြီး ချွဲနေတာပါ။ လက်မထပ်ရသေးဘဲနဲ့ နွေးက အပိုင်ချည်နေပြီ။ ထမင်းစားရတာ ခံတွင်းမတွေ့။ သိန်းပြန်ချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



“စိန်လက်စွပ်က မှာထားပြီးပြီလေ သိန်း၊ သွားယူရုံပဲ ယောက္ခမကြီးကို ပျော်ရွှင်သွားအောင်လေ၊ ချေးမလောင်းက ပြသရ မယ်”

မင်းအကြောင်း ကိုယ်မသိဘူးထင်နေလား နွေး။ ကိုယ်က တစ်ဦးတည်းသောသားလေ မေမေ့ဆီမှာရှိနေရင်လည်း မင်းပဲရမှာပဲ မဟုတ်လား။ နွေးက လည်လွှန်းသည်။ ထမင်းစားပြီးတော့ အဝတ် အစားလဲဦးမည်ဆိုပြီး အခန်းထဲဝင်သွား၏။ သူ ဖျင်းလာသည်နှင့် သူရိန့်အခန်းထဲ ဝင်လာသည်။

“သူရိန်”

“ကိုသိန်း ထမင်းစားပြီးပြီလား”

“အေး”

“သူရိန် အပြင်တောင်မထွက်ချင်ဘူး၊ စိတ်ညစ်နေတယ ဗျ။ မေမေက ကေတုဂျာနယ်လာပို့မှာ လုံးဝလက်မခံဘဲ အကြော အကာန်ငြင်းနေလို့လေ”

ကိုသိန်းရောက်လာမှန်း သိနေပေမယ့် သူရိန် တမင်မထွက တာပါ။ မေမေနဲ့မမကို မမြင်ချင်တော့။ လူလူချင်း အဆင့်အတ ခွဲခြားဆက်ဆံကာ သူရိန်မကြိုက်။ ကေတုက ကြိုးစားနေတာပါ

ဝိုး : မိုး : ၈၇၆ပ



ကိုယ်ကျင့်တရား ပျက်ပြားတာမရှိပေ။ ကေတုနှင့် နေ့စဉ်တွေ့ဆုံနိုင် ဖို့ သူရိန် စဉ်းစားနေသည်။

“ကိုသိန်း”

“ဟင်”

“ကိုသိန်းတို့ခြံ ကေတုဂျာနယ်ပို့နေတာ မေမေတို့သိလား”

“မသိဘူးထင်တယ်၊ ကိုယ်လည်း ပြဿနာတွေတက်မှာ စိုးလို့ မပြောပြတာ”

“ကောင်းတယ်”

“ဘာဖြစ်လို့လဲကွ”

“ကေတုကို နေ့စဉ်တွေ့နိုင်မယ့်နည်းလမ်း ရှာနေတာ၊ မနက်တိုင်း ကိုသိန်းခြံကို လာရင်ပြီးတာပဲလေ”

သူရိန့်က ဝမ်းသာအားရ ထခုန်မတတ် ပြောနေ၍ ကေတု အပေါ် မင်းတော်တော်ရူးသွပ်နေတာပဲဟု သိန်းသိလိုက်သည်။ ဒုက္ခ ပါပဲကွာ မင်းနဲ့မှ ရည်းစားလုဖက်ဖြစ်ရတော့မလား။ သိန်း ကန့်ကွက် ၍လည်း မဖြစ်။ ကေတုကို သူလည်းချစ်နေတယ်လို့ သူရိန့်ကို ပွင့်ပွင့်လင်းလင်း ပြော၍မှမဖြစ်တာပဲ။ သူရိန့်က ကေတုအား ချစ်မြတ်နိုးမိနေကြောင်းတွေ တတွတ်တွတ်ရင်ဖွင့်နေသည်။

ဝိုး : မိုး : ၈၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ကိုသိန်း မေမေနဲ့မမနွေးကို ဘာမှမပြောပြနဲ့နော်၊ သူရိန် မနက်တိုင်းလာခဲ့မယ်၊ ကေတုနဲ့ဆုံဖို့လေ၊ မျက်နှာလေးကို တစ်နေ့မမြင်ရရင် မနေနိုင်လောက်အောင်ကို ချစ်နေတာ"

မလာနဲ့လို့လည်း ပြော၍မဖြစ်။ လာလေကွာဟုပဲ ပြောရသည်။ သိန်း မင်းမှားနေတာပဲ။ သူရိန်နဲ့ပဲလိုက်ဖက်ပါတယ်လေ။ အရှက်မရှိ ကေတုလို ကောင်မလေးကို သူရိန်နဲ့အပြိုင် လုမလို့လား။ စိတ်တွေကို ထိန်းချုပ်ရမယ်။ မဖြစ်သင့်တာပဲ။ သူ့စိတ်တွေကို နွေးဆီမှာပဲ နှစ်မြုပ်ထားနိုင်ဖို့ ကြိုးစားမယ်။ တော်ပြီ ကေတုနဲ့ မတွေ့တော့ဘူး။ သူရိန်နဲ့ပဲ နီးစပ်ကြပါစေ။ သူရိန်လည်း လူတော်ပဲ။ အပြစ်ပြောစရာမရှိ။ သိန်းထက်ပင် ငယ်ရွယ်နုပျိုတက်ကြွသည်။ နွေးကိုခေါ်၍ သူပြန်ထွက်လာခဲ့၏။ ကေတုကိုလည်း သူ့အတွေးထဲကနေ အပြီးအပိုင် မောင်းထုတ်ပစ်ပြီး နွေးကိုပဲ လက်ထပ်ဖို့ ဆုံးဖြတ်ထားသည်။

❖ ❖ ❖

## အခန်း (၈)

နွေးနှင့်အတူ စိန်တိုက်ကိုသွားပြီး မေမေ့အတွက် မွေးနေ့လက်ဆောင် စိန်လက်စွပ်ဝယ်သည်။ အဖိုးတန်ပဲ။ နွေးကတော့ အမှတ်တွေယူနေတာပဲ။ သိန်းက တစ်ဦးတည်းသောသား၊ အမွေခွဲဝေပေးစရာမရှိ။ သိန်း မေမေက ဘိုးဘွားစဉ်ဆက် ချမ်းသာလာကြတော့ အမွေတွေက အများကြီးပဲ။ စိတ်ပျက်လိုက်တာ။ နွေးသဲသဲလှုပ်လှုပ် အမြင်ကတ်စရာကောင်းအောင် ပြာယာခတ်နေသည်။

"အန်တီအိလား…နွေးလေ အန်တီအိမွေးနေ့အတွက် တန်ဖိုးကြီးပြီး အရည်အသွေးကောင်းတဲ့ စိန်လက်စွပ်တစ်ကွင်းဝယ်နေတာသိလား၊ ခဲသွေးကို လက်လက်စင်နေတာပဲ၊ အန်တီအိဘယ်တော့ ရန်ကုန်ဆင်းလာမှာလဲဟင်၊ နွေး ပြုစုချင်လှပြီ၊ အရမ်း

ဂုံ:မို ၁၁၉ပ

ဂုံ မို ၁၁၉ပ

www.burmeseclassic.com

www.burmeseclassic.com



လွမ်းနေတယ်''

အပိုတွေ။ မေမေက နွေးမှနွေးပဲ။ သမီးမရှိလို့ နွေးကို သမီးလေးတစ်ယောက်လို ငယ်ငယ်လေးထဲက ချစ်သည်။ ထိန်းကျောင်းချီပိုးနေခဲ့၏။ နှစ်ဘက်မိဘတွေက ဂုဏ်ဒြပ်တူတွေ ဖြစ်သလို ခင်မင်ကြ၍ သူနဲ့နွေးကို ငယ်ငယ်လေးထဲက စကားစ ထားကြတာ့ နှစ်ဘက်လုံး တခြားကောင်မလေးတွေ ကောင်လေး တွေနှင့် မရှုပ်ထွေးအောင် မိဘတွေ ထိန်းသိမ်းထားကြသည်။

''သိန်နဲ့လိုက်ဝယ်နေတာလေ''

နွေးပြောနေတဲ့စကားတွေကို နားကြားပြင်းကပ်လာသဖြင့် ပစ္စည်းတွေလျှောက်ကြည့်သလိုနှင့် ရှောင်ထွက်လာခဲ့သည်။ သိန် ပြောင်းလဲလာ၏။ ကေတုနှင့် တွေ့ဆုံပြီးထဲက နွေးကို ယခင်က ထက်ပိုပြီး အမြင်ကတ်နေမိသလိုပင်။ ကေတုကြောင့်လား မဖြစ် သင့်ဘူးဆိုတာ သိနေပေမယ့် သိန်အတွေးက ရှိင်းချင်နေသည်။ ကေတုအား သူ့နှလုံးသားထဲကနေ ဖယ်ထုတ်ပစ်၍လည်း မရခဲ့။ သူ့ဂုဏ်သိက္ခာတွေ မေမေစိတ်သောကရောက်မှုတွေ၊ ကလေးဆန် တဲ့ ကောင်မလေးကို သူ့ချစ်သူအဖြစ် ဇနီးမယားအဖြစ် ရွေးချယ် သင့်ရဲ့လား။ နွေးကလည်း သူ့ကိုမေ့ပြီး မိန်းကလေးအသုံးအဆောင်

နိ : မိ : ၈ ၁ ၄ ပ



တွေ လိုက်ကြည့်နေသည်။ သိန် အပြင်ထွက်လာခဲ့၏။ နွေးနောက် လိုက်နေရတာ မွန်းကြပ်လာ၍ ကားဆီပဲပြန်ရောက်လာခဲ့သည်။

''ဟင်''

သူ အံ့ဩထိတ်လန့်စွာ သူမြင်လိုက်ရတဲ့မြင်ကွင်းအား ကြည့်ပြီး သေချာသထက်သေချာစေရန် ကြည့်သည်။

''ကေတုပါလား၊ နောက်ကလိုက်နေတဲ့ကောင်တွေက ဘာတွေလဲ''

ကေတုက ကျောပိုးအိတ်လေးလွယ်ပြီး ရှေ့မှသုတ်သုတ် လျှောက်နေကာ နောက်မှ ဆေးမှင်ကြောင်တွေထိုးထားတဲ့ ကောင်လေးသုံးယောက်က နောက်မှကပ်လိုက်နေသည်။ တစ်ခု တော့ တစ်ခုခုပဲ။ မရိုးသားနိုင်။ ကေတုမျက်နှာက ရှုတင်းနေပြီ။ ကောင်လေးတွေက ပြီတီတီနှင့် ပူးကပ်အတင်းလိုက်နေသည်။ ကေတုနောက်လိုက်ပြီး ပေါက်ကရတွေ လိုက်ပြောနေကျပါပဲ။ သိန် စိတ်ပူသွားမိ၏။ ဘာမှစဥ်းစားမနေတော့ဘဲ ကေတုနောက်လိုက် သွားသည်။

''ဒီကောင်တွေ ဘာလုပ်တာလဲ၊ အတင်းကပ်ထားတယ်၊ ကေတုကရော ဘာဖြစ်လို့ လူရှင်းတဲ့နေရာကို သွားနေရတာလဲ''

နိ : မိ : ၈ ၁ ၄ ပ

www.burmeseclassic.com

www.burmeseclassic.com



သိန်း နောက်မှခပ်သုတ်သုတ်ပြေးလိုက်လာသည်။ လမ်းကြားထဲတွင် ကားတစ်စီးရပ်ထား၏။ ကေတုအား ထိုကားပေါ် တက်ခိုင်းနေပုံပင်။ ကေတုက ငြင်းဆန်ပြီး တုံ့ပြန်ဖို့ကြိုးစားလိုက်စဉ် ကောင်လေးတွေက အတင်းချုပ်ကိုင်ပြီး ကားပေါ်တက်စေသည်။

"ဟေ့ကောင်တွေ…ဘာလုပ်တာလဲ၊ လွှတ်လိုက်စမ်း၊ မင်းတို့ဘာကောင်တွေလဲ"

"ဟင်…ဒေါက်တာ"

"ခင်ဗျားနဲ့ဘာဆိုင်လို့လဲ၊ ဝင်မရှုပ်ရင် ကောင်းမယ်နော်"

"ငါ့ညီမကွ၊ မင်းတို့ထွက်သွားကြတော့ ပြဿနာမတက်ခင်"

"မသွားဘူးဗျာ၊ ကျုပ်တို့ပါးစပ်နားရောက်ခါနီး သားကောင်ကို ခင်ဗျားက လာပုတ်ချတာပဲ ငနီ"

"ဒုတ်"

"အား"

"ဒုတ်…ဒုတ်"

"ကေတု ပြေးလေ၊ ထွက်သွားတော့၊ ကိုယ့်ကိုထားခဲ့ ပြေးလေ"





"ဟင့်အင်း…ဒေါက်တာကိုမလုပ်ပါနဲ့၊ ရှင်တို့ခေါ်ရာ ကျွန်မလိုက်မယ်"

"ဒုတ်…ဒုတ်"

"မဆိုင်တဲ့ကိစ္စမှာ ဝင်ရှုပ်ချင်တဲ့လူ အသေချပစ်မယ်"

"ဒုတ်…ဒုတ်"

"အမလေး"

"ဟေ့ကောင်တွေ ကားပေါ်တက်၊ လူတွေဝိုင်းအုံလာပြီ ထားခဲ့၊ ပြေးကြစို့"

လူမိုက်ကောင်လေးတွေ အားလုံး ကားပေါ်တက်ပြီး မောင်းထွက်သွားကြသည်။ လူတွေက ဝိုင်းအုံလာကြ၏။ သိန်းက ဘာမှပြောမနေတော့ဘဲ ကေတုလက်လေးကိုဆွဲကာ အငှားကားပေါ် တက်ပြီး သူ့အိမ်ပဲပြန်လာခဲ့သည်။

"ဒေါက်တာ ဘာဖြစ်သွားသေးလဲဟင်၊ အမယ်လေး သွေးတွေ၊ ကေတုကို ဒေါက်တာမြင်လိုက်လို့ တော်သေးတာပေါ့"

ဒေါက်တာ့ခေါင်းက သွေးတွေစီးကျလာနေ၍ ကေတု ထိတ်လန့်သွားရသည်။ ဒေါက်တာရောက်လာလို့ ကေတု ကံကောင်းသွားတာပါ။ ကေတုတစ်ယောက်တည်းသာဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီးမတွေးရဲတော့။ ဒေါက်တာ့ကို ကေတု မျက်ရည်တွေဝဲနေတဲ့ မျက်ဝန်းတွေနှင့် ကြည့်မိနေသည်။

“ဆေးခန်းကိုမောင်းရမလားဟင် ဒေါက်တာ”

“မမောင်းနဲ့၊ ကိုယ့်အိမ်ပြန်မယ်၊ ဘာမှမဖြစ်ပါဘူး၊ အိမ်ရောက်ရင် ကိုယ့်သူငယ်ချင်းကိုခေါ်လိုက်မယ်”

“ဖြစ်ရဲ့လားဟင်၊ ဒေါက်တာမူးလားဟင်၊ ဒီကောင်တွေမှာ ဓားပါတယ်၊ ကေတုကို ထောက်ထားတာပါ”

“ဟင်”

“ပထမတော့ မကောင်းတဲ့မိန်းကလေးထင်ပြီး ကပ်တာပါ၊ ကေတုက ရန်စွာတော့ ဓားနဲ့ထောက်ထားပြီး သူတို့ကားဆီ သွားခိုင်းတာလေ”

“ကေတုရယ် ဖြစ်မှဖြစ်ရလေ၊ ကိုယ်တွေ့သွားပေလို့သာပေါ့ ဒုက္ခရောက်တော့မလို့”

“ဒေါက်တာ့ကို ကျေးဇူးတင်ပါတယ်၊ ကေတုကြောင့် ဒီလိုဖြစ်ရတာ စိတ်မကောင်းပါဘူးနော်”

အိမ်ရောက်တော့ သိန်းက သူငယ်ချင်း ဒေါက်တာ မြင့်နိုင်ဆီ လှမ်းဖုန်းဆက်ပြီး လာခဲ့ဖို့ ခေါ်လိုက်သည်။





“သွေးတွေ ဒေါက်တာ၊ ဆေးခန်းမသွားလို့ဖြစ်ပါ့မလားဟင်”

“ဖြစ်ပါတယ်၊ တော်ကြာ ပြဿနာတွေရှုပ်ကုန်လိမ့်မယ်၊ ကိုယ့်သူငယ်ချင်းရောက်လာရင်ရပြီ”

ဒေါက်တာရယ် ကေတု စိတ်မကောင်းလိုက်တာ။ လူကြီးလူကောင်း ဆရာဝန်တစ်ယောက်က လူဆိုးလူမိုက်တွေရဲ့ အရိုက်အနှက်ကိုခံရတာ လူကြားလို့ပင် မသင့်ပေ။ ဒေါက်တာက သွေးတိတ်အောင် သန့်ရှင်းရေးလုပ်နေတော့ ကေတုလည်း အကူအညီပေးနေသည်။

“ကေတုပြန်တော့လေ၊ ကိုယ်ဘာမှမဖြစ်ပါဘူး၊ ပတ်ဝန်းကျင်ကလူတွေ မြင်သွားရင် တစ်မျိုးထင်လိမ့်မယ်၊ ပြန်ပါ”

“ဟို…ဟို”

“ဘာမှမဖြစ်ဘူး၊ ကိုယ့်သူငယ်ချင်းလာတော့မှာလေ၊ စောစောကကား ခြံထဲမှာစောင့်နေတယ်၊ ဦးလေးမြ အဖော်လိုက်ပေးလိုက်ပါ”

“ဒေါက်တာ”

“ရပြီ၊ နောက်မှတွေ့မယ်၊ မနက်ဖြန်တော့ လူနာသတင်း



www.burmeseclassic.com

www.burmeseclassic.com



လာမေးသင့်တယ်နော်"

ကေတု မပြန်ချင်သေးပေမယ့် ကြာကြာနေလျှင် ပတ်ဝန်းကျင်က အပြစ်ပြောစရာဖြစ်မှာစိုး၍ ကေတု ပြန်လာခဲ့သည်။ ဖြစ်မှ ဖြစ်ရလေ ဒေါက်တာရယ်။ အဖြစ်အပျက်တွေက ပြန်မတွေးရဲစရာပင်။ ဒေါက်တာသာ ရောက်မလာရင် ကေတုဘဝ နစ်မွန်းပြီပဲ။ ဒေါက်တာကယ်ပေလို့ ကေတု မပြန်ချင်သေးပေမယ့် ဒေါက်တာက ပြန်ခိုင်းနေ၍ ကေတု ပြန်ခဲ့ရသည်။

"ကေတု သွားမယ်နော်၊ နောက်နေ့မှ လူနာလာကြည့်မယ်၊ အိမ်ရောက်ရင် ဖုန်းဆက်မေးချင်လို့ ဟို…ဟိုလေ ဒေါက်တာ့ ဟမ်းဖုန်းနံပါတ်လေး ပေးပါနော်"

"ဟုတ်သားပဲ၊ ကိုယ့်ဖုန်းနံပါတ်ရေးပေးလိုက်မယ်၊ ကေတု ပြန်နော်၊ စိတ်မပူနဲ့၊ ကိုယ်ဘာမှမဖြစ်ဘူး"

ကေတုပြန်သွားတော့မှ သူငယ်ချင်းမြင့်နိုင် ရောက်လာသည်။ အကျိုးအကြောင်းပြောပြတော့ မင်းသေနိုင်တယ်ဟုပြောပြီး ဆေးထည့်ပေး၏။ သူကတော့ လမ်းဘေးမှာ ကောင်မလေးတစ်ယောက်ကို ကောင်လေးသုံးယောက်က အနိုင်ကျင့်နေလို့ ဝင်ကူညီရင်း အရိုက်ခံရတာဟုပဲ ပြောပြသည်။

နိ မို ၀၁၉၁



"မင်းသေနိုင်တယ် သိန်း၊ လူမှုရေးတွေများလွန်းနေပြီ၊ အန္တရာယ်ရှိတယ်ကွ"

"မတတ်နိုင်ဘူးလေ၊ ကိုယ်က လက်ပိုက်ပြီးမှ ကြည့်မနေနိုင်တာပဲ"

"မင်းအကျင့်ကို သိပါတယ်ကွာ၊ ဒါပေမယ့် ကောင်မလေးက ဘာအကန့်ရှိလည်းမှမသိတာ၊ အဲဒီလိုကိစ္စတွေ ဝင်မရှုပ်တာ ကောင်းတယ်သိန်း၊ အခုတော်သေးတာပေါ့ နည်းနည်းပါးပါးပဲ ကွဲလို့၊ မင်းခန္ဓာကိုယ်မှာလည်း ဒဏ်ရာတွေနဲ့ မသေကောင်း မပျောက်ကောင်းကွာ"

မြင့်နိုင်က တဗျစ်တောက်တောက်ပြောရင်း ဆေးထည့်ပေးသည်။ ကေတုပြန်သွားလို့ တော်ပါသေးရဲ့။ သွေးအေးသွားမှ သိန်းတစ်ကိုယ်လုံး နာကျင်လာ၏။ ဒေါက်တာမြင့်နိုင် ပြန်သွားသည်။ သူ့ အိမ်ရာပေါ်လှဲမလို့ပြုစဉ် နွေးဆီမှ ဖုန်းဆက်၏။ သူ့ကားထားခဲ့ပြီး နွေးနွေးကားနှင့်သွားကြတာဖြစ်၍ နွေး ဒေါသတကြီး ဖုန်းဆက်နေသည်။

"ရှင်ဘယ်ရောက်သွားတာလဲ၊ ထွက်ပြေးသွားတာလား ဟင် သိန်း၊ ဒီမှာဖြင့်ရှာလိုက်ရတာ အခုဘယ်မှာလဲ"

နိ - မို : ၀၁၄၇

www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ"

"ဘာ"

"ကိုယ်တောင်းပန်ပါတယ် နွေး၊ သူငယ်ချင်းတစ်ယောက်နဲ့ တွေ့လို့ အရေးတကြီးလိုက်သွားမိတာလေ"

"ကြည့်စမ်း…ဒီလိုလုပ်စရာလား သိန်၊ အခုပြန်လာခဲ့၊ အဲဒီဆိုင်ကပဲ စောင့်နေတယ်"

"မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ၊ ရှင့်ကိစ္စတွေက နွေးလောက်ပဲ အရေးကြီးရလား၊ အိမ်ဆို ရှင့်ကားရှိနေတာပဲ ပြန်လာ"

"မဖြစ်ဘူးနွေး၊ မင်းပဲပြန်လာလိုက်ပါတော့ကွာ၊ ကိုယ်ဘယ်လိုမှ ပြန်လာလို့မရတဲ့အခြေအနေဖြစ်နေလို့ပါ"

"သိန်"

"ကိုယ်တောင်းပန်တာပါ၊ ဘယ်လိုမှနွေးဆီ ပြန်လာလို့ မဖြစ်ဘူး၊ မင်းပဲပြန်ခဲ့ပါ"

သူ ဖုန်းပိတ်ပစ်လိုက်သည်။ မတတ်နိုင်တော့ဘူး နွေး။ ကိုယ်က ကေတုကို မေ့ပစ်ဖို့ကြိုးစားကြည့်တာပါ။ ကံကြမ္မာက ဆုံဖို့ဖြစ်နေတယ်။ ကေတုကြောင့် ဒဏ်ရာအနာတရတွေရခဲ့ပေမယ့်

နိုးမိုး၀၁၄ပ



သူ့စိတ်ထဲမှာ ပျော်ရွှင်တက်ကြွနေသည်။

"မောင်သိန်…ကောင်မလေးကိုပြန်ပို့ပြီးပြီ၊ အရမ်းဆင်းရဲတဲ့ ကောင်မလေးပဲ၊ ဒါပေမယ့် ဒီကောင်မလေးစိတ်ဓာတ်ကိုတော့ ဦးမြ လေးစားမိတယ်"

"ကောင်မလေးက ဖြူစင်ပါတယ်ဦးမြ၊ သိန်လည်း မထင်မှတ်ဘဲ တွေ့လိုက်ရတာ"

"ကံကောင်းလို့ကွယ်၊ အင်းလေ မောင်သိန်က လူမှုရေးသမားပဲ၊ အသက်အန္တရာယ်တော့ မထိခိုက်နိုင်ပါဘူး"

ကေတု သူမအိမ်ပြန်ရောက်သွားပြီဖြစ်၍ သိန် စိတ်အေးသွားသည်။ နွေးကတော့ ဒေါကန်နေမှာပဲ။ သူ ပြဿနာဖြစ်တဲ့ ကောင်မလေးက ဂျာနယ်ပို့တဲ့ ကေတုဆိုတာ သိရင် ပိုပြီးတော့ ဒေါသတွေပေါက်ကွဲမှာ သေချာ၏။ သိန်လည်း အမှတ်မထင်ဖြစ်ပျက်သွားခဲ့တာပါပဲ။ သူ ဆေးသောက်ပြီး အိပ်ပစ်လိုက်သည်။

❖ ❖ ❖

နိုးမိုး၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

သိန်း မကြီးမငယ်နှင့် ကေတုဆီကဖုန်းကို မျှော်နေမိသည်။ ကေတုကိုလည်း တစ်ယောက်တည်း သွားလာနေတာကို စိတ်ပူနေ၏။ ဘာဖြစ်လို့လဲကွာ ကိုယ်က ကေတုဆိုတဲ့ကောင်မလေးအတွက် အသက်ပေးပြီး ကာကွယ်ပေးရမယ်ဆိုရင် အသက်တောင်ပေးပစ်ချင်တယ်။ သူ့ကို ဝိုင်းရိုက်ကြတာပဲ ကျေးဇူးတင်ရမလိုလိုပဲ။ ဒဏ်ရာက နာကျင်နေသည်။ ကေတု ဖုန်းဆက်မည်ဆို၍ သိန်းစောင့်နေမိ၏။ ညနေစောင်းတော့ ဖုန်းလာသည်။

"ကေတု"

"ဒေါက်တာ ဘယ်လိုနေသေးလဲဟင်၊ ဒဏ်ရာက နာနေလား"

ဝိ.မို:ဗ၁၈ပ



"နာနေတယ်၊ ဒါပေမယ့် ဘာမှမဖြစ်ပါဘူး ကေတု ခွင့်ယူထားတယ်"

"ကေတု လာကြည့်ချင်တယ်၊ ဟိုလေ ကေတုကြောင့်ဖြစ်ရတာမို့ပါ"

"မနက်မှဝင်ခဲ့လေ ကေတု၊ အခုတော့ ကေတုထွက်မလာနဲ့နော်"

"အုပ်စိုးနဲ့လာခဲ့မယ်"

"နေ…နေ မနက်မှပဲလာတော့နော် ကေတု၊ ကိုယ်စိတ်ပူတယ်၊ ဟိုကောင်လူမိုက်တွေက မင်းနဲ့တကယ်ပဲ မသိဘူးလား"

"မသိပါဘူး၊ လမ်းမှာတွေ့ကြတာပါ"

"အေးကွာ…ကိုယ်အရမ်းစိတ်ပူနေတယ်၊ ကေတုအတွက်အန္တရာယ်တွေရှိတယ်၊ သတိထားပါ၊ ကိုယ်က မိန်းကလေးဆိုတာ မမေ့နဲ့ဦးကွာ"

"ဟုတ်ကဲ့ပါ"

"အုပ်စိုးမပါဘဲ ဘယ်မှမသွားနဲ့"

"ဟုတ်ကဲ့"

"အနားယူတော့ ကောင်မလေး"

ဝိ.မို:ဗ၁၈ပ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဒေါက်တာက ဖုန်းပိတ်သွား၍ ကေတု သွားကြည့်ချင်နေ တာပါ။ ကေတုကြောင့် သေတော့မလို့။ အမယ်လေး တွေးတော မတွေးရဲ။ အမေ့ကိုလည်း ပြောမပြရဲပေ။ အုပ်စိုးကိုပင် အသိမပေ ခဲ့။ ကေတု ဖုန်းဆက်တဲ့နေရာကို အုပ်စိုးရောက်လာသည်။

"ကေတု"

"ဟင်"

"နင်ဘာတွေဖြစ်နေတာလဲ ကေတု၊ တစ်ယောက်တည် အလုပ်တွေရှုပ်နေသလိုပဲ"

"ဘာမှမဟုတ်ပါဘူး"

"နင့်ကိုသတိပေးရဦးမယ် ကေတု"

"ဘာလဲ"

"နင်ဟိုလူတွေကို အထင်မကြီးနဲ့နော်"

"ဘယ်လူတွေလဲဟ"

"သူရိန်"

"ဟာ"

"ဒီလူက နင့်ကို စိတ်ဝင်စားနေတယ်တဲ့"





"လုံးဝပဲ"

"သူရိန့်ကတော့ လူတော်လူကောင်းပါ၊ ဒါပေမယ့် နင်နဲ့ အဆင့်အတန်းချင်းက ကွာတယ်လေ"

"ငါ ဒါမျိုးတွေ လုံးဝစိတ်မဝင်စားဘူး၊ အဲဒီသူရိန့်ဆိုတဲ့ လူကိုတောင် ငါ့ကိုလာပြီးမပတ်သက်ဖို့ အပြတ်ပြောပစ်လိုက်တယ်"

"နင်တကယ်ပြောတာလား"

"အင်း"

"အခု နင်ဖုန်းသွားဆက်တာ ဘယ်သူ့ဆီလဲ"

"နင်နဲ့ဘာဆိုင်လို့လဲ အုပ်စိုး၊ မစပ်စုနဲ့နော်"

ကေတုက ဇတ်ဇတ်ကြဲမို့ အုပ်စိုးလည်း စပ်စပ်စုစုမမေးရဲ ပေ။ သူရိန့်ကိုတော့ မကြိုက်ဘူးဆိုတာလည်း ဖြစ်နိုင်ပါ့မလား။ ဒါပေမယ့် ကေတုက မာနရှိသည်။ မရ သူမဘဝကို ရုန်းကန်၍ ကြီးပွားအောင်မြင်မှု အထွတ်အထိပ်ရောက်အောင် ကြိုးစားချင်သည်။ အုပ်စိုးကိုလည်း သူငယ်ချင်းထက်မပို။ သူ့ဘဝကလည်း မပြည့်စုံ ၍ ကေတုကိုချစ်တယ်လို့ ရဲရဲတင်းတင်း ဖွင့်ဟပြောဆိုနိုင်ခြင်းမရှိ ပေ။ ကေတုမျက်နှာလှလှလေးကို အုပ်စိုးကြည့်မိနေသည်။

"အုပ်စိုး နင် ဘာဖြစ်နေတာလဲ၊ အကြည့်ကိုက မယုံ



www.burmeseclassic.com

www.burmeseclassic.com



သက်ာနဲ့၊ ကေတုကို ငွေမက်ပြီး သူဌေးသားကို ရွေးချယ်မယ်မထင်နဲ့နော်၊ ဝေးသေးတယ်''

''နင့်မှာ တကူးတက ဖုန်းဆက်စရာ ဘယ်သူရှိနေလို့လဲ''

''အရှုး''

ကေတု အိမ်ထဲဝင်လာခဲ့သည်။ ဒေါက်တာနှင့် သူမ တွေ့ကြုံခဲ့တဲ့ အဖြစ်အပျက်တွေကို ဖွင့်မပြောပြချင်မိ။ အိမ်လေးထဲ ဝင်လာတော့ အမေက ဒေါက်တာဆေးခန်းတောင် မထိုင်နိုင်ဘူး။ နေမကောင်းလို့တဲ့သမီးဟု ဆီးပြောသည်။

''ဟုတ်လား အမေ''

''ခေါင်းရင်းအိမ်က မရီတို့ဆေးခန်းသွားတာ ပိတ်တယ်တဲ့၊ ဒေါက်တာလေး နေမကောင်းလို့တဲ့၊ အစားဝင်ပေးတဲ့သူကိုတော့ လွှတ်ထားတယ်တဲ့''

''အင်း''

''ဒေါက်တာလေးက အရမ်းစေတနာရှိတာပဲသမီးရယ်၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ''

အမေက ဆုပေးနေသည်။ ကေတုကြောင့် ဒဏ်ရာတွေရသွားတာ အမေသိလို့မဖြစ်ဘူး။ ကေတုကိုလည်း အမေက အရမ်း





စိတ်ပူတတ်သည်။ အိမ်လေးထဲရောက်တော့ အိပ်ရာပေါ်လှဲချပြီး ဒေါက်တာအကြောင်းတွေကို စဉ်းစားမိနေ၏။ ကေတုအပေါ် ဘာဖြစ်လို့များ ဒီလောက်အထိတောင် ကောင်းနေရတာလဲဟင်။ ဒေါက်တာကယ်ပေလို့သာပဲ။ ဒေါက်တာက အရမ်းချောမောတဲ့ ယောကျ်ားပါ။ ကေတုရဲ့ ကယ်တင်ရှင်ဒေါက်တာ့အတွက် မတွေးရဲတော့။ အတွေးနှင့်ပင် ကေတု တုန်ရီမှုးမွေ့မတတ် ရင်တုန်စိတ်ပူနေသည်။ ကေတု အိပ်နေရာကနေ ဆတ်ခနဲ ထထိုင်မိ၏။ ချွေးတွေပင် ပျံချင်လာသည်။

''မင်း ဘာဈေးကိုင်နေတာလဲကောင်မ၊ နင်ဘာလဲဆိုတာသိတယ်လာပါ၊ ဟိုလမ်းကြားမှာ ကားရပ်ထားတယ်''

''ရှင်တို့လူမှားနေပြီ၊ ကျွန်မ ရှင်တို့ထင်သလို မဟုတ်ဘူး၊ မနှောင့်ယှက်နဲ့နော်၊ သက်ဆိုင်ရာကိုတိုင်ပစ်လိုက်မယ်''

''ဘာ''

ကေတု ဘယ်လောက်ပဲ သတ္တိရှိရှိ နည်းနည်းတော့ ကြောက်လာသည်။ မင်းက အရမ်းမိုက်တယ်ကွာ။ လိုက်အောင်တော့ခေါ်ရမှာပဲဆိုပြီး ကေတုခါးကို ဖားနှင့်ထောက်ထားလိုက်၏။ ကေတု မလှုပ်ရဲတော့။ ကြောက်လိုက်တာ။ လွှတ်လမ်းကမမြင်။



www.burmeseclassic.com

www.burmeseclassic.com



ကေတု လှုပ်တာနဲ့ ထိုးမှာပဲ။ အကြံထုတ်ရင်း ဘယ်လိုမှ လွတ်မြောက်ရာလမ်းစမမြင်။ သူတို့ခေါ်ဆောင်ရာနောက် လိုက်ခဲ့ရသည်။

"အမလေး ဒေါက်တာကယ်ပေလို့ပဲ မတွေးရဲတော့ဘူး၊ မနက်ကျရင်တော့ ဒေါက်တာ့ကို သွားကြည့်မယ်၊ ကေတုကြောင့်ဖြစ်ရတာပဲ၊ အမလေး ကေတုမတွေးတောင် မတွေးရဲတော့ဘူး"

ဒေါက်တာခေါင်းမှာ သွေးတွေစီးကျနေသည်။ ကေတု မမြင်ရက်။ ကေတုအတွက် ငှဲ့ညှာထောက်ထားပြီး ဒေါက်တာ ဆေးခန်းပင်မသွားခဲ့။ ကေတုကို အတော်လေးဂရုစိုက်လွန်းသည်။ ဒေါက်တာအကြောင်းတွေကို ကေတု တစ်ညလုံးစဉ်းစားမိနေ၏။ စိတ်တွေ့ပူပင်နေသလိုပင်။ မနက်အစောကြီးထပြီး ကေတု အပြင်ထွက်ဖို့ပြင်ဆင်သည်။ နှီးစက်လေးရှိတော့ အဆင်ပြေနေ၏။ ဒေါက်တာ့ကျေးဇူးပဲ။ ကေတု ပျာယာခတ်ပြီး အလောတကြီး ပြင်ဆင်နေ၍ အမေကမေးသည်။

"ကေတုဘာဖြစ်နေတာလဲ ဘာကိစ္စ အရေးတကြီးရှိနေလို့ ဒီလောက်ပျာယာခတ် ပြင်ဆင်နေရတာလဲ၊ အစောကြီးအေ"

"ကေတု ကုမ္ပဏီမှာ အရေးတကြီးအလုပ်တွေ ရှိနေလို့ပါ



အမေ၊ စောစောသွားရမှာမို့ပါ"

"အေး အေး သတိတော့ထားသွားနော်၊ ညည်းဟာက မိုးတောင်မလင်းသေးဘူးလေ"

"မိုးလင်းမှသွားမှာပါ အမေ"

"အစောကြီး"

ကေတုဘာသာ စိတ်စောပြီး မနက်မိုးမလင်းခင်နိုးနေတာ။ နှီးစက်ကို မှားပြီး မနက်သုံးနာရီနဲ့ ငါးနာရီ မှားယွင်းပေးထားမိတာ။ ကေတု ဘာတွေဖြစ်နေတာလဲ။ တမာယ့်ကို ယောင်ချာချာပဲ။ အလှအပတွေပြင်ဆင်ပြီးမှ မိုးမလင်းသေးပဲ ထိုင်စောင့်နေရသည်။ မနက်မိုးလင်းတာနဲ့ အုပ်စိုးဆီထွက်လာခဲ့၏။ ကေတု စောစောရောက်လာ၍ အုပ်စိုးပင် မျက်လုံးပြူးသွားသည်။

"ကေတု ဒီနေ့ အရမ်းစောနေပါလားဟ၊ ငါတောင် ဂျာနယ်သွားမယူရသေးဘူး"

"နင်ဂျာနယ်ယူတဲ့နေရာကို လိုက်မလို့"

"ဘာလဲ နင်က ငါ့ကိုမယုံလို့လား ကေတု"

"မဟုတ်ပါဘူး၊ ငါ ဒီနေ့ ဂျာနယ်မပို့နိုင်တော့လို့ နည်းနည်းပါးပါးယူပြီး ကြိုတင်ငွေယူထားတဲ့ အိမ်တစ်အိမ်ပဲပို့မလို့

www.burmeseclassic.com

www.burmeseclassic.com



အားနာတဲ့အိမ်တွေ ဖောက်သည်မပျက်အောင် နင်အစားပို့ပေးနော်"

"နင် ဘာတွေအလုပ်များနေလဲ ကေတု"

"ကိစ္စလေးရှိလို့ပါ၊ ငါ့အတွက် စိတ်မပူနဲ့နော် အုပ်စိုး၊ သွားစရာလေးရှိနေလို့လေ"

"ပြီးရောလေ နင့်အတွက် ငါက အမြဲတမ်း အကူအညီပေးဖို့ အဆင်သင့်ပဲနော် ကေတု"

"ကျေးဇူးပါပဲ အုပ်စိုး၊ နင်ကူညီတာတွေ အရမ်းများနေပြီပဲ ငါပြန်ဆပ်မှာပါ"

အုပ်စိုး ဂျာနယ်ယူတဲ့နောက်ကို ကေတုလိုက်လာပြီး ဒေါက်တာ့အတွက် ဂျာနယ်တွေယူကာ ဒေါက်တာ့အိမ်ကို ကေတုထွက်လာခဲ့သည်။ စောများစောနေမလား။ ကေတုစိတ်ကိုက စောနေတာပါ။

ခြံဝရောက်တော့ ခြံစောင့်ကြီးက ကြိုတင်စောင့်ပြီး တံခါးဖွင့်ပေးသည်။

"မင်းလာမယ်လို့တော့ပြောတယ်၊ ညကတည်းက တံခါးဝမှာ စောစောစောင့်နေပေးပါတဲ့၊ ဝင်လေ"

"ဒေါက်တာရော သက်သာရဲ့လားဟင်"





"ညကတော့ နည်းနည်းဖျားနေတယ်၊ အခုထိတော့ အပြင်မထွက်သေးဘူး၊ ဝင်သွားပါကလေးမ၊ ဒေါ်မိလည်းရှိတယ်လေ"

"ဟုတ်ကဲ့"

ဒေါက်တာက ခြံစောင့်ဦးမြနှင့် ထမင်းဟင်းချက်တဲ့ အလုပ်သမား ဒေါ်မိတို့နှင့်နေသည်။ ကေတု အထဲဝင်သွားတော့ ဒေါ်မိက ဆီးကြိုပြီး ဒေါက်တာအခန်းက အပေါ်ထပ်မှာတဲ့ တက်သွားတဲ့။ ဒေါ်မိ ထမင်းဟင်းချက်နေတဲ့တန်းလန်းမို့တဲ့။ ကေတုလည်း မျက်စိတွေပြာဝေပြီး ဘာဆက်လုပ်ရမှန်းပင်မသိတော့။ ဒေါက်တာတို့က ချမ်းသာလိုက်တာနော်။ ခမ်းနားလွန်းနေတဲ့ အိမ်တွင်းအပြင်အဆင်ကို ကေတု ငေးကြောင်စွာကြည့်မိနေသည်။

"တက်သွားလေ ကလေးမ၊ ဒေါ်မိမအားလို့ပါ"

"ဟုတ်...ဟုတ်ကဲ့"

သူမ စိတ်တွေကိုတင်းပြီး ဒေါက်တာအခန်းရှိနေတဲ့ အပေါ်ထပ်ကို တက်လာခဲ့သည်။ ဒေါက်တာ အိပ်ခန်းဟုထင်ရတဲ့ အခန်းက တံခါးဟထား၏။ ကေတု ချောင်းကြည့်လိုက်တော့ ဒေါက်တာ ဖြစ်နေသည်။

"ဟီး...ဟီး...ဟင်း...ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဒေါက်တာ အဖျားတွေတက်နေတာပဲ"

ကေတုဝင်သွားတော့ ဒေါက်တာက တဟင်းဟင်းနှင့် အဖျားတွေတက်နေသည်။ မျက်နှာတစ်ပြင်လုံးရဲနေပြီး မျက်လုံးတွေ မဖွင့်နိုင်အောင် အသိကင်းမဲ့နေ၏။ ဒေါက်တာ့နဖူးအား စမ်းကြည့်လိုက်တော့ ကိုယ်က ချစ်ချစ်တောက်အောင်ပူနေသည်။

"ဒေါက်တာ…ဒေါက်တာ"

"ဟီး…ဟင်း…ဟင်း"

ဒေါက်တာခန္ဓာကိုယ်က တဆတ်ဆတ်တုန်ပြီး အဖျားတက်နေပုံပင်။ ကေတုဘာယ်လိုလုပ်ရမလဲ။ ဒေါ်မိကိုပဲ ပြေးခေါ်လိုက်ရမလား စိတ်ပူလာကာ တဆတ်ဆတ်တုန်ရီနေတဲ့ ခန္ဓာကိုယ်အား သူမလက်လေးတွေဖြင့် ဆုပ်ကိုင်ထိန်းချုပ်ထားမိသွားသည်။

"ဟီး…ဟီး ကေတု မင်းကိုစိတ်ပူတယ်၊ ကိုယ်အရမ်းစိတ်ပူတယ်၊ ကေတုရော ကေတု"

"ကေတုဒီမှာပါ ဒေါက်တာ၊ သတိထားပါဦး ဒေါက်တာ"

"ကေတု…ကေတုရယ်"

ဒေါက်တာလက်တွေက ကေတုခန္ဓာကိုယ်လေးအား စိုးရိမ်





တကြီး သိမ်းကျုံးဖက်ထားလိုက်သည်။ ကေတု ထိတ်လန့်သွားရ၏။ သူမ ရှန်းဖယ်ပေမယ့် သန်မာတဲ့လက်တွေက ကေတုခန္ဓာကိုယ်အား ရစ်ပတ်သထက် ရစ်ပတ်ကာ ဒေါက်တာမျက်နှာက ကေတုမျက်နှာပေါ် ဖိအပ်လာသည်။ အမယ်လေး ဘယ်လိုလုပ်ရမလဲ။ ဘုရားရေ ယောကျ်ားတစ်ယောက်ရဲ့ အားကို ကေတု မဖယ်ရှားပစ်နိုင်။ ရှန်းလေ ပို၍တင်းကြပ်လေဖြစ်လာကာ ဒေါက်တာ့မျက်နှာနှင့် ကေတုမျက်နှာ ထိကပ်သွား၏။ ကေတု အသိကင်းမဲ့သွားမတတ် လန့်ဖြန့်သွားလေသည်။

"ကေတုကိုချစ်တယ်၊ အရမ်းချစ်တာပဲ၊ ကိုယ်စတွေ့တွေ့ချင်း ကေတုကိုချစ်သွားတာ အရမ်းချစ်တယ် ကေတုရယ်၊ ကိုယ့်နှလုံးသားတွေထဲက စူးနင့်အောင်ချစ်ရတာပါ"

"ဟင်"

ဒေါက်တာ ကယောင်ကတမ်းတွေ ပြောနေတာ သေချာသည်။ မျက်လုံးတွေက မပွင့်။ ပါးစပ်ကနေ အသိကင်းမဲ့စွာ ပြောဆိုပြီး အပြုအမူတွေက ဆောက်တည်ရာမရ။ ကေတု မျက်လုံးပြူးမျက်ဆံပြူးလေးနှင့် ရှန်းဖယ်နေသည်။

"ဒေါက်တာ သတိထားပါ၊ သတိထားပါဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ့အနမ်းတွေကြားမှာ ကေတု မလွန့်သာမရုန်းသာ ရုန်းဖယ်ယိမ်းခါရင်း သူမမျက်နှာအနှံ့ အနမ်းမိုးတွေ တစ်ပေါက်ပေါက်ကျရောက်နေသည်။ ကေတု ငိုချင်လာ၏။ ဒေါက်တာ အသိကင်းမဲ့နေလို့ပါ။ ကေတုကိုချစ်တာတော့ မဖြစ်နိုင်ပါဘူး။ ကေတု ရှုံးသွပ်မတတ်ပဲ။ ကေတုဘဝတွင် ယောက်ျားတစ်ယောက်ရဲ့ အနမ်းသည် ဒေါက်တာက ပထမဆုံးဖြစ်နေသည်။

❖ ❖ ❖



## အခန်း (၁၀)

သူ့လက်တွေကနေ ကေတု အတင်းအကြပ်ရုန်းထွက်လိုက်ပြီး အခန်းအပြင်ဘက်သို့ ပြေးထွက်လာခဲ့သည်။ အခန်းအပြင်မှာ ရပ်ပြီး အဝတ်အစားတွေနှင့် မျက်နှာကို သပ်သပ်ရပ်ရပ် ပြင်လိုက်၏။ ငွေကြေးချမ်းသာတဲ့ ယောကျ်ားတစ်ယောက်ဆီ မသင်မခြင် ဝင်မိတော့ ဒီယောကျ်ားက စော်ကားမော်ကားပြုမူလိုက်တာလား။ သူကြည့်ရတာ အသိကင်းမဲ့နေသလိုပင်။ ဒေါက်တာ ဒီလိုယောကျ်ားမျိုးလား။ မဖြစ်နိုင်ပါဘူး။ သူမအထင်ကြီးလေးစားရသော ယောကျ်ားပါ။ ကေတု တွေဝေစွာရပ်နေမိသည်။

"ကလေးမ"

"အမယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ၊ မင်း မောင်သိန်းအခန်းထဲ မဝင်ရဲလို့လား၊ ကြောက်လို့လားကွယ်"

ထမင်းဟင်းချက်တဲ့ ဒေါ်မိအသံက ရုတ်တရက် ပေါ်လာ၍ ကေတု လန့်ဖြန့်သွားကာ ပြူးကြောင်ကြောင် ပြန်ကြည့်မိသည်။

"လာလေ…ညက တစ်ညလုံး မောင်သိန်း ပြတင်းပေါက်မှာ ရပ်နေတယ်၊ တံခါးလည်း မပိတ်ဘူး၊ ဒေါ်မိ စိတ်ပူပြီး တက်ကြည့်တာ"

"ဟို…ဟိုလေ ဒေါက်တာဖျားနေတယ်၊ ကိုယ်တွေ အရမ်းပူနေတယ်၊ အပူရှိန်တွေ အရမ်းတက်နေလို့"

"ဟင်"

ဒေါ်မိ အခန်းထဲဝင်သွားတော့ ကေတုလည်း ယောင်ချာချာနှင့် လိုက်သွားသည်။

ဒေါက်တာက သတိရနေ၏။ ကေတုကိုကြည့်ပြီး ရောက်လာပြီလားတဲ့။ ကိုယ်ဖျားနေတယ်တဲ့။ အနာရှိန်ကြောင့်ထင်တယ်တဲ့။ ကေတုအား ပွေ့ဖက်နမ်းရှုပ်ခဲ့တာတွေ သတိမရပေ။ တော်ပါသေးရဲ့။ ဒေါ်မိက ရေပတ်တိုက်ပေးဖို့ပြင်သည်။

"ကေတု ရေပတ်တိုက်ပေးလိုက်နော်၊ တော်သေးတယ် မောင်သိန်းရယ်၊ အဖျားတွေတက်နေတာ ကေတုလာပြောလို့ပေါ့"





"ဟင်"

"အတော်ပဲ ကေတု၊ မောင်သိန်းကို ရေပတ်တိုက်ပေးပါ၊ ဆေးလည်းတိုက်ပေးပါ၊ ဒေါ်မိ ဟင်းအိုးတည်ထားလို့"

ဒေါ်မိ ပြောပြောဆိုဆိုနှင့် ပြန်ထွက်သွားသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ကေတု"

"ဟင်"

"ကိုယ့်အခန်းထဲကို မင်း အစောကြီးရောက်နေတာလား"

"ဟုတ်ကဲ့...ဟိုလေ ဒေါ်မိက မအားလို့ တက်သွားကြည့်ဆိုလို့ တက်ကြည့်တာ၊ ဒေါက်တာက ဒေါက်တာက အဖျားတွေတက်နေတော့တာပါပဲ"

သူ့အသိတွေကင်းမဲ့ပြီး ကယောင်ကတမ်းတွေ ဖြစ်နေသည်။ ကေတုမျက်နှာလေးက ပန်းသွေးရောင်ထနေ၏။ ဘာဖြစ်လို့လဲ။ ယောကျ်ားလေးတစ်ယောက်အခန်းထဲ ဝင်လာပြီး ရှက်ရွံ့ကြောက်လန့်နေပုံပင်။ ကေတုမျက်နှာချောချောမွတ်မွတ်ကလေးကို

ဝိ-ပို:၈၁၄၅



တွေ့လိုက်ရ၍ သူ့စိတ်တွေ လန်းဆန်းတက်ကြွလာသည်။

"ကိုယ့်အခန်းထဲဝင်ရလို့ ကေတု ရှက်နေလား၊ မရှက်ပါနဲ့ကွာ၊ ဒီမှာရှိတဲ့လူတွေက ကိုယ့်ကိုယုံကြည်လို့ ကေတုတစ်ယောက်တည်း ဝင်နိုင်းတာပါ"

"ဟို...ဟို ရေပတ်တိုက်ဖို့"

"ရတယ်၊ ကိုယ် ရေချိုးခန်းထဲဝင်ပြီးတော့ပဲ သန့်ရှင်းရေးလုပ်လိုက်မယ်၊ ကေတု ကော်ဖီတစ်ခွက်ဖျော်ပေးထား၊ ဆေးသောက်မယ်"

"ဟုတ်ကဲ့"

သူ အဖျားတွေတက်နေပေမယ့် ကေတုအား ရေပတ်တိုက်ပေးဖို့ အားနာသဖြင့် ရေချိုးခန်းထဲ ဝင်လာသည်။

"ဟင်"

သူ မှန်ရှေ့မှာရပ်လိုက်စဉ် သူ့အင်္ကျီမှာ နှုတ်ခမ်းနီတွေ ပေကျံနေသလို သူ့နှုတ်ခမ်းမှာလည်း နှုတ်ခမ်းနီရောင်ရေးရေး ပေကျံနေတာ တွေ့လိုက်ရသဖြင့် မှန်ရှေ့မှာပင် အထိတ်တလန့် ပြင်လိုက်သည်။

"ကေတု ဘယ်အချိန်က ရောက်နေတာလဲ၊ ဘာတွေဖြစ်

ဝိ:ပို.၈၁၄၅

www.burmeseclassic.com

www.burmeseclassic.com



သွားတာလဲ၊ သူ သူ ကေတုကိုများ တစ်ခုခု”

ဆက်မတွေးရဲတော့။ သူ့စိတ်တွေ တုန်လှုပ်ချောက်ချား သွားရသည်။ ကေတုမျက်နှာလေးက ညှိုးငယ်နွမ်းလျနေ၏ ထူးခြားမှုပဲ။ အိပ်မက်လိုလိုနှင့် သူ ကေတုကို နမ်းမိနေသည် ဒုက္ခပါပဲ။ ကေတုအား ဘယ်လိုမျက်နှာချင်းဆိုင်ရမှန်းပင် မသိ စောစောက လူမှန်းမသိအောင် အဖျားတွေတက်ပြီး သတိကင်းမဲ့ နေရသည်။

“ဒေါက်တာ မြန်မြန်လုပ်ပါ၊ အအေးထပ်ပတ်မှာစိုးရ တယ်နော်၊ ရေချိုးခန်းထဲမှာကြာနေပြီထင်တယ်”

“ဘုံး...ဘုံး”

“ဘုံး”

သူ ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိသည်။ ကေတုက အပြင်မှစိတ်ပူပြီး တံခါးကိုထုပြီး သတိပေးရ၏။ သူ့အသိဝင်လာ ပြီး ကိုယ်လက်သန့်စင်ကာ အပြင်ထွက်လာခဲ့သည်။

“အင့်...တဘက်၊ ဒေါက်တာ့အဝတ် ဗီရိုထဲ ကေတု ဖွင့်ရှာထားတာ၊ အမြန်သုတ်နော်၊ ဪ ဒေါက်တာက ဆရာဝန်ပဲ ကေတုထက် ပိုသိပါတယ်နော်”

ပို·မို·၁၁၈ပ



ကေတုအကြည့်တွေက မရဲတရဲလေးနှင့် သူ့ကို လွှဲရှောင် နေသည်။ သူမနှုတ်ခမ်းလေးမှာ နှုတ်ခမ်းနီရောင်က ရေးရေးလေး မပျက်တစ်ပျက် ထင်ကျန်နေ၏။ သိနံ့ အဖျားတွေကျသွားပြီး စိတ်တွေပျော်လာသည်။

“ကော်ဖီလေ”

“ကေတု”

“ရှင်”

“ကျေးဇူးပဲ”

“ကျေးဇူးတင်စရာမလိုပါဘူး၊ ဒေါက်တာ ကေတု ကြောင့် ဖြစ်ရတာပဲ၊ စိတ်မကောင်းလိုက်တာ၊ ကံကောင်းတယ်နော် ဒေါက်တာသာ တစ်ခုခုဖြစ်သွားရင်”

ကေတုကို သူစိုက်ကြည့်မိသွားတော့ စကားကို ရပ်ပစ် ပြီး ကော်ဖီခွက်လေးကို စိုက်ကြည့်သွားသည်။ ကေတုကို ချစ်မိနေ ပြီ၊ ဘာဖြစ်လဲ၊ သူချစ်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ကိုပဲ လက်ထပ်မယ်။ ကေတုကိုချစ်တယ်။ ကိုယ်ဘယ်လိုမှ မမေ့ပျောက် ပစ်လို့ မရတော့ဘူးကွာ။ သူ ကော်ဖီကို သောက်လိုက်ပြီး ဆေးသောက်သည်။

ပို·မို·၁၁၈ပ

www.burmeseclassic.com

www.burmeseclassic.com



"ကေတု"

"ဟင်"

"ကိုယ်ညက တစ်ညလုံး အိပ်လို့မရဘူး"

"ဟင်"

"ကေတုကိုစိတ်ပူလို့"

"ရှင်"

"ကေတုက ကိုယ့်ကိုယ်ကို ယုံကြည်ပြီး လုပ်ချင်တာတွေ လုပ်တတ်တယ်၊ ပြီးတော့ ကေတုကချောတယ်"

"ဟင်"

"အရမ်းချောပြီး ချစ်စရာကောင်းတော့ ကောင်လေးတွေက စိတ်ဝင်စားမှာပဲ"

ကေတုပြန်ချင်နေပြီ။ သူမခန္ဓာကိုယ်လေး ပူနွေးထုံကျင် နေသည်။ ဒေါက်တာက သူမကို ချစ်တယ်တဲ့။ အသိကင်းမဲ့ပြီး ကယောင်ကတမ်း ပြောနေတာလား။ ကေတု ရှက်လိုက်တာ ဒေါက်တာ တကယ်ပဲ မသိတာလားဟင်။ တစ်ညလုံး မအိပ်ဘူးတဲ့ ကေတုကို စိတ်ပူလို့တဲ့။ အကြည့်ချင်းဆုံမိတိုင်း ကေတုရှက်နေသည်

"အဖော်မပါဘဲနဲ့ လျှောက်သွားမနေပါနဲ့"





"ဟုတ်ကဲ့"

"မင်းသွားချင်တဲ့ နေရာတွေကို ဦးမြနဲ့ အပို့အကြို လုပ်ပေးရမလား ကေတု"

"အား… မလိုပါဘူး ကေတုအတွက် ဒေါက်တာ စိတ်မပူပါနဲ့နော်၊ အမြဲတမ်းသွားလာနေကြပဲဟာ"

"ဟိုနေ့ကလို အဖြစ်မျိုးဖြစ်ရင် ဘယ်လိုလုပ်မလဲ ကေတု"

"ကေတုဘဝနဲ့ ကေတုလေ၊ ဒါပေမယ့် နောက်ဆို အုပ်စိုးကို အဖော်ခေါ်ပြီး ကေတု သွားပါ့မယ်"

"အုပ်စိုးနဲ့"

"အုပ်စိုးဆိုတာက ကေတုရဲ့ ငယ်သူငယ်ချင်းပါ၊ ဘဝတူတွေလေ၊ ဂျာနယ်ပို့သမားပဲ၊ ကေတုတောင် ဒီရပ်ကွက်ပို့ဖို့ အုပ်စိုးဆီက လုထားတာ"

"ကိုယ်စိတ်မချဘူး"

"ရှင်"

"ဟို…ဟိုလေ ကေတုအနားမှာ ယောကျ်ားလေး တစ်ယောက်ရှိနေတာပဲ ကိုယ်စိတ်ပူသွားတာလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးဆိုတဲ့ကောင်လေးက ကေတုကိုချစ်သွားရင် ဘယ်လိုလုပ်မလဲ။ သူ မဆီမဆိုင်စိတ်ပူနေသည်။ အုပ်စိုးက ကေတုရဲ့ ငယ်သူငယ်ချင်းပဲ၊ သူ့စိတ်တွေကို သတိနှင့် အနိုင်နိုင်ထိန်းချုပ်နေရ၏။ ကေတုက ထပြန်ဖို့ပြင်သည်။

"ကေတု ပြန်မယ်နော်၊ ဒေါက်တာ သက်သာရဲ့လား၊ အဖျားမဝင်အောင်နေပါ၊ ကေတုအတွက် မပူပါနဲ့နော်၊ ဒီလိုပဲ သွားလာနေကြပါ"

"ကေတု"

"ရှင်"

"မသွားပါနဲ့"

"ရှင်"

ကေတုက အထိတ်တလန့်ရှက်ရွံ့စွာ မော့ကြည့်သည်။ သူမမျက်ဝန်းလေးတွေက ရီဝေစိုစွတ်နေ၏။ သူ့စိတ်တွေ ထိန်းချုပ်မှုကင်းမဲ့စွာဖြင့် ကေတုခန္ဓာကိုယ်လေးအား ဆတ်ခနဲ ဆွဲယူပွေ့ဖက်ထားပစ်မိသည်။

"အို"

"အမလေး"





"ကေတုကိုချစ်တယ်၊ စောစောက ကိုယ် ကေတုကို နမ်းမိတယ်မဟုတ်လား"

"ရှန်"

"ကိုယ်တကယ်ပဲ ကေတုကို စတွေ့ကတည်းက ချစ်မိနေတာပါ၊ ကေတုစိတ်ကို ကိုယ် အထင်ကြီးလေးစားသွားပြီး ချစ်သွားတာ"

"ဒေါက်တာ ဘာတွေပြောနေတာလဲ၊ မဖြစ်နိုင်ပါဘူး၊ ကေတုကိုလွှတ်ပါ၊ ဒါ စိတ်ကူးယဉ်လို့မဖြစ်တဲ့ ကိစ္စပါနော်"

"ကေတု ကိုယ့်ကိုမယုံတာလား၊ ကိုယ်ဘယ်လို အတားအဆီး အခက်အခဲတွေမဆို ရင်ဆိုင်မယ်၊ ကေတု ကိုယ့်ကိုယုံကြည်ပေးပါ"

"မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်တာပဲ၊ လွှတ်ပါ၊ ဒေါက်တာက ကေတုကို အထင်သေးတာပဲ၊ စော်ကားတာပဲ"

"ဟင်"

ကေတု ဒေါသဖြစ်ဖြစ်နှင့် ဒေါက်တာအား တွန်းပစ်လိုက်ရာ ခုတင်ပေါ် ပက်လက်လန်ပစ်ကျသွားသည်။

"အား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အား...ကျွတ်...ကျွတ် ကေတု ရက်စက်လိုက်တာကွာ၊ အား...ကျွတ်...ကျွတ်"

"ဒေါက်တာ..ဒေါက်တာ ဘာဖြစ်သွားသေးလဲ၊ ကေတု တောင်းပန်ပါတယ်နော်"

ဒေါက်တာ ရုတ်တရက် မထနိုင်သဖြင့် ကေတု အပြေးအလွှားသွားပြီး မထူပေးလိုက်သည်။

"ကိုယ်ဘာမှမဖြစ်ပါဘူး ကေတု၊ မင်းတကယ်ပဲ ရက်စက်နိုင်မလားဆိုတာ သိချင်လို့မထတာ"

"ဟာ...ကေတု အရှမ်းစိုးရိမ်သွားတာပဲ၊ ဆိုးလိုက်တာ ဆိုးလိုက်တာ"

ကေတု လက်သီးဆုတ်လေးတွေက ဒေါက်တာရင်ဘတ်ကို ထုမိနေသည်။

"ကိုယ်တကယ်ပဲ ကေတုကို ချစ်မိတာပါ၊ စော်ကားချင်လို့ မဟုတ်ပါဘူး၊ ကေတုကို လက်လွှတ်ဆုံးရှုံးရမှာ ကိုယ်ကြောက်နေသလိုပဲ"

"ကေတုက အရှမ်းဆင်းရဲပါတယ် ဒေါက်တာ၊ ဘဝ





အခြေအနေချင်းက အလှမ်းကွာလွန်းနေပါတယ်၊ ဘာပဲဖြစ်ဖြစ် ထိခိုက်နစ်နာရမယ့်သူက ဒေါက်တာပဲဖြစ်မှာပါ"

"ကိုယ့်ကို ဒေါက်တာလို့ စိမ်းစိမ်းကြီးမခေါ်ပါနဲ့ ကေတု၊ ကိုကြီးလို့ပဲခေါ်လေ၊ ဒါမှမဟုတ် ကိုကိုလို့"

"မခေါ်ချင်ပါဘူး၊ ကေတု ပြန်တော့မယ်၊ ကေတုနဲ့ ဒေါက်တာ မိတ်ဆွေတွေအဖြစ်ပဲ ပတ်သက်ကြရအောင်"

ကေတု ထွက်လာခဲ့သည်။ တော်ပါပြီ။ နောက်ထပ် တရင်းတနှီး မပတ်သက်ချင်တော့ပါဘူး။ ဝေးဝေးကပဲ ကင်းကင်းရှင်းရှင်းနေမယ်။ ဒေါက်တာကို ကေတု ချစ်လို့မဖြစ်ဘူး။ ပြဿနာတွေ တက်မှာပါ။ ကေတုကို ပတ်ဝန်းကျင်က ဘယ်လိုထင်မလဲ။ ဒီရပ်ကွက်ထဲ ကေတု ဂျာနယ်လာပို့တာ သူဋ္ဌေးဆရာဝန်ကိုချိုင်ချင်လို့ ပြောကြမှာပဲ။ ကေတုက အဲဒီလိုအပြောခံရမှာကို အမုန်းဆုံးပဲ။ ကေတု ခြံထဲကထွက်လာသည်။ လမ်းရောက်တော့ သူရိန်ကားနှင့် ဆုံမိ၏။ သူရိန်က ကားကိုရပ်သည်။

"ကေတု ဒီနေ့ စက်ဘီးမပါဘူးလား၊ ဂျာနယ်ရော"

"ဟင့်အင်း...ကေတုနားတယ်၊ ကိစ္စလေးရှိလို့လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကားပေါ်တက်"

"ဟာ…ရပါတယ်"

ပြောသာပြောရတာ ကေတု ခြေလှမ်းတွေက ယိုင်ခွေပြီး လမ်းပင်ဆက်မလျှောက်နိုင်ပေ။ ခန္ဓာကိုယ်လေးက နုံးခွေကျချင်နေသည်။

"တက်ပါ ကေတု၊ နေမကောင်းဘူးလား၊ အားမရှိသလိုပဲလာပါ"

သူရိန်က ကားတံခါးဖွင့်ပြီး ကေတုကို တက်စေသည်။ ကေတု ငြင်းပယ်နိုင်စွမ်းပင် မရှိတော့။ အသိတွေကင်းမဲ့လာသလိုပဲ။ ဒေါက်တာ ကေတုကို မချစ်ပါနဲ့။ ကေတုလည်းလေ ကေတုလည်း နှလုံးသားတွေ နာကျင်နေသည်။ ဒေါက်တာကို ကေတုရောပဲ ချစ်မိနေပြီလား။ ကေတု ပါးလေးကို ပထမဆုံး နမ်းရှိုက်ခဲ့တဲ့ ယောကျာ်းတစ်ယောက်က ကေတုချစ်သူပဲဖြစ်စေရမယ်လို့ ဆုံးဖြတ်ထားတာပါ။ ကေတုက သူမကိုယ်သူမ တန်ဘိုးကြီးမားစွာ ထားတတ်သည်။

"ကေတု"

"ဟင်"





"ဘာဖြစ်လာလို့လဲ၊ နေမကောင်းဘူးလား၊ ဆေးခန်းသွားမလားဟင်"

"ဟာ…ဘာမှမဖြစ်ပါဘူး၊ ညက စာတွေကြည့်တာ ညဉ့်နက်သွားလို့ နုံးနေတာ"

"ကေတုက အရမ်းကြိုးစားတာလို့ အုပ်စိုးကပြောတယ်၊ ဒီလောက်အထိ မကြိုးစားပါနဲ့လားကွာ"

သူရိန့်မျက်ဝန်းတွေက ကေတုအား ဂရုတစိုက် ဖြစ်လွန်းနေသည်။ စိတ်ညစ်လိုက်တာ။ ကေတု ဘဝကို ရုန်းကန်ကြိုးစားရင် အောင်မြင်မှုတွေ ရှာဖွေနေတာ။ သူရိန်တို့ ဒေါက်တာတို့က အနှောင့်အယှက်ပဲ။ ရှင်တို့လိုလူမျိုးတွေကို ကေတု ဘယ်တော့မှ မရွေးချယ်ဘူး။ သူမ ငြိမ်သက်နေမိသည်။

"အိမ်ပြန်တော့မလား ကေတု"

"အင်း…ဟိုလေ ဒီရပ်ကွက်ထဲကထွက်ပြီး လမ်းမပေါ်ရောက်ရင် ကေတု တက်စီနဲ့ပဲ ပြန်မယ်"

"မဖြစ်ဘူး၊ သူရိန့်လိုက်ပို့ပေးပါ့မယ်၊ ကေတုကိုကြည့်ရတာ အားမရှိသလိုပဲ၊ လဲကျမတတ်နုံးခွေနေတယ်"

"ရပါတယ်၊ ကေတု ပြန်ချင်သလိုပဲ ပြန်ပါရစေ၊ သူရိန့်



www.burmeseclassic.com

www.burmeseclassic.com



လမ်းမပေါ်ရောက်တာနဲ့ ကားရပ်ပေးပါ"

"ကေတုရယ် ကိုယ့်ကို ဘာဖြစ်လို့ စိမ်းကားနေရတာလဲ၊ ကိုယ့်စေတနာကို လက်ခံပေးပါ၊ ကိုယ်က ကေတုထင်ထားသလို ငွေကြေးနဲ့ ကေတုကို ဖုံးသွားပြီး ဖျက်ဆီးပစ်ဖို့ ကြံစည်နေတာ မဟုတ်ပါဘူး"

"ကေတု အငှားကားနဲ့ပဲပြန်မယ်၊ သူရိန့်ကို ဘယ်လိုမှ မထင်ပါဘူးနော်၊ ကားပဲငှားပေးပါ"

သူရိန်ကတော့ ကေတုသဘောဆန္ဒအတိုင်းပဲ လိုက်လျော ပေးခဲ့ရသည်။

❖ ❖ ❖

## အခန်း (၁၂)

ကေတုကို အိမ်ပြန်ပို့ပေးပြီး ကိုသိန်းဆီရောက်လာသည်။ ကိုသိန်းကိုတွေ့လိုက်တော့ ဒဏ်ရာတွေနှင့်ဖြစ်နေ၍ သူရိန် အံ့သြသွားရ၏။ သူရိန်က ကေတုနှင့်ပတ်သက်ပြီး ရင်ဖွင့်ချင်နေသည်။

"ကိုသိန်း ဘာဖြစ်တာလဲဗျ၊ ဒဏ်ရာတွေနဲ့"

"ဘာမှမဖြစ်ပါဘူး သူရိန်၊ ကိုယ်တို့သူငယ်ချင်းနှစ်ဦး ကို လူမိုက်တွေက ဝိုင်းရိုက်ပြီးလုလို့လေ"

"ဖြစ်မှဖြစ်ရလေ ကိုသိန်းရာ၊ မမတောင်မသိသေးဘူး ထင်တယ်"

"ဘာမှမဖြစ်လောက်ပါဘူး သူရိန်ရာ"

"စောစောက ကေတုနဲ့ ရပ်ကွက်ထဲမှာ တွေ့တယ်"

"ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကေတု နေမကောင်းသလိုပဲ၊ အားနည်းနေတယ်၊ မျက်နှာလည်း ဖြူဖတ်ဖြူရော်နဲ့၊ သူရိန်က အိမ်ပြန်ပို့ပေးမယ်ဆိုတော့ လက်မခံဘူး၊ အငှားကားနဲ့ပဲ ပြန်သွားတယ်"

ကေတုနှင့်သူရိန် တွေ့သွားတာကို သိန်း မကြီးမငယ်နှင့် မနာလိုဝန်တိုနေသည်။ ကေတုက သူရိန်အပေါ် လူငယ်ပေမယ့် စိတ်ဝင်စားမှု နည်းနေတာလည်း ကေတုစိတ်ခံစာကို လေးစားနေရ၏။ သူရိန်က ကေတုကို အရမ်းချစ်ကြောင်းပြောနေတော့ သိန်း ခန္ဓာကိုယ်က ပူလောင်လာပြီး အဖျားတက်ချင်ချင်ဖြစ်လာသည်။ လူငယ်တစ်ယောက်နှင့် ယှဉ်ပြိုင်ရမှာ အားမရှိ။ သူရိန်က ငယ်ရွယ်နုပျိုပြီး အရာအားလုံး ပြည့်စုံနေ၏။ ကေတုက သူ့ထက် သူရိန်ကို ရွေးချယ်နိုင်သည်။

"သူရိန် ဘဝမှာ မိန်းကလေးတစ်ယောက်ကို မြင်မြင်ချင်း ချစ်မိသွားတာ ပထမဆုံးပဲဗျာ၊ မေမေတို့ ကန့်ကွက်လည်း ရအောင်ယူမှာပဲ"

"မဖြစ်နိုင်တာတွေကို ဇွတ်မလုပ်တာ အကောင်းဆုံးပဲ သူရိန်၊ ကေတု ဒုက္ခရောက်လိမ့်မယ်၊ နေ့းက မလွယ်ဘူး၊ ကေတု နေတဲ့ရပ်ကွက်ထဲ အရှက်သွားခွဲမှာ"

"အရှက်သွားခွဲလည်း ကေတုက သူရိန့်ချစ်သူပဲ၊ မဖြစ်





မနေ လက်ထပ်ယူရမယ်၊ ကေတုကို အနုနည်းနဲ့မရရင် ကားတင်ပြေးမယ်"

"သူရိန် မင်းကဘာလဲ၊ ဂုဏ်သိက္ခာတွေ ဝိုင်းရံနေတဲ့လူကွ"

"နားမလည်ဘူးဗျာ၊ ကေတုကို ဘယ်အရာနဲ့မှ မလဲနိုင်ဘူး၊ ဘယ်လိုအတားအဆီး အခက်အခဲတွေဖြစ်ဖြစ် သူရိန့်.ရင်ဆိုင်မယ်"

သိန်းပင် လန့်သွားရသည်။ သူ့အပြုအမူတွေကို သူရိန်သိသွားရင် အာခေါင်ပူခြစ်လာသည်။

"ကိုသိန်း ဒဏ်ရာကများလား၊ ကျွန်တော် ညလာအိပ်ပေးရမလား"

"နေပါစေ သူရိန်ရာ"

"ရပါတယ်၊ မနက်ကျနယ်ယူပေးမယ်၊ ကိုသိန်းကို ကူညီသလိုနဲ့လေ"

သူရိန့်ကို မလာနဲ့ပြောရင်လည်း တစ်မျိုးထင်ဦးမည်။ ကေတုနှင့်လည်း မတွေ့စေလိုပေ။ သိန်း အသက်အရွယ်၊ ဂုဏ်ခြင်တွေနှင့် မသင့်တော်ပေ။ သူရိန်ရှိနေတာ ကူညီရာမရောက်ဘဲ အဖျားပင်တက်ချင်လာသည်။ အာခေါင်တွေ ခြောက်လိုက်တာ။ ရှက်စရာ



www.burmeseclassic.com

www.burmeseclassic.com



များကောင်းနေပြီလား။ မျက်လုံးတွေကို မှိတ်ပစ်လိုက်သည်။

"ကိုသိန်း...ပင်ပန်းနေလား၊ သူရိန့်အပြင်ခဏသွားမယ်၊ ညမှလာအိပ်မယ်"

"အေးပါကွာ"

"နားလိုက်ဦးနော် ကိုသိန်း"

သူ ဘယ်သူနဲ့မှ မတွေ့ချင်ပေ။ နွေးနွေးက လာဦးမယ်။ ပြုစုနေဦးမယ်။ ကေတုနဲ့တွေ့လို့မဖြစ်ဘူး။ ကေတုရယ် ကိုယ့်ကြောင့် မင်းအပြောအဆိုခံရမှာ မလိုလားဘူး။ မင်းကို ကာကွယ်စောင့်ရှောက်ပေးရမယ်။ မင်းအတွက် ကိုယ်ရင်ဆိုင်ရမှာတွေ အများကြီးပဲထင်တယ်။ ကေတုကိုလည်း သိန်း အဆုံးရှုံးမခံနိုင်ဘူး။ သူ့ရင်တွေ နွေးထွေးနေသည်။ ညနေစောင်းတော့ နွေးနွေးရောက်လာ၏။ ပြာယာခတ်အောင် စိတ်ပူပြနေသဖြင့် သိန်း စိတ်ပျက်နေသည်။

"ဘယ်လိုဖြစ်ရတာလဲ သိန်းရယ်၊ ရဲစခန်းမတိုင်ဘူးလား၊ ဘယ်ကကောင်ဟွေလဲ"

"ထား.ပိုက်ပါ နွေးရာ၊ ကိုယ်တို့အခြေအနေနဲ့ ရဲစခန်းကို မတိုင်တော့ပါဘူး၊ ကိုယ်ဘာမှမဖြစ်ပါဘူး၊ နည်းနည်းပါးပါးပါ"

"ပိုက်ဆံတွေရော ပါသွားသေးလား သိန်း၊ ဒီလူမိုက်တွေ





ကို ဒီအတိုင်းကြည့်နေရင် ပိုဆိုးမှာပေါ့"

"ပိုက်ဆံလည်း များများမပါပါဘူး၊ လူမိုက်တွေကို အံမတုတာ အကောင်းဆုံးပဲနွေးရာ၊ ကိုယ်လည်း သိပ်ပြီးထိခိုက်တာ မှမဟုတ်တာပဲ"

"မဖြစ်ဘူး၊ နွေး အိမ်မှာနေပြီး သိန်းကိုပြုစုရမယ်၊ အန်တီ အိကိုလည်း ခေါ်ရမယ်"

"ဒီလောက်အရေးမကြီးပါဘူးဆိုနေမှ နွေးရာ၊ မွေးနေ့ အမီ မေမေလာမှာ အလကားစိတ်ပူနေမှာယ်"

"သိန်း"

"ဟင်"

"နွေးတို့ လက်ထပ်လိုက်ကြရအောင်"

"ဟင်"

"နွေးတို့အရွယ်က အချိန်စောင့်နေစရာမှမလိုတာ၊ စီးပွားရေးအရရော ဂုဏ်သိက္ခာအရပါ လက်ထပ်သင့်နေပြီလေ၊ အန်တီအိ ရောက်လာတာနဲ့ မပြန်ခိုင်းသေးဘဲ လက်ထပ်ပွဲအတွက် စီစဉ်မယ်"

"မဖြစ်သေးဘူး နွေး"

"ဘာဖြစ်လို့လဲ"

"ကိုယ်က နယ်အဝေးကြီးကို တာဝန်ကျမှာလေ၊ ခဏ



www.burmeseclassic.com

www.burmeseclassic.com



လောက်စောင့်ပေးပါဦး နွေး၊ မေမေ့ကို ဘာမှသွားမတောင်းဆိုပါနဲ့"

"သိခ် ဘာဖြစ်နေတာလဲ၊ နွေးနဲ့လက်ထပ်ဖို့ အမြဲတမ်း အကြောင်းတစ်ခုခုပြပြီး ငြင်းနေတော့မှာလား၊ မရဘူး၊ နွေးကတော့ တောင်းဆိုရမှာပဲ၊ ဘာလဲ သိခ်မှာ ကောင်မလေးအသစ်တစ်ယောက်များ တွေ့နေလို့လား"

"ဟင်"

သိခ် ယောင်ချာချာဖြစ်သွားသည်။ နွေးကို ရင်ဆိုင်ကြည့်ဖို့ပင် မဝံ့မရဲဖြစ်သွားသဖြင့် နွေးက စူးခနဲကြည့်သည်။ သူ အမှန်တွေကို ဝန်မခံရဲ။ ကေတုကိုချစ်တယ်ဆိုပြီး အမှန်ကို ဝန်ခံရဲတဲ့ သတ္တိမရှိတာ သူ့ကိုယ်သူ ဒေါသဖြစ်မိလာသည်။

"သိခ်"

"ဟင်"

"ပြောစမ်း သိခ်၊ ဖောက်ပြန်နေပြီလား၊ ဘယ်ကောင်မနဲ့ ငြိနေပြီလဲ၊ ပြောလေ၊ ဘယ်လိုကောင်မမျိုးပဲဖြစ်ဖြစ် နွေးက လက်မခံဘူးနော်၊ ပြသနာအကြီးအကျယ် ရှာပစ်မှာ၊ ပတ်ဝန်းကျင်က သိခ်နဲ့နွေး လက်ထပ်မှာ အားလုံးသိထားကြတာလေ"

သိခ် စိတ်ပျက်မိသည်။ ဒီသတင်းကို နွေးကပဲ လိုက်ဖြန့်





နေတာပဲ။ သိခ်က နွေးနွေးကို ဘယ်တုန်းကမှ မချစ်ခဲ့။ မေမေ စိတ်ချမ်းသာစေချင်၍သာ မငြင်းတာပါ။ ကေတုကို သူ လုံးဝ မစွန့်လွှတ်နိုင်။ သူ့ရိန်နဲ့ လုရမည်။ နွေးနွေးကလည်း တမျှောင့် မေမေကလည်း ကေတုနှင့် သဘောတူမှာမဟုတ်။ သူ စိတ်ညစ်နေမိသည်။

"အန်တီအိလာရင် နွေးလက်ထပ်ဖို့ပြောမယ်၊ သိခ် အရင်နဲ့မတူဘူး၊ နွေးကိုဆက်ဆံတာ အေးစက်နေတယ်၊ အခု ရှင် အရိုက်ခံရတာလည်း ကောင်မလေးကြောင့်ထင်တယ် သိခ်"

"ဟာ…မဟုတ်ပါဘူး၊ တောင်းပန်ပါတယ်နွေးရာ ကိုယ် အနားယူချင်တယ်၊ ကိုယ်အိပ်တော့မယ်"

"အိပ်လေ၊ ဒါပေမယ့် အန်တီအိလာရင်တော့ ရှင်နဲ့ လက်ထပ်ဖို့ စီစဉ်ခိုင်းမယ်၊ ရှင့်ကိုစိတ်မချလို့သိလား"

သူဘာမှဆက်မပြောတော့ဘဲ မျက်လုံးတွေကို မှိတ်ထားလိုက်သည်။

"နွေး စားစရာတွေအားလုံး စီစဉ်ပေးသွားတယ်၊ ဆေးလည်း လာတိုက်မယ်၊ သိခ် အိပ်တော့"

နွေးနွေးသာ ဒီလိုလိုက်လုပ်နေရင်တော့ ကေတုနှင့် ဝေးရတော့မယ်ထင်တယ်။ သူဘယ်လိုလုပ်ရမလဲ။ မေမေက နွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုလျှင် စီစဉ်မှာသေချာသည်။

"အား…ခေါင်းတွေကိုက်လိုက်တာ ကေတုရာ၊ မင်း ဘယ်ရောက်နေလဲ၊ ဘာတွေဖြစ်နေလဲ၊ သူရိန်ကပြောတော့ မင်းနေ ကောင်းပုံပဲတဲ့ကွ"

သူသတိရနေတာက ကေတုပဲ။ မနက်ဖြန် ဂျာနယ်လာဖို့ ပါ့မလား။ မင်းက မာနကြီးတဲ့ ကောင်မလေးပဲ။ ကိုယ်သိတယ်။ မင်း ကိုယ့်အချစ်တွေကို လက်ခံမှာမဟုတ်ဘူး ကေတု။ ကိုယ်ရော သူရိန့်လို ကားတင်ပြေးရဲတဲ့ သတ္တိမရှိဘူးထင်တယ်။ တစ်ခါတစ်ရံ သတ္တိတွေကြောင်ပြီး လက်လျှော့ပစ်ချင်နေသည်။

"မောင်သိန်း အိပ်ပြီလား၊ နွေးနွေးက မင်းအတွက် ဆန်ပြုတ်ပေးဖို့မှာခဲ့တယ်၊ မင်းဘာစားချင်လဲ"

"ဒေါ်မိ"

"ဟင်"

"ကေတု ကျွန်တော့်အခန်းထဲကို ဘယ်တုန်းကရောက် နေတာလဲ၊ ကေတုရောက်နေတာနဲ့ ဒေါ်မိကို လာခေါ်တာ အချိန် ဘယ်လောက်ကြာလဲဟင်"

"ကြာတယ်လေ…ဒေါ်အိအလုပ်မအားလို့ ကောင်မလေး ကို ဝင်နိုင်းလိုက်တာ၊ တစ်နာရီလောက်ကြာမယ်၊ ဘာဖြစ်လို့လဲ





ကွယ်"

"ကျွန်တော် သတိလစ်ပြီး ဘာတွေပြောမိသွားလဲလို့ပါ၊ ကောင်မလေးကိုအားနာလို့"

"ဒေါ်မိတက်လာတော့ ကောင်မလေး အခန်းဝမှာရပ်နေ တယ်၊ မောင်သိန်း အခန်းထဲဝင်ရတော့ ကောင်မလေးကြောက်လန့် နေတဲ့ပုံပဲ၊ မျက်နှာလေး ဖြူဖတ်ဖြူရော်နဲ့ ရပ်နေတယ်"

"ရပါပြီဒေါ်မိ၊ ကျွန်တော် သိပ်စားချင်စိတ်မရှိဘူး၊ ဆန်ပြုတ်ပဲပေးပါဗျာ"

"ကောင်မလေးကိုယုံလို့ပါ၊ မောင်သိန်းကိုလည်း ယုံတယ်၊ ဒေါ်မိလည်း ဟင်းတွေချက်နေလို့လေ"

"ရပါတယ်"

"ကောင်မလေးက ရိုးသားတယ်၊ တကယ့်ကို ရိုးသား ဖြူစင်တာပါ"

ဒေါ်မိ ထွက်သွားတော့ သူ အိပ်နေရာမှ ထလိုက်သည်။ သူ့ရင်တွေ ပူနေ၏။ မေမေလာတော့မယ်။ နွေးနဲ့လက်ထပ်ဖို့ စီစဉ် ရင် သူငြင်းပယ်လို့ရမလား။ ရေခဲရေတစ်ခွက်ယူပြီး မော့သောက် ပစ်ရသည်။ ညနေရောက်တော့ နွေးကရောက်လာပြီး သူ့ကို ဆေးတိုက်ကျွေးမွေးပြုစုနေသည်။ စိတ်ပျက်စရာပဲ။ နွေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူစိတ်ညစ်နေရသလို ကေတုကလည်း ဖုန်းလေးတောင်မဆက်ဘူး။ အချစ်ဆိုတာ ဘာလဲကွာ။ မင်းလိုကောင်မလေးမျိုးကို ဒေါက်တာသိန်းက မချစ်ရဘူးလား။ သူအော်ဟစ်ပစ်ချင်နေသည်။

"သိန်း ဆေးသောက်ရအောင်နော်၊ ဒဏ်ရာက သက်သာရဲ့လား၊ ညကျရင်လေ သူရိန်က စောင့်အိပ်ပေးမလို့တဲ့"

သိန်း ငြင်းရခက်နေသည်။ သူရိန်ကလည်း ငယ်ငယ်လေးထဲက ခင်တွယ်ပြီး အရာရာပြောဆိုတိုင်ပင်နေကျ။ သိန်းစိတ်တွေ ရှုပ်ထွေးနေသည်။

"သိန်း"

"ဟင်"

"ဒဏ်ရာတွေက နာနေလားဟင်"

"မနာဘူး နွေး၊ ကိုယ်ဘာမှမဖြစ်ပါဘူး"

"နွေး စိတ်ပူလိုက်တာ သိန်းရယ်သိလား၊ အိပ်လို့တောင်မပျော်ဘူး၊ သိန်းကို အနီးကပ်ပြုစုစောင့်ရှောက်ဖို့ လိုအပ်နေပြီထင်တယ်"

နွေးကို သူဘာစကားမှ ဆက်ပြောချင်တဲ့ဆန္ဒတွေပင် မရှိတော့။ မျက်လုံးတွေကို မှိတ်ထားလိုက်သည်။ ဒဏ်ရာတွေက သက်သာနေပါပြီ။ ကေတုကို သတိရနေ၏။ သူချစ်တာကို ရင်ဖွင့်



BURMESE CLASSIC .com



ထား၍ ရင်ခုန်နေသည်။

"သိန်း"

"ဟင်"

"ငြိမ်နေလိုက်တာ ဘာတွေစဉ်းစားနေတာလဲ၊ ရှင် အခုတလော နွေးကိုဆက်ဆံတာ အေးစက်နေတယ်"

"ကိုယ်ဒဏ်ရာရနေတယ် နွေး၊ ကျေးဇူးပြုပြီး ဘာမှမပြောပါနဲ့၊ ကိုယ် အနားအညွှတ်တောင်းပန်တာပါ"

"ပြီးရောကွာ…နွေးက စိတ်ပူလို့ပြောနေတာကို"

နွေးပြန်သွားတော့မှ သူနားပူသက်သာသွားသည်။ အရင်က နွေးအလိုဆန္ဒအတိုင်းသာ ဖြစ်စေရတဲ့သူ။ ပြောင်းလဲသွားတာ အမှန်ပဲ။ မတတ်နိုင်ဘူး။ ကေတုကို ကိုယ်ချစ်မိနေတယ်။ အရမ်းချစ်တယ်။ ရှုံးသွပ်စွာ အော်ဟစ်ချင်နေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"အုပ်စိုး"

"ဟင်"

"ငါ ဂျာနယ်ပို့တဲ့အလုပ် မလုပ်တော့ဘူး"

"ဘာပြောတယ် ကေတု၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ငါကုမ္ပဏီက တစ်ခုခုမှာပဲ အလုပ်လျှောက်တော့မယ်၊ နင်ပဲဆက်ပို့ပါ၊ ဒေါက်တာသိန်းအိမ်ကိုလည်း ဆက်ပို့ပေးပါဟာ၊ ပိုက်ဆံငါပေးမယ်၊ သူ့ဆီက ကြိုတင်ငွေယူထားလို့လေ"

"သူရိန်ကြောင့်လား"

"အင်း"

BURMESE CLASSIC .com





"ပြီးရောလေ...ကောင်းတယ်၊ အဲဒီလိုလူမျိုးတွေနဲ့က မပတ်သက်တာ အကောင်းဆုံးပဲ၊ နင့်ကိုငါ ကူညီမယ်"

"ရပါတယ်၊ ငါ အပြင်အလုပ်ပဲ လျှောက်တော့မယ်၊ သင်တန်းတွေ လျှော့တော့မယ်၊ လောကကြီးက ဓာတ်မျိုးပဲ၊ ကိုယ့်ရည်မှန်းချက်ကြီးသလောက် ဖြစ်ချင်မှဖြစ်တာဟ"

"သူ့ဌေးအသိုင်းအဝိုင်းတွေကို အထင်မကြီးတာ အကောင်းဆုံးပဲ၊ ငါတစ်ယောက်လုံးရှိပါသေးတယ် ကေတုရ"

"တော်ပါအုပ်စိုးရယ်၊ နင့်ဘဝကိုပဲ ထူမတ်အောင် ကြိုးစားစမ်းပါဦး၊ ငါ့မှာလည်း ခြေလက်တွေအကောင်းကြီး ရှိပါသေးတယ်"

ကေတုကတော့ ယောကျ်ားလေးတွေရဲ့ အထောက်အပံ့ အားလုံး လုံးဝလက်မခံချင်ပေ။ ဘယ်လိုတုံ့ပြန်မှုမျိုးကိုမှ ပြန်လည် မပေးဆပ်နိုင်။ အုပ်စိုးကိုတောင် ငယ်သူငယ်ချင်းတွေဖြစ်နေလို့ ပတ်ပတ်သက်သက် ဆက်ဆံနေတာပါ။ သူမကုမ္ပဏီတွေမှာပဲ အလုပ်လျှောက်မယ်။ ဒေါက်တာသိန်းရှိနေတဲ့ ရပ်ကွက်ထဲမသွားချင်။ ကင်းကင်းနေတာပဲကောင်းတယ်။ ဒေါက်တာကို ကေတု မချစ်နိုင်ဘူး။ မဖြစ်နိုင်တာပဲ။ ဒေါက်တာနဲ့ ကေတုဘဝက စိတ်ကူးတောင်



www.burmeseclassic.com

www.burmeseclassic.com



မယဉ်သင့်ပါဘူး။ ကေတု ကြိုးစားမယ်။ အမြင့်မားဆုံးဘဝတစ်ခုကို ပိုင်ဆိုင်စေရမယ်။ သူမ ငိုပစ်ချင်သည်။

"ကေတု"

"ဟင်"

"သူရိန်ကနင့်ကို"

"သွားတော့မယ်"

"ကေတု"

"ထားလိုက်ပါ၊ သူရိန်နဲ့မဆိုင်ဘူး"

ကေတု ပြန်လာခဲ့သည်။ အမေက ကုမ္ပဏီမသွားဘူးလားတဲ့။ ကေတု အပြင်ထွက်ဖို့ပြင်ရ၏။ အလုပ်တွေလျှောက်မယ်။ ဒေါက်တာရယ် ကေတု နှလုံးသားတွေထဲမှာ ဒေါက်တာကို ချစ်နေပြီ။ မချစ်ရဘူးလား။ ချစ်ခွင့်မရှိတာလား ဘာဖြစ်လို့လဲဟင်။ ကေတုလည်း နာကျင်နေသည်။

"ကေတုကိုချစ်တယ်၊ အရမ်းချစ်တယ်၊ ရင်ဆိုင်ရမယ့် အခက်အခဲ အဟန့်အတားတွေကို ရင်ဆိုင်ကြမယ်"

ကိုသိန်းပြောတဲ့ စကားတွေကို ကေတု ကြားနေခဲ့သည်။ မေ့ပစ်လို့မရဘူး။ ကိုသိန်း ဒဏ်ရာရော ကေတု ပြုစုပေးသင့်တယ်။

BURMESE CLASSIC .com

နိ · ဦ ၀၁၄ပ



မဖြစ်ပါဘူး။ ကင်းကင်းနေမယ်။ တော်ကြာ ဒီရပ်ကွက်ထဲ ဘာအကြံအဖန်လုပ်မလို့ဆိုတဲ့ ဝေဖန်ပြစ်တင်သံတွေ မကြားချင်ပါဘူး။ ကံကြမ္မာက ဘာဖြစ်လို့ ကိုသိန်းနဲ့ ဆုံခွင့်ပေးရတာလဲ။ သူမ ဒေါက်တာဟုပင် မခေါ်။ စိမ်းသည်ဟုထင်မိကာ ဝေးသွားသလိုပင်။ ကေတုက ကိုသိန်းလို့တော့ တစ်ယောက်တည်း ခေါ်နေပိုင်ခွင့်ရှိပါတယ်နော်။ ကေတု အပြင်ထွက်လာခဲ့သည်။

သိန်းကတော့ ကေတု ဂျာနယ်လာပို့မည့်အချိန်ကို မျှော်လင့်နေသည်။ သူရိန်လည်း သူ့လိုပဲ ခြံဝမှာ ကေတုအား စောင့်နေ၏။ သိန်းက ပြတင်းပေါက်ကပဲ စောင့်နေသည်။

"ကလင်…ကလင်"

"ကလင်"

စက်ဘီးဘဲလ်သံကြောင့် သူ့အကြည့်တွေက ခြံဝကို ရောက်သွားတော့ ကေတုမဟုတ်။ အုပ်စိုးဆိုတဲ့ ကောင်လေးထင်တယ်။ သိန်း စိတ်မောသွားရသည်။

"ကေတု မလာတော့ဘူးလား၊ ကိုယ့်ကိုရှောင်သွားတာလား"

ခဏကြာတော့ သူရိန်က ဂျာနယ်တွေကိုင်ပြီး အပေါ်တက်လာသည်။

နိုး:မိုး:၀၁၄၆ပ

www.burmeseclassic.com

www.burmeseclassic.com



"ကြွေပြီဗျာ…အရမ်းခံစားရတယ်၊ ကေတုက ဂျာနယ် ပို့တဲ့အလုပ် မလုပ်တော့ဘူးတဲ့"

မင်းတကယ်ပဲ ကိုယ့်ကိုရှောင်သွားပြီလား ကေတု။ သူရိန်က သူ့ကြောင့်ထင်ပြီး စိတ်မကောင်းဖြစ်နေသည်။ တကယ်တော့ သိခ်ကြောင့်ပဲ။ လူကြီးတစ်ယောက်ဖြစ်ပြီး သူ့စိတ်တွေကို မထိန်းချုပ်နိုင်ခဲ့။ သူရိန်သိသွားရင် ရှက်စရာကောင်းနေသည်။ သိခ် မှားတယ်။ သူ့နှလုံးသားအလိုဆန္ဒတွေကို ဒီလောက်အထိ လိုက်လျောရလား။ သူ့စိတ်ထိနိုက်သွားရသည်။

"သူရိန်ကတော့ ကေတုကို မရရတဲ့နည်းလမ်းတွေနဲ့ အရယူမယ် ကိုသိခ်"

"သူရိန်"

"ဗျာ"

"ကေတုကို အနှောင့်အယှက်မပေးသင့်ဘူး ထင်တယ်"

"ကေတု ဘာဖြစ်လို့ ရှောင်ထွက်သွားရတာလဲ၊ သူရိန်က ချစ်တယ်ဆိုတာနဲ့ ရှောင်ထွက်သွားရလား၊ ဟိုကောင်အုပ်စိုးကြောင့် ဖြစ်ရမယ်"

ကေတု မင်းထွက်ပြေးတာ ဘာကြောင့်လဲ။ ကိုယ့်မိဘတွေကြောင့်လားကွာ။ သူရိန် အားမလိုအားမရနှင့် ကေတုကို

ဝိ . မို ၈၇၆၆၀



သွားတွေ့ဖို့ ဆုံးဖြတ်ထားသည်။

"ကျွန်တော် ကေတုကို သွားတွေ့မယ်၊ ကေတုနဲ့ လုံးဝ အဝေးမခံနိုင်လို့ ကျွန်တော် လုံးဝလက်မလွှတ်ဘူး"

သူရိန် အရူးအမူးဖြစ်နေသည်။ သိခ်ကတော့ ရင်ထဲမှာ မီးတောက်နေပြီ။ ရင်ထဲမှာ ကြပ်နေသည်။ သူ့ကြောင့်ပဲ ကေတု လိုကောင်မလေးက မာနကို ထိပါးခံမှာမဟုတ်။ သိခ် ဆင်ခြင်သင့်တယ်။ သိခ်ကြောင့် သူရိန် ပြန်သွားသည်။ ကေတု မင်းဘာဖြစ်လို့ ရက်စက်ရတာလဲ။ ကိုယ့်ရင်တွေပူနေတယ်။ ကေတု ဘယ်တွေ လျှောက်သွားနေလဲ။ မင်းသင်တန်းတွေတက်ချင်လို့ ဂျာနယ်ပို့တဲ့ အလုပ်လုပ်တာ။ မင်းက မျှော်မှန်းချက်ကြီးတဲ့ မိန်းကလေးပဲ ကေတု။ ကိုယ်မှားတယ်ကွာ။ မင်းကို တောင်းပန်ရမယ်။ ကေတုတို့ ရပ်ကွက်မှာ သူ ဆေးခန်းထိုင်သည်။ ဒေါက်တာ သက်သာနေပြီ ဖြစ်၏။ ကိုယ့်ကြောင့်တော့ အလုပ်ကိုအပျက်မခံပါနဲ့။ သူ့ဒေါက်တာ တွေက ပျောက်လုဖြစ်နေသည်။ ညနေစောင်းတော့ သိခ် ဆေးခန်း မှာထိုင်ဖြစ်၏။ လူနာတွေက ဝမ်းသာအားရ ဆီးကြိုကြသည်။

"ဒေါက်တာ လာမထိုင်လို့ ကျွန်မတို့တွေ အရမ်းအားငယ်နေတာပါ၊ နေမကောင်းလို့လားဟင်"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် အမြဲတမ်းလာထိုင်မှာပါ၊

ဝိ : ပို · ၈၇၆၆၀

www.burmeseclassic.com

www.burmeseclassic.com



အားမငယ်ကြပါနဲ့၊ ဒီရပ်ကွက်က လူတွေကို အမြဲတမ်းကူညီနေမှာပါ"

"ဝမ်းသာလိုက်တာကွယ်...ကျေးဇူးတင်ပါတယ်"

သူ ဆေးခန်းထိုင်ပြီး လူရှင်းသွားသည်နှင့် ကေတုတို့အိမ်မေးမြန်းကာ ဝင်လာခဲ့သည်။

"ဒေါက်တာ ဘာလာလုပ်တာလဲ၊ ပြန်ပါ၊ အမေလည်းမရှိဘူး၊ ပြန်ပါနော်"

"ကေတု"

"ရှင်"

"ဘာဖြစ်လို့ ဂျာနယ်လာမပို့တာလဲ"

"ကေတု ကုမ္ပဏီမှာဝင်လုပ်တော့မှာမို့ပါ၊ ကျေးဇူးပြုပြီးပြန်ပါနော်"

"ကေတု ဂျာနယ်လာပို့ပါ"

"ကေတု တခြားအလုပ်လုပ်တော့မလို့ပါ၊ ဂျာနယ်ပို့တဲ့အလုပ်က မိန်းကလေးတစ်ယောက်အနေနဲ့ မသင့်တော်လို့ပါ"

"မနက်ဖြန် ကေတုတို့ရပ်ကွက်ထိပ်က ကားမှတ်တိုင်မှာ ကိုယ်စောင့်နေမယ်"

ဝို : မို : ဝ၁၆ပေ



"မလုပ်ပါနဲ့၊ အဲဒီလိုမလုပ်ပါနဲ့ ကိုသိခ် အဲ"

"ကိုသိခ်လို့ပဲခေါ်ပါကွာ၊ ကိုယ့်ကို ဒီလောက်အထိ မစိမ်းကားပါနဲ့နော်"

"သေချင်တာပဲ၊ ကေတုအတွက်ထက် ကိုသိခ်အတွက်ပါ၊ ပြဿနာမရှာချင်ပါနဲ့နော်၊ ကေတုနဲ့ မပတ်သက်စေချင်လို့ပါ"

"ကိုယ်စောင့်နေမယ်"

"ကိုသိခ်"

"ကေတုလာခဲ့ပါ၊ ကိုယ်စကားပြောချင်တယ်၊ ကေတုနဲ့ပြောစရာတွေအများကြီးပဲ"

"ကိုသိခ်က ကေတုကိုချစ်တယ်လို့ ထပ်ပြောလည်း ကေတု လက်ခံမှာမဟုတ်ပါဘူး၊ ကေတုကို မေ့ပစ်လိုက်ပါ၊ ကိုသိခ်ကို ကေတု ဘယ်တော့မှ တုံ့ပြန်မချစ်ဘူး၊ ကေတု ချစ်သူအဖြစ်ရွေးချယ်မယ်ဆိုရင်လည်း သူရိန့်လို သက်တူရွယ်တူပဲ ရွေးချယ်မှာပါ"

"ကေတု"

"ပြန်ပါ၊ ကေတုတို့ပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာကင်းမဲ့အောင် မလုပ်ပါနဲ့၊ ကိုသိခ်ရဲ့ ဂုဏ်သိက္ခာလည်း ကျွန်မကြောင့်

ဝို : မို : ဝ၁၆ပေ

www.burmeseclassic.com

www.burmeseclassic.com



မထိပါစေနဲ့''

ကေတု အိမ်ထဲဝင်လာခဲ့သည်။ ဒေါက်တာပြန်ပါ။ ကေတု တောင်းပန်ပါတယ်။ ဘာမဟုတ်တဲ့ ကောင်မလေး တစ်ယောက်အတွက် ဂုဏ်သိက္ခာတွေ မမဲ့ပါစေနဲ့။ မတန်ပါဘူး။ သူ့ဒွေးရပ်ကွက်ထဲလာပြီး သူ့ဒွေးဆရာဝန်တစ်ယောက်ကို လာချိုင်တာမျိုး အဖြစ်မခံနိုင်။ ကေတု ပြတ်ပြတ်သားသားပဲ ဆုံးဖြတ်လိုက်သည်။

''ကိုယ်ကတော့ စောင့်နေမှာပဲ ကေတု၊ မင်းလာချင်လာ မလာချင်နေ ကိုယ်စောင့်နေမယ်''

ကိုသိန်း ပြောလိုက်တဲ့စကားတွေက သူ့မနားထဲသို့ ရူးနှင့်စွာ တိုးဝင်လာသည်။ ကေတုကို မစောင့်ပါနဲ့၊ တောင်းပန်ပါတယ်နော်။ ကေတု အိပ်ခန်းလေးထဲဝင်လာခဲ့၏။ ဒေါက်တာရဲ့ အချစ်တွေကို ကေတု ငြင်းပယ်တာ ကေတု ဘယ်လောက်အထိ ခံစားနေရလဲဟင်။ ကိုသိန်းကို ကေတုချစ်တယ်။ ကေတုချစ်တယ်။ သူ့မ အော်ဟစ်ပစ်ချင်နေသည်။

❖ ❖ ❖



## အခန်း (၁၄)

ကေတု မသွားဘူး။ ကိုသိန်းနှင့်တွေ့ဖို့အကြောင်း မရှိပေ။ ကင်းကင်းရှင်းရှင်းနေတာ အကောင်းဆုံးဟုပဲ တွေးထားသည်။ သူတို့အသိုင်းအဝိုင်းတွေက ကေတုလိုကောင်မလေးမျိုးနဲ့ သဘောတူမလား။ ကေတု အလုပ်ပိတ်ရက်ဆိုပြီး ကုမ္ပဏီမသွားဘူးလို့ အမေ့ကို ပြောကာ အိမ်မှာပဲအိပ်နေသည်။

''ကိုယ်စောင့်နေမှာပဲ ကေတု၊ မင်းလာချင်လာ မလာချင်နေ ကိုယ်ကားဂိတ်မှာ ဘယ်နှစ်ရက်ဖြစ်ဖြစ် ထိုင်စောင့်နေမယ်''

အလကားပါ။ ကေတုကိုများ အဲဒီလောက်အထိ မရမနေနိုင်အောင် ကိုသိန်း ချစ်နေမှာမဟုတ်ပါဘူး။ ကိုသိန်း မရခင်တော့ ချစ်ဟန်ဆောင်ပြနေတာပဲ။ ပြီးရင် အမေကလက်မခံလို့ ဟိုဟာဖြစ်လို့ ဒီဟာဖြစ်လို့နဲ့ ထားခဲ့မှာပါ။ အုပ်စိုးနဲ့ကေတုက ဘဝတူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေမယ့် ကေတုရဲ့စိတ်က သူငယ်ချင်းအဖြစ်ပဲ လက်ခံချင်သည်။ သူရိန်ကိုရော လုံးဝပဲ။ မောက်မာပြီး အဆင့်အတန်းခွဲခြားဆက်ဆံတတ်တဲ့ သူရိန့်အမေကိုလည်း ကေတု မပတ်သက်ချင်။ ကေတု ချစ်သူထားဖို့ဆိုတာ အခြေအနေကမှ မပေးတာ။ ကေတု မသွားဘဲ နေပစ်သည်။

"သူစောင့်နေမှာလား၊ စောင့်ပါစေ၊ ဘာဖြစ်လဲ၊ ကေတုကို တစ်နေကုန်အောင်တောင် ရှင်နေနိုင်လို့လား"

အခန်းထဲမှာ စောင်ခေါင်းမြီးခြုံပြီး ကေတု အိပ်နေသည်။ အမေက ကေတုကို နေမကောင်းဘူးလားဆိုပြီး မေးနေ၏။ ကောင်းပါတယ်အမေ ကေတု အိပ်ရေးဝအောင် တမင်အိပ်နေတာပါဟု ပြောပြီး ကေတုအခန်းထဲမှာပဲနေသည်။

"ကေတုရေ...ကေတု"

အုပ်စိုး အသံပြဲကြီးနှင့် လာအော်နေ၍ ကေတု ထလိုက်ရသည်။ အမေက မောင်နှမနှစ်ယောက် စကားပြောဦးဆိုပြီး ဈေးဝယ်ဖို့ထွက်သွား၏။ အုပ်စိုးကို အမေယုံသည်။ ကေတုကိုလည်း အချစ်ရေးကိစ္စတွေ စိတ်မဝင်စားတဲ့ သမီးအလိမ္မာလေးအဖြစ် အမေယုံနေ၏။ ကေတု စိတ်ရှုပ်ရှုပ်နှင့် အခန်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။





"ဘာလဲဟ...အုပ်စိုး အသံပြဲကြီးနဲ့ဟာ"

"နင်ဘာဖြစ်လို့ အလုပ်ထွက်မရှာတာလဲ ကေတု၊ ငါ ကုမ္ပဏီတစ်ခုမှာ အလုပ်သားလိုတယ်လို့ ကြော်ငြာတွေ့ထားတယ် သွားကြည့်မလား"

"ဒီနေ့တော့ မသွားဘူးဟာ၊ နောက်နေ့မှပဲသွားမယ်"

"နင်ဘာဖြစ်နေတာလဲ ကေတု၊ နေမကောင်းဘူးလား"

"အင်း"

"ညနေဆေးခန်းသွားပြပါလား၊ ဆရာဝန်က စေတနာရှိတယ်၊ နင် ဂျာနယ်ပို့တဲ့ခြံကလေ ဒေါက်တာသိန်းတဲ့"

"အင်းပါ...ငါဘာမှသိပ်မဖြစ်ပါဘူးဟာ၊ နည်းနည်းဖျားတာပါ၊ ဆေးသောက်ထားတယ်၊ နင်သွားတော့"

"ကေတု"

"ဟင်"

"အခုတလော နင့်ကိုကြည့်ရတာ မတက်ကြွသလိုပဲဟာ၊ ဘာတွေဖြစ်နေလဲ ငါ့ကိုပြောနော်၊ ဘာလဲ နင်အသည်းကွဲနေတာလား"

"ဘာ"

"အမလေး လန့်လိုက်တာဟာ၊ ဒီလောက်အထိ အကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးထအော်ရလားဟ''

အုပ်စိုးက အသည်းကွဲနေလားဟု မေးလိုက်စဉ် ကေတု မလုံမလဲနှင့် အထိတ်တလန့် ထအော်ပစ်မိသွားသည်။ အသည်းနှလုံးတွေကို အပ်နှင့်ထိုးစိုက်လိုက်သလိုပဲ။ ကေတုကို အုပ်စိုးက ဆတ်ခနဲ စိုက်ကြည့်နေ၏။ ကေတု အမူအရာတွေ ပျက်ယွင်းနေတာ သိသာမလားပဲ။ မတတ်နိုင် အုပ်စိုးကို မျက်စောင်းထိုးပစ်လိုက်သည်။

''နင်ဘာတွေလာမေးနေတာလဲ အုပ်စိုး၊ ငါက ဘယ်တော့မှ အသည်းမကွဲဘူး၊ ငါ့ကိုလာကြိုက်တဲ့ကောင် သေပြီသာမှတ်ထား''

''ကေတု''

''ဟင်''

''နင် သူရိန့်ကိုချစ်နေတာလား၊ သူရိန့်ကြောင့် အသည်းတွေများကွဲနေလားလို့''

''ကောင်စုတ်...ဘာတွေလာပြောနေတာလဲ၊ သူရိန်ချမ်းသာတာနဲ့ ငါကကြိတ်ကြိုက်နေမယ်ထင်လို့လား၊ ဝေးသေးတယ်''

''သူရိန်က အခြေအနေအားလုံးကောင်းတယ်လေဟာ၊

စိုးမိုး ၀၁၄၀



မိန်းကလေးတစ်ယောက်အတွက် အကြီးမားဆုံးမျှော်လင့်ချက်ပဲဟာ၊ သူရိန့်ကချောတယ်၊ ငွေကြေးချမ်းသာတယ်၊ နင့်ကိုလည်း ချစ်တယ်လေ၊ နင် အိုက်တင်ခံမနေနဲ့နော် ကေတု၊ ငါ အောင်သွယ်ပေးရမလား''

''အုပ်စိုးနော်...နင်လာပြီးပေါက်ကရတွေ မလုပ်နဲ့၊ လာအောင်သွယ်ရင် နင်ပါ သူငယ်ချင်းအဖြစ်ကနေ ရပ်စဲပစ်လိုက်မှာ''

''နင် သူရိန့်ကို လုံးဝမကြိုက်ဘူးပေါ့''

''မကြိုက်ဘူး၊ လုံးဝပဲ၊ သူတို့လိုလူမျိုးတွေကို ငါက အထင်ကြီးမယ်ထင်နေလို့လားဟဲ့''

''ကေတုရယ်...ငါဝမ်းသာလိုက်တာ၊ အရမ်းပျော်သွားတယ်''

''ဘာ''

''သူရိန်လိုလူမျိုးကို နင်မကြိုက်လို့လေ၊ သူရိန့်အမေက အရမ်းမောက်မာတာ၊ နင် စိတ်သောကရောက်မှာစိုးလို့ပါဟာ''

''ပြီးရော''

သူရိန့်ကို မကြိုက်ဘူးဆိုတော့လည်း အုပ်စိုးပျော်ရသည်။ သူက ကေတုကို ကြိုက်နေသဖြင့် ကေတုမှာ ချစ်သူရှိသွားမှာ

စိုးမိုး ၀၁၄၀

www.burmeseclassic.com

www.burmeseclassic.com



အစိုးရိမ်ဆုံးပင်။ ကေတုသဘောကျကျေနပ်သည့်အထိ ကြိုးစားဖို့ အုပ်စိုး ဆုံးဖြတ်ထားသည်။ အလုပ်ကြိုးစားနေ၏။ သူရိန်နှင့်ယှဉ်ဖို့ မဖြစ်နိုင်။ ကေတုကတော့ မာနရှိသည်။

"နင်သွားတော့လေ အုပ်စိုး၊ ငါအနားယူချင်ပြီ ပြန်ဟာ"

"အေးပါဟာ…မနက်ဖြန်မှ လာခဲ့မယ်၊ နင့်အတွက်လည်း ငါ အလုပ်တွေလိုက်ရှာနေတယ်၊ အနားယူတော့ ကေတု၊ ငါတစ်ယောက်လုံးရှိပါသေးတယ်ဟာ"

"နင့်ကိုလည်း အားမကိုးဘူး၊ ငါက ငါ့ကိုယ်ငါပဲ အားကိုးတယ်၊ အပိုတွေလာပြောမနေနဲ့နော် အုပ်စိုး"

အုပ်စိုး ပြန်သွားမှာ ကေတု စိတ်သက်သာရာရသွားသည်။ တော်ပါသေးရဲ့ အုပ်စိုးက သူရိန်နှင့်ထင်နေလို့။ ဒေါက်တာသိန်ကြောင့် ကေတု ကြိတ်ဆွေးနေတာသာသိရင် ကေတု တော်တော်လေး အပြောအဆိုခံရမှာပဲ။ သူမ အိမ်ထဲမှာနေရင်း ကိုသိန်ကို သတိရနေသည်။

"ကိုသိန် ကားဂိတ်မှာစောင့်နေပြီလား၊ ကေတုကို အဲဒီလောက်အထိ ချစ်နေလို့လား"

သူမအိပ်လို့မရ ထပြီးထိုင်သည်။ သွားမတွေ့ဘူး။ ရှင်တို့နဲ့ မပတ်သက်တာအကောင်းဆုံးပဲ။ မချစ်ဘူး။ ကေတုမာနတွေ





ဘယ်ရောက်သွားပြီလဲ။ ကိုသိန်ရော စောင့်နေမလား။ ရှင် အဲဒီလောက် မချစ်နိုင်ပါဘူး။ သူမ အိပ်ပဲနေသည်။

"သမီးကေတု အိပ်နေတာလား၊ နေမကောင်းဘူးလို့လား"

"အင်း"

"ဆေးခန်းသွားပြမယ်လေ"

"ဟင့်အင်း"

"ထလေ…အဲဒီလိုမလုပ်နဲ့၊ သမီးကြည့်ရတာ အားမရလိုက်တာကွယ်"

"ကေတု နည်းနည်းလေးဖျားချင်သလိုလိုဖြစ်နေတာပါ၊ ဆေး သောက်လိုက်မယ်အမေ"

"ထ…ဆေးခန်းသွားပြမယ်၊ သမီးအသိဆရာဝန်ကို ပြကြရအောင်"

"ဆေးခန်းပြစရာအထိ မဖျားပါဘူးအမေ၊ ဆေးသောက်ထားတယ်"

ကေတုကတော့ အိပ်ဖို့ပဲ ကြိုးစားနေသည်။ ဘယ်သူနဲ့မှ စကားမပြောချင်။ ကေတု မလာမချင်းစောင့်နေမယ်တဲ့။ တကယ်ပဲ စောင့်နေမှာလား။ ကေတု သွားကြည့်ချင်တဲ့ဆန္ဒတွေ ပြင်းပြ



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ စိတ်တွေကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားရသည်။ တဖြည်းဖြည်းနှင့် အချိန်တွေ ကုန်ဆုံးသွားသည်။ အမှောင်ထုက တဖြည်းဖြည်း လောကကြီးတစ်ခုလုံးအား လွှမ်းခြုံစပြုလာ၏။ အမေတောင် အိပ်နေပြီဖြစ်သည်။

"ကေတုရေ…ကေတု"

"ဟင်…အုပ်စိုး"

"နင်နေကောင်းသွားပြီလား"

"အင်း"

"ကားဂိတ်မှာ ဒေါက်တာသိခ်ဆိုတာ ထိုင်နေတယ်ဟ၊ ဆေးခန်းလည်း လာမထိုင်ဘူး"

"ဟင်"

"လူတွေလည်းမရှိတော့ဘူးဟ၊ မြင့်ဇော်ပြောတာတော့ မနက်ထဲကထိုင်နေတာတဲ့"

ကိုသိခ် တကယ်ပဲ ကေတုကိုလာစောင့်နေတာပဲ။ အခုဘယ်အချိန်ရှိနေပြီလဲ။ ပတ်ဝန်းကျင်က တစ်မျိုးထင်တော့မှာပါ။ တစ်ယောက်တည်း ဘယ်အချိန်အထိ လာထိုင်နေမှာလဲဟင်။ အန္တရာယ်တစ်ခုခုနဲ့တော့ ရင်ဆိုင်တွေ့နိုင်သည်။

"နင့်ကိုဝင်ကြည့်တာဟ၊ ဒေါ်လေးအိပ်ပြီထင်တယ်၊





မနက်ကြရင် ငါလာခေါ်မယ်နော် ကေတု၊ စောစောအိပ်ထား၊ အလုပ်ကသေချာတယ်"

"အင်းပါ"

အုပ်စိုးပြန်သွားမှ ကေတု ကားဂိတ်ကိုသွားဖို့ ပြင်ဆင်မိသည်။ သွားတွေ့မှာဖြစ်မှာပါ။ ပြဿနာတက်နိုင်၏။ အမေလည်း အိပ်နေပြီ။ ကေတု တိတ်တိတ်လေးထပြီး အိမ်အပြင်ကိုထွက်လာခဲ့၏။ ကားဂိတ်ကိုရောက်တော့ ကိုသိခ် ထိုင်နေဆဲပင်။ ပတ်ဝန်းကျင်မှာ လူတစ်ယောက်တစ်လေမှပင် မရှိတော့။ ကလေးကလားနှင့် ကားဂိတ်မှာ ငုတ်တုတ်ထိုင်စောင့်နေသော ဒေါက်တာသိခ်ကိုကြည့်ပြီး ကေတုရင်ထဲမှာ စို့နစ်သွားရသည်။

"ကိုသိခ်"

"ဟင်…ကေတု မင်းလာသားပဲ၊ ကိုယ်မနက်ထဲကစောင့်နေတာပါ"

"ဘာဖြစ်လို့ ရူးကြောင်ကြောင်နဲ့ အဓိပ္ပာယ်မရှိတာတွေ လုပ်နေရတာလဲ ကိုသိခ်၊ အန္တရာယ်အရမ်းများတယ်၊ ကေတုအတွက် အဲဒီလိုမလုပ်ပါနဲ့နော်၊ မတန်ပါဘူး"

"ကေတု"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကိုယ်ဘယ်လိုမှ မေ့ပစ်လို့မရဘူး၊ ကိုယ့်စိတ်တွေ ပေါက်ကွဲနေတယ်၊ အိမ်မပြန်ချင်လို့ ထိုင်နေတာ မင်းသာမလာရင် ကိုယ်ဘယ်အထိ ဆက်ထိုင်နေမိမလဲမသိဘူး၊ ကိုယ့်အသိတွေ ကင်းမဲ့နေသလိုပဲ"

"ကိုသိန်းရယ်"

အမှောင်ထုထဲမှာ သူက ကေတုခန္ဓာကိုယ်လေးအား ဆွဲယူပွေ့ဖက်ကာ ရင်ခွင်မှာ အပ်ထားသည်။ ကေတု မရုန်းမိ။ အချစ်ဆိုတာ နာကျင်မှုလား။ သူ့ကြောင့် ကေတုနှလုံးသားတွေ ရှုံးရှုံနာကျင်ကာ သူ့ရင်ခွင်ထဲ တိုးဝင်တုံ့ပြန်ဖက်တွယ်မိသည်။

"ကေတုကိုချစ်တယ်၊ ကေတုရော ကိုယ့်ကိုချစ်တယ်မဟုတ်လားကွာ"

"ချစ်တယ်၊ ကေတု ဟန်မဆောင်ချင်တော့ဘူး၊ ကျွန်မ ဒေါက်တာကို ချစ်မိနေပြီ၊ ကျွန်မစိတ်ကို ဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်းမရှိတော့လို့ပါနော်"

"ကေတုရယ်"

ညက မှောင်မိုက်နေသည်။ ပတ်ဝန်းကျင်က လူသူကင်းမဲ့နေ၏။ သိမ့်ရင်တွေ တဆတ်ဆတ်ခုန်နေသည်။ ချစ်သူအား ရယူပိုင်ဆိုင်ခွင့်က သူ့ဘဝအတွက် အလိုအပ်ဆုံးဆုလာဒ်ပေပဲလား။





ကေတုခန္ဓာကိုယ်လေးအား တင်းကြပ်စွာ ပွေ့ဖက်ထားနေမိသည်။ အန္တရာယ်တွေလည်း မသိဘူး။ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေကို မေ့လျော့သွား၏။ အနမ်းတွေထဲမှာ မေ့မျောနေသည်။ ပြီးမှ အသိတွေဝင်လာကာ ကေတုအား ပြန်ဖို့လိုအပ်နေပြီဖြစ်ကြောင်း လူချင်းခွာကာ ပြောမိသည်။

"ကေတုပြန်သင့်ပြီ၊ တော်ကြာ ပတ်ဝန်းကျင်က အထင်သေးဦးမယ်၊ ကေတုပြန်လေ"

"ကိုသိန်းရောပြန်ပါ၊ ကေတုက အကြောင်းမဟုတ်ပါဘူး"

"ကေတုပြန်မှ ကိုယ်ပြန်မယ်လေ"

"ကိုယ်ပဲပြန်ပါ၊ ကေတု ဒါမှစိတ်အေးရမှာလေ"

"ကေတု"

"ဟင်"

"ကိုယ့်ကို စိတ်ချနော်၊ ဘယ်အရာကိုမဆို ရင်ဆိုင်ပြီး ကေတုနဲ့လက်ထပ်ခွင့်ရအောင် ကြိုးစားမယ်၊ ကေတုလည်း ကိုယ်နဲ့ပတ်သက်ပြီး ဘယ်လိုအရာမျိုးမဆို သည်းခံခွင့်လွှတ်ပေးပါ"

"အင်း"

"ကေတုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်"

"ပြောလေ ကေတု"

"ကိုယ့်ကို ကေတုချစ်တာ ငွေကြေးစည်းစိမ်ချမ်းသာတွေ၊ ဂုဏ်ဒြပ်တွေနဲ့ မဆိုင်ပါဘူးနော်၊ ဘာဖြစ်လို့ချစ်သွားမိလည်းဆိုတာ မသိနိုင်အောင်ပါပဲလေ"

"ကိုယ်သိပါတယ် ကေတု၊ ကိုယ်တို့က ဖူးစာရေစက်တွေ ပါကြလားပဲ၊ မြင်မြင်ချင်းပဲ မတွေ့ရမနေနိုင်အောင် ချစ်ကြတာလေ"

ကေတုတို့နှစ်ယောက်လုံး ပြိုင်တူပဲ ကျောခိုင်းထွက်လာခဲ့သည်။

❖ ❖ ❖

## အခန်း (၁၅)

ကေတုအိမ်ပြန်ရောက်လာတော့ အမေအိပ်နေသည်။ တော်ပါသေးရဲ့။ ပတ်ဝန်းကျင်ကလည်း လူသူကင်းမဲ့နေ၏။ အမယ်လေး ရပ်ကွက်ဆေးခန်းကဆရာဝန်နှင့် ညအချိန် ချိန်းတွေ့တယ်ဆိုရင် ပတ်ဝန်းကျင်က ဘာပြောမလဲ။ အမေက ကိုယ်နှင့်ဘဝတူကိုပဲ အိမ်ထောင်ဘက်ချစ်သူအဖြစ် ရွေးချယ်ရမယ်တဲ့။ အုပ်စိုးကို ရည်ရွယ်တာပဲဖြစ်သည်။ ကေတုက ငွေကြေးချမ်းသာတာကို မက်မောတာမဟုတ်။ ဒေါက်တာသိန်းအား သူမနှလုံးသားတွေက ရူးကြောင်စွာချစ်မိသွားသည်။ ကေတု အခန်းထဲပြန်ဝင်လာပြီး အိပ်ရာပေါ်လှဲချမိ၏။ မျက်ဝန်းတွေက ကြောင်စီစီဖြစ်နေသည်။

"ကေတုကိုချစ်တယ်၊ ကိုယ်အရမ်းချစ်တယ်၊ အရာ

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ရင်ဆိုင်ဖြတ်သန်းကြမယ်နော် ကေတု''

ကေတု မငြင်းခဲ့။ သူ့အချစ်တွေကို ခေါင်းညိတ်လက်ခံမိသည်။ ကေတု နင်ရှုးနေပြီလား။ သူ့ခြေးရပ်ကွက်ထဲ ဂျာနယ်သွားပို့ပြီး ပတ်ဝန်းကျင်က ဘာပြောမလဲ၊ အမေသိရင် မလွယ်ဘူး။ ကေတု အိပ်ပျော်အောင် ကြိုးစားအိပ်လိုက်သည်။ မနက်မိုးလင်းတော့ ကေတုကို အုပ်စိုးက လာခေါ်နေ၏။ ကုမ္ပဏီတစ်ခုမှာ သူ့အလုပ်ကိစ္စပြောထားလို့တဲ့။ ကေတု စိတ်မပါဘဲလိုက်ပို့ပေးရသည်။

''ဒီကုမ္ပဏီက နင့်လို ဘာသာစကားကျွမ်းကျင်တဲ့ မိန်းကလေးကို ခေါ်တာဟ၊ နင်ရမှာပါ၊ လခကောင်းတယ်၊ နင်က အင်္ဂလိပ်နဲ့ တရုပ်စကားကို အထူးကျွမ်းကျင်တယ်လေ''

''အင်း''

''ကေတု''

''ဟင်''

''နင်စိတ်မဝင်စားဘူးလား၊ နင်ဘာတွေဖြစ်နေလဲ၊ ငါကတော့ နင့်ဝါသနာနဲ့ ကိုက်ညီမယ့်ကုမ္ပဏီ ရှာလိုက်ရတာ''

''ငါ အလုပ်တစ်ခုတော့ ဝင်လုပ်ရမှာပဲ အုပ်စိုး၊ ဝင်ငွေရှိ





ဖို့ လိုအပ်တယ်လေ၊ ဒါပေမယ့် ငါက ကိုယ်ပိုင်အလုပ်ပဲလုပ်ချင်တာဟ''

''နောက်မှလုပ်ပေါ့ဟာ၊ နင်က ထက်မြက်တာပဲ၊ အခု ကုမ္ပဏီက စွမ်းဆောင်မှုကောင်းရင် ကောင်းသလို ရာထူးတက်နိုင်တယ်လေ''

''ကျေးဇူးပါပဲ''

''ကေတု နင့်ကိုကြည့်ရတာ အရင်လောက် မတက်ကြွသလိုပဲ၊ ဘာဖြစ်နေလဲ''

''မစပ်စုနဲ့''

''နင့်မျက်နှာလေး ညှိုးနွမ်းနေရင် မနေတတ်လို့ဟ''

''ထားလိုက်ပါ၊ ငါက ဘဝသမားလေ''

''ကေတု နင်ဘယ်တုန်းက ဘဝသမားဖြစ်သွားရထာလဲ၊ ရှိရှိမရှိရှိ အမြဲတမ်းပျော်ရွှင်တက်ကြွနေတဲ့သူကများ''

''သွားမယ်ဟာ''

အုပ်စိုးနှင့် စကားပြောရတာ ကေတု စိတ်မပါပေ။ အမေ့အတွက် ကေတု အလုပ်ဝင်ရမည်ဖြစ်သော်လည်း ဂျာနယ်ပို့ရတဲ့ အလုပ်လေးကို လွမ်းမောတမ်းတနေရသည်။ အုပ်စိုးကိုလည်း မမေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ။ သူက ကေတုကို သူရိန်နှင့်ပတ်သက်ပြီး အသည်းကွဲနေတယ် ထင်နေသည်။

"ကေတုရောက်ပြီဟ၊ ငါ့အသိရှိတယ်၊ နင်အဆင်ပြေမှာပါ"

"အင်းပါ"

အုပ်စိုးအသိနှင့် ကေတုတို့ သက်ဆိုင်ရာ အထက်လူကြီးဆီရောက်တော့ ကေတုအား သဘောကျကြ၍ ချက်ချင်းပဲ လစာကောင်းကောင်းနှင့် အလုပ်ခန့်လိုက်သည်။ ကေတု မပျော်ပေ။ ဂျာနယ်ပို့စဉ်က ရွှင်လန်းတက်ကြွနေမှုတွေ ပျောက်ဆုံးကုန်ပြီလား။ ကေတု မပျော်ပေ။ ကုမ္ပဏီကြီးတစ်ခုမှာ လခကောင်းတဲ့အလုပ်ကို ဂျာနယ်ပို့တဲ့အလုပ်လောက် ကေတု မမက်မောဘဲဖြစ်နေသည်။

"ကေတု နင်အရမ်းကံကောင်းတယ်နော်၊ အဲဒီကုမ္ပဏီက တက်လမ်းတွေအများကြီးရှိတယ်လေ"

"အင်း"

မနက်ဖြန် ကုမ္ပဏီမှာ ကေတု အလုပ်စဝင်ရမည်။ ကုမ္ပဏီကနေ ပြန်လာတော့ သူရိန်နှင့်တွေ့သည်။

"ကေတု ဘာလာလုပ်တာလဲ"





"သူရိန်"

"အုပ်စိုးရော"

"ကေတုသွားမယ်"

"နေပါဦး အုပ်စိုးရဲ၊ ကေတုနဲ့ စကားပြောစရာရှိလို့"

"ကေတုလာ"

သူရိန်ကတော့ အုပ်စိုးအမူအရာ ပျက်ယွင်းနေတာကို သိသည်။ ဒီကောင် ကေတုအား ကြိတ်ပိုးနေပုံပင်။ သူနှင့်အုပ်စိုး ဘယ်လိုမှ ပူးပေါင်း၍မရပေ။ နှစ်ယောက်သား အငှားကားနှင့် ပြန်သွားကြသည်။

"အုပ်စိုး…မင်း ကေတုကို ယက္ခဂုမ္ဘာန်စောင့်ကြပ်နေသလိုပါပဲလား၊ အချစ်နတ်သမီးလေး ကေတုဆီကလည်း မာနတံခွန် မိုးထိလွင့်နေတာပါလေ"

သူရိန် ဘာဆက်လုပ်ရမလဲ။ ကေတုကို ဒီကုမ္ပဏီက သူရိန်တို့ဦးလေး အန်ကယ်ရွှေရဲ့ ကုမ္ပဏီပဲ။ မြန်မာပြည်မှာ အအောင်မြင်ဆုံးနဲ့ အကြီးမားဆုံး ကုမ္ပဏီ အရည်အချင်းပြည့်ဝသူတွေကိုပဲ အလုပ်ခန့်လေ့ရှိသည်။

"ကေတု မင်းအရည်အချင်းရှိတာပဲ၊ ဘာကြောင့် ဂျာနယ်



www.burmeseclassic.com

www.burmeseclassic.com



မပို့တော့တာလဲကွာ၊ ကိုယ့်ကြောင့်လား''

သူရိန့် ညနေစောင်းသည်နှင့် ကေတုတို့ရပ်ကွက်ထဲမှာနေတဲ့ သူငယ်ချင်းမြင့်ဇော်ဆီ ရောက်လာသည်။ မြင့်ဇော်က အုပ်စိုးကို ငယ်နိုင်။ ရပ်ကွက်ထိပ်မှာ ရှိနေတဲ့ စားသောက်ဆိုင်ကို အုပ်စိုးအား ခေါ်လာသည်။

''မြင့်ဇော်...ဘာကိစ္စရှိလို့လဲကွ၊ ငါက သူဌေးသားတွေနဲ့ မပတ်သက်ချင်ဘူး''

''အုပ်စိုး''

''ဘာလဲကွ''

''ကေတုကို သူရိန်က ကြိုက်နေတာကွ၊ တကယ့်ကို မေတ္တာစစ်နဲ့ ချစ်နေတာလေ''

''မြင့်ဇော်''

''စိန်ကောင်းကျောက်ကောင်း ရောင်းဝယ်တဲ့နေရာမှာ မင်းက ဆေးရိုးသည်ဖြစ်နေပြီ''

''ဘာကွ''

''မင်း ကေတုကို ကောင်းစားစေချင်တယ်မဟုတ်လား''

အုပ်စိုး မပြောသာတော့။ မြင့်ဇော်အမေက သူ့အမေကို





ကျွေးမွေးထောက်ပံ့ကာ ငွေချေးနေသူ။ ကေတုကို ကောင်းစားစေချင်လားတဲ့။ ကေတုက အစွမ်းအစရှိသူပဲ။ ဒီသူရိန့်ဆိုတဲ့ သူဌေးသားက ဒီလောက်တောင် ချစ်သူရှားလား။ အုပ်စိုးကတော့ ကေတုကို ကောင်းစားစေချင်သည်။

''အုပ်စိုး''

''ဟင်''

''မင်း...ကေတုကို ချမ်းသာစေချင်ရင် သူရိန့်လိုယောကျ်ားတစ်ယောက်နဲ့ အောင်သွယ်ပေးရမယ်ကွ''

''ဘာ''

''သူရိန်က ဆိုးသွမ်းပေတေနေတဲ့ ယောကျ်ားမှမဟုတ်တာ၊ ကေတုကို တကယ်ချစ်နေတာပါ၊ ငါက ကိုယ့်ရပ်ကွက်သူတစ်ယောက် ကြီးပွားချမ်းသာတာ မြင်စေချင်လို့ပြောနေတာကွ''

''သူရိန့်အမေက သဘောတူမလားကွ၊ ကေတုကို နှိမ်မှာ သဘောမတူဘူးဆိုရင် ဘယ်လိုလုပ်မလဲ''

''သူရိန်က ကေတုကို ဘယ်လိုအပ်ာန့်အတားတွေပဲရှိရှိ လက်ထပ်မှာ''

''မဖြစ်နိုင်တာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ်ဆိုရင်ရောကွာ၊ မင်းရှောင်ပေးလိုက်၊ သူရိန့် သူ့ဟာသူ လှုပ်ရှားလိမ့်မယ်"

"ပြီးရောကွာ…ကေတုသဘောပဲ၊ အတင်းအကြပ်တော့ ငွေနဲ့ဖိပြီးမလုပ်နဲ့"

"OK"

အုပ်စိုး မကျေမနပ်နှင့် ပြန်ထွက်သွားသည်။ မြင့်ဇော်က တော့ ကားတင်ပြေးလည်း ကူညီမည်တဲ့။ သူရိန့်ကတော့ ဘယ်လို နည်းနဲ့ပဲဖြစ်ဖြစ် ကေတုအချစ်တွေကို အရယူမည်။ မေမေနဲ့မမလည်း တားလို့ရမယ်မထင်နဲ့။ ကေတုကို အရယူမည်။ သူရိန့်စိတ်တွေ အရူးအမူး ကေတုအား ချစ်နေမိသည်။

"ကိုယ့်မေမေတားလည်း ကိုယ့်မှာ အစွမ်းအစတွေရှိတယ်၊ မိန်းမတစ်ယောက်ကို တင့်တင့်တယ်တယ် ကျွေးနိုင်တယ်၊ ကိုယ် သဘော်လိုက်မယ်၊ အရာရှိဖြစ်မှာလေ"

"ကေတုကတော့ မင်းကို အလွယ်တကူလက်ခံမှာ မဟုတ်ဘူးနော်"

"စောင့်ကြည့်နေလေ"

သူရိန့်ကတော့ မဖြစ်မနေ ရယူပိုင်ဆိုင်ရမည်။ ဘယ်သူ့ကို





ယှဉ်ပြိုင်ရမလဲ အုပ်စိုးကတော့ သွားပြီ။ ကေတု မင်းက ကိုယ့် အကျက်ပဲ ဖြစ်စေရမယ်။ ကေတုအား မရရတဲ့နည်းနှင့် လက်ထပ် ရန် ဆုံးဖြတ်ထားသည်။ ညနေစောင်းတော့ ကေတုအိမ်ကို မြင့်ဇော် နှင့်အတူ သူရိန် လိုက်သွားသည်။

"ကေတု အလုပ်ဝင်မယ့် ကုမ္ပဏီက ကိုယ့်ဦးလေးပိုင် တာလေ၊ အခုမှ အုပ်စိုးဆီကသိလို့ ကေတုလိုအပ်တဲ့ အကူအညီ ရှိရင်ပြောပါ"

"မရှိပါဘူး၊ ဘာမှကူညီစရာလည်းမရှိပါဘူး သူရိန်၊ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် ကေတုက ကိုယ်ပိုင်အစွမ်းအစနဲ့ပဲ အောင်မြင်ချင်တာပါ"

ကေတုက အခမဲ့ပညာဒါနကျောင်းတွေမှာတက်ရင်း အင်္ဂလိပ်စကားပြော အရေးအဖတ်နှင့် တရုပ်စကားပြော အရေး အဖတ် ကျွမ်းကျင်နေသည်။ မေမေတို့ထင်ထားသလို ကေတုက ပေါ့ပျက်ပျက်ကောင်မလေးမဟုတ်ပါဘူး။ သူရိန့်ကတော့ လိုအပ်တဲ့ အကူအညီတွေ ပေးချင်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ ကေတုရာ၊ နင်ကလည်း သူရိန့်ကို သူငယ်ချင်းအဖြစ်လောက်တော့ အသိအမှတ်ပြုပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အဟက်...မြင့်ဇော် နင်တို့အရမ်းရယ်ရတာပဲ၊ ငါ့လို ကောင်မလေးကို သူရိန်က အရူးအမူး သူငယ်ချင်းဖြစ်ချင်နေတာ ရှိးသားရဲ့လားဟင်"

သူရိန့်လို သူဌေးသားက ကေတုလို ကောင်မလေးမျိုးကို အရူးအမူး သူငယ်ချင်းဖြစ်ဖို့ အောက်ကျနောက်ကျ တောင်းပန်နေသည်။ သူရိန့်ဘက်မှ အတည်ဆိုတာတော့ ကေတု လက်ခံပါတယ်။ သူရိန်က လူဆိုးလူပေ လူရှုပ်မဟုတ်။ ဒါပေမယ့် ကေတု ချစ်တာက ကိုသိခ်ပဲ။ ကေတု ရယ်ကျဲကျဲနှင့် ပေါ့ပျက်ပျက်လုပ်ပစ်သည်။

"ကေတု ကိုယ့်ကိုယုံပါ၊ ကိုယ်တကယ်ပဲ ကေတုနဲ့ တစ်နေ့မတွေ့ရင် မနေနိုင်အောင် ဖြစ်နေတာပါ"

"အဟဲ့"

"မလှောင်ပါနဲ့ ကေတုရယ်၊ တကယ်ပါကွာ၊ ကေတု ဘာဖြစ်ချင်လဲ၊ ကိုယ့်ကိုယုံကြည်အောင် ဘာတွေလုပ်ပြပြီး သက်သေထူရမလဲ"

မြင့်ဇော်က ခြံထဲဆင်းပြီး ရှောင်ပေးမလိုလုပ်၍ ကေတု အထိတ်တလန့်နှင့် ပြန်ခေါ်ထားရသည်။ အမေလည်းမရှိပေ။





မြင့်ဇော် ပြန်ထိုင်ရသည်။

"သူရိန်"

"ဟင်"

"ကေတု တောင်းပန်ပါတယ်နော်၊ သူငယ်ချင်းလိုတော့ ရပါတယ်၊ ဒါပေမယ့် ချစ်သူအဖြစ်တော့ ဘယ်တော့မှ လက်ခံမှာ မဟုတ်ပါဘူး"

"ကိုယ်ကတော့ ကေတုကို ချစ်သူအဖြစ် ရွေးချယ်လိုက်ပြီ၊ ကိုယ်ပိုင်ဆိုင်ချင်တယ်၊ ကေတုအတွက် ကိုယ်ဘာတွေပဲ ပေးဆပ်ရ ပေးဆပ်ရ ပေးဆပ်ချင်ပါတယ်"

"မဖြစ်နိုင်ဘူးထင်တယ်"

"ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ ကေတု၊ ကိုယ်ကတော့ ကေတုကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် အရယူမှာပဲ၊ ဘယ်လိုလူမျိုးနဲ့ပဲဖြစ်ဖြစ် ယှဉ်ပြိုင်မယ်"

သူရိန်နှင့် မြင့်ဇော် ပြန်သွားမှ ကေတု အသက်ရဲရဲရှူနိုင်တော့သည်။ ဘယ်လိုလူမျိုးနဲ့ပဲဖြစ်ဖြစ် ယှဉ်ပြိုင်မယ်တဲ့။ မြင့်ဇော်က အုပ်စိုးကိုတော့ နိုင်ခဲ့ပြီတဲ့။ ဒေါက်တာသိခ်နဲ့ရော ယှဉ်ပြိုင်နိုင်မလား။ သူရိန် ဘယ်လိုနည်းနဲ့မှ အနိုင်မရနိုင်ပါဘူးနော်။ ညနေ



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းကိုလာခဲ့ဖို့ ကေတုကို မှာထားသည်။ အမေ့အတွက် ဆေးသွားယူဖို့ရှိနေသည်။

"ကေတု…ကိုယ် ကေတုမျက်နှာလေးကို ခဏလေးပဲ ဖြစ်ဖြစ် မြင်ချင်လို့ပါ၊ လူရှင်းတဲ့အချိန်လာနော်"

အရင်ကလည်း အမေ့အတွက်ဆေးကို ကေတုသွားယူနေကျပင်။ ချစ်သူနဲ့တွေ့ရမည်ဆိုတော့ အတွေးနှင့်ပင် ကေတုရင်တွေ တဆတ်ဆတ်တုန်နေခဲ့သည်။ သူရိန်ရယ် ကေတုမှာ ချစ်သူရှိနေပါပြီ။ ကိုသိန်လေ။ ကေတုရဲ့ရွေးချယ်မှုပဲ။ ဘယ်လိုအဟန့်အတားတွေပဲတွေ့တွေ့ ကေတုကိုယ်တိုင် ရင်ဆိုင်ဖြတ်သန်းချင်တယ်။ ကေတု မိုက်မဲမှုလားပင်မသိ။ အချိန်တွေကုန်သွားဖို့ပင် ကေတုရင်ခုန်လှိုက်မောစွာစောင့်နေသည်။

❖ ❖ ❖



## အခန်း (၁၆)

မေမေရောက်လာတော့ နွေးနွေးက လက်ထပ်ဖို့ကိစ္စ စိစဉ်ရန်ပြောသည်။ သိန်ရှေ့မှာပင် ပြောနေသဖြင့် မေမေကလည်း မငြင်း၍ သိန်ကပဲ လက်ထပ်ဖို့ကိစ္စ မဖြစ်နိုင်သေးကြောင်း ပြောလိုက်၏။ နွေးနွေးက လက်မခံပေ။ ဇွေ့ဇွေ့ခုန်မတတ် သိန်ကို ရန်ထောင်နေသည်။

"သိန် ရှင်မရိုးသားတော့ဘူး၊ နွေးတို့အရွယ်တွေက လက်ထပ်သင့်နေပြီ၊ ဘာဖြစ်လို့လဲ၊ နွေးကိုလက်မထပ်နိုင်လောက်အောင် သစ္စာမဲ့နေပြီလား"

"နွေးကို လူကြီးတွေရှေ့မှာပဲ ပွင့်ပွင့်လင်းလင်းပြောပါရစေ၊ ကျွန်တော် သူငယ်ချင်းအဖြစ်ပဲ ခင်မင်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သိန်"

"ဟုတ်တယ် နွေး၊ ကိုယ်စဉ်းစားမိတိုင်း နွေးကို သူငယ်ချင်းအဖြစ်ပဲ ခင်မင်ချင်နေတယ်၊ ဘယ်လိုမှ ချစ်သူဇနီးမယားအဖြစ် လက်မခံနိုင်အောင်ဖြစ်နေတယ်"

"သူငယ်ချင်းအဖြစ်လည်း ဘာဖြစ်လဲ၊ လက်ထပ်ပြီးရင် စိတ်တွေပြောင်းသွားကြတာပဲ အန်တီအိ၊ သိန်ကိုပြောပါဦး နွေးနဲ့ သိန် လက်ထပ်ရမယ်ဆိုတာကို နွေးပတ်ဝန်းကျင်က အားလုံးသိ ထားပြီးပြီလေ၊ အန်တီအိပဲ စီစဉ်ပေးပါ"

"ဟုတ်တယ်သား…မင်းလက်ခံရမယ်၊ မင်း မေမေတို့ လူကြီးတွေစီစဉ်ထားတာ အားလုံးသိထားကြတယ်၊ မေမေစီစဉ်တာ မင်းနာခံပါ"

"သိန် လက်မခံနိုင်ပါဘူးမေမေ"

"ဘာ"

"မင်းဒီလိုအလွယ်တကူ ငြင်းပစ်လို့ရမလား မောင်သိန်၊ အန်တီချို့သမီးလေးဘဝ ဘာဖြစ်သွားမလဲ ပြောလေ"

အန်တီချိုကပါ မျက်နှာထားတင်းတင်းနှင့် ပြောလေသည်။ သိန်ကတော့ ငြင်းရမှာပဲ။ သူချစ်တာက ကေတုပဲ။ ဒီမိန်းကလေး

ဒို.ပို.၀၁၆ပ



ကို သူဘယ်လိုမှ မစွန့်လွှတ်နိုင်ပေ။ သိန် ဘာကိုမှ ငဲ့ညှာထောက် ထားတာတွေ၊ အားနာတာတွေမရှိချင်။ ကေတုကို ပိုင်ဆိုင်ရဖို့ အရေးကြီးတယ်။ မင်္ဂလာပွဲမပြောနှင့် လူသိရှင်ကြားစေ့စပ်ဖို့ပင် လက်မခံနိုင်အောင် ဖြစ်နေသည်။

"ကျွန်တော်နဲ့နွေးက ချစ်သူတွေမှမဖြစ်ခဲ့ကြသေးတာပဲ၊ နွေးကို သူငယ်ချင်းအဖြစ်ပဲ လက်ခံပေးနိုင်လို့ပါ၊ အတင်းအကြပ် မစီစဉ်ပါနဲ့၊ ကျွန်တော်ဘယ်လိုမှ လက်ခံနိုင်မှာမဟုတ်လို့ပါ"

"အိ မင်းသားကိုပြောဦးလေ၊ တို့သမီးလေး အရှက်တကွဲ ဖြစ်ရတော့မယ်၊ အိ မင်းပဲတာဝန်ယူတယ်ဆို၊ ချိုတို့ကတော့ လုံးဝ လက်မခံနိုင်ဘူးနော်"

"မရဘူး သိန်၊ မေမေ့ကို စိတ်သောကရောက်အောင် မလုပ်နဲ့၊ နွေးနွေးက မေမေရွေးချယ်ထားတဲ့ ချွေးမပဲ၊ မင်းကိုယ်တိုင် လက်ခံထားခဲ့ပြီးသားပဲ"

"ကျွန်တော်လုံးဝလက်မခံဘူးနော် မေမေ၊ နွေးကို လက်မထပ်နိုင်ဘူးလို့ပဲ ထပ်ပြောပါရစေ"

"သိန်"

"သား"

ဒို:ပို:၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



သူထလာခဲ့သည်။ နွေးနွေး သူ့နောက်သို့ပြေးလိုက်လာ၏။ မတတ်နိုင်ဘူး နွေးနွေး။ ကိုယ် ကေတုကို ဘယ်လိုနည်းနဲ့မှ မစွန့်လွှတ်နိုင်လို့ပါ။ ကေတုဆီမှ အချစ်တွေကို သူရရှိထားပြီး၍လည်း ကေတုစိတ်တွေ အနည်းငယ်ပင် ထိခိုက်နာကျင်အောင် မလုပ်ရက်။ အရာအားလုံးကို ရင်ဆိုင်ဖြတ်သန်းမည်ဖြစ်သည်။

"သိန်း"

"ကိုယ်ပြန်တော့မယ်"

"နေဦး"

"နွေး... ကိုယ့်ရဲ့ထာဝရသူငယ်ချင်းတစ်ယောက်အဖြစ်ပဲ လက်ခံပါရစေ"

"ရှင့်မှာချစ်သူရှိနေလို့လား၊ အမေ့ဆန္ဒကိုတောင် ဖြတ်ဖြတ်သားသား ငြင်းပစ်နိုင်တဲ့အင်အားတွေ ဘယ်သူ့ဆီကရတာလဲ သိန်း"

"မင်းသိစရာမလိုဘူးလို့ထင်တယ် နွေး"

"လိုတယ်"

"ဟုတ်တယ်၊ ကိုယ့်မှာချစ်သူရှိတယ်"

"ဘယ်သူလဲ၊ အဲဒီမိန်းကလေးက ဘယ်သူလဲ၊





ဘယ်လောက်ထိ တန်ဖိုးကြီးမားနေလို့လဲဟင်"

"တန်ဘိုးဆိုတာ အသုံးပြုသူက ဆုံးဖြတ်တာပါ နွေး၊ ကိုယ့်မှာ ချစ်သူရှိနေတယ်၊ ကိုယ်အရမ်းချစ်မြတ်နိုးရသူလေးပဲ"

"ဘယ်သူလဲလို့ နင့်ကိုမေးနေတယ်လေ"

"နောက်တော့ နင်သိလာမှာပါနွေး၊ ကိုယ်ကလည်း ကိုယ့်ချစ်သူကို အတိအလင်းလက်ထပ်မှာပါ"

"အဲဒီကောင်မက ဘယ်သူလဲ ပြောလေ"

နွေးနွေးတစ်ယောက် ခံပြင်းစွာဖြင့် အော်ပစ်လိုက်သည်။ အချိန်တိုတိုလေးအတွင်းမှာ သိန်းကို နွေးနွေးလက်ထဲကနေ ဆွဲထုတ်နိုင်တာ ဘယ်လိုမိန်းမမျိုးလဲ။ အခုတလော သိန်းအချိုးတွေပြောင်းနေ၏။ နွေးနွေး ဒေါသတွေပေါက်ကွဲနေသည်။

"သိန်း"

မေမေနှင့်အန်တီအိကာ နွေးနွေးအနားရောက်လာတော့ သိန်းက ကားမောင်းထွက်သွားသည်။ အန်တီအိကိုပင် မခေါ်တော့။ ရှင်ဒီလောက်အထိ ချစ်မြတ်နိုးရတဲ့ ကောင်မက ဘယ်သူလဲ။ နွေးနွေးကို ယှဉ်ပြိုင်နိုင်တာလေ။ ရှင့်ကောင်မက ဘယ်လောက်အထိ တန်ဘိုးတွေကြီးနေလို့လဲဟင်။ အန်တီအိက သူမလက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်သည်။

"နွေးသမီး...ဘာမှစိတ်မပူပါနဲ့၊ အန်တီအိကိုယ်တိုင် စီစဉ်မယ်၊ ဒီမင်္ဂလာပွဲကို ဖြစ်မြောက်အောင် စီစဉ်မယ်"

"သိခ်မှာ ချစ်သူရှိနေပြီတဲ့၊ အဲဒီချစ်သူနဲ့ လက်ထပ်မှာတဲ့"

"ဘာ"

သားမှာချစ်သူရှိဖို့မပြောနှင့် မိန်းကလေးတွေနှင့်ပင် ပတ်ပတ်သက်သက် ဆက်ဆံခဲ့ဘူးတာမရှိခဲ့။ အချိန်တိုတိုလေး အတွင်းမှာ ဘယ်လိုမိန်းကလေးက တည်ကြည်တဲ့သားလိုယောက်ျား တစ်ယောက်ကို စွဲဆောင်ချုပ်ကိုင်ထားနိုင်ရတာလဲ။ နွေးနွေးကလွဲပြီး မိမိကတော့ တခြား ဘယ်လိုမိန်းကလေးမျိုးနဲ့မှ သဘောမတူနိုင်ပေ။ ဒေါ်အိအိနွယ်ကတော့ နွေးနွေးနဲ့ပဲ စီစဉ်မယ်။ အမေကို တောင်ထားခဲ့ပြီး ပြန်သွားသည်။

"အန်တို့ချွေးမက နွေးပဲ၊ အန်တီကိုယ်တိုင် စီစဉ်မယ်၊ ဆက်ငြင်းနေရင်တော့ သားကို သားအဖြစ်ကနေ စွန့်လွှတ်မယ်"

"သိခ်ကို နွေး လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူးနော်·အန်တီအိ၊ သူ့ချစ်သူဆိုတဲ့ကောင်မကို စုံစမ်းပြီး နွေးနွေးအကြောင်းပြရ





မယ်လေ"

"အိ...မင်းတာဝန်ယူပါ၊ ချို့သမီးလေး အရှက်တကွဲ မဖြစ်ပါရစေနဲ့၊ သမီးနွေး အရှိန်အဝါကို သိတယ်မဟုတ်လား"

"အင်းပါချိုရယ်...အိ လုံးဝတာဝန်ယူပါတယ်၊ သား ဘယ်လိုမှငြင်းလို့မရပါဘူး၊ အိ တာဝန်ယူတယ်"

ဒေါ်အိအိနွယ်ကို နွေးနွေးရဲ့မောင်လေး သူရိန်က လိုက်ပို့သည်။

"အန်တီအိ...ဘယ်အရာမဆို့ အတင်းအကြပ်မစီစဉ်သင့်ပါဘူး၊ ကိုသိခ်က မမနွေးကို ဘယ်တုန်းကမှ မချစ်ခဲ့ပါဘူး"

"သူရိန် မင်းဘယ်သူ့ဘက် လိုက်ပြောနေတာလဲ"

"ဘယ်သူ့ဘက်မှ လိုက်မပြောပါဘူး အန်တီအိ၊ ကိုသိခ် စိတ်တွေကို သူရိန်က ယောကျ်ားချင်း နားလည်နေလို့ပါဗျာ"

သူရိန်လည်း ကေတုအား မရရအောင် လက်ထပ်ယူမှာမို့ ကိုသိခ်ကို ကိုယ်ချင်းစာမိနေသည်။ သူလည်း မေမေတို့သဘောတူတူ မတူတူ ကေတုကို လက်ထပ်မည်။ ကေတုဘက်က ချစ်ချစ် မချစ်ချစ် သူအရယူမည်။ မေမေနဲ့မမကတော့ အဆင့်အတန်းတွေ ဂုဏ်တွေ မက်မောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသိန်း ဘဝတစ်လျှောက်လုံးအတွက် ကိုသိန်းကိုယ်တိုင် ရွေးချယ်ပါစေ"

"မဖြစ်ဘူး၊ သူရိန်သိလား၊ သားမှာချစ်သူရှိနေတာလေ၊ ဘယ်လိုကောင်မလေးမျိုးလဲ ပြောစမ်းပါ"

"သူရိန်တကယ်ပဲ မသိတာပါ၊ ကိုသိန်းနဲ့တွဲတဲ့သူလည်း မတွေ့ဖူးဘူး၊ ဆေးရုံကဆရာဝန်မတွေများလား"

"မေးရမယ်၊ သမီးနွေးကို အရုက်တကွဲဖြစ်အောင် အနိုင်အထက် မလုပ်နိုင်ဘူး"

ဒေါ်အိအိနွယ် တွေးမိတိုင်း သားလုပ်ရပ်တွေအတွက် ဒေါသဖြစ်နေသည်။ နွေးနွေးနှင့် လက်ထပ်ရမည်ဟု သေသေချာချာ ပြောထားခဲ့တာပဲ။ ချို့ကိုလည်း အားနာရ၏။ အိမ်ပြန်ရောက်တော့ သားကိုဆူသည်။

"မင်းကို ငယ်ငယ်လေးထဲက နွေးနဲ့ပဲ လက်ထပ်ရမှာလို့ မေမေပြောခဲ့တာပဲ၊ မင်း ဘာဖြစ်လို့ငြင်းရတာလဲ"

"နွေးရဲ့အကျင့်စရိုက်တွေကို မကြိုက်လို့ပါ၊ သားနဲ့အတူတူ နေလာခဲ့ပေမယ့် နွေးကို သူငယ်ချင်းအဖြစ်နဲ့တောင် သည်းခံပေါင်းနေရတာပါ"





"သိန်"

"ဗျာ"

"မင်းမှာ ချစ်သူရှိနေတယ်ဆို၊ ဘယ်လိုကောင်မလေးမျိုးလဲ ပြောစမ်း၊ မင်းကြိုက်တဲ့ မိန်းကလေးက ဘယ်သူလဲ"

"ဟုတ်ပါတယ် မေမေ၊ သားမှာ ချစ်သူရှိပါတယ်၊ ပညာတတ်တယ်၊ ဉာဏ်ရည်ထက်မြက်တယ်၊ ဘာသာစကားတောင် ၂ မျိုးလောက်ကျွမ်းကျွမ်းကျင်ကျင်တတ်တယ်၊ ကုမ္ပဏီမှာ လုပ်ပါတယ်"

"မေမေတွေ့ချင်တယ်"

"တွေ့ပေးမှာပါ"

"မေမေကတော့ နွေးနွေးကိုပဲ ရွေးတယ်၊ နွေးနွေးက မေမေ့ရွေးမပဲ"

"ကျွန်တော် နွေးကို ဘယ်လိုနည်းနဲ့မှ လက်မထပ်နိုင်ပါဘူး မေမေ"

"မင်း...မင်း"

"ကျွန်တော့်ချစ်သူနဲ့ပဲ လက်ထပ်ခွင့်ပြုပေးပါမေမေ"

"ကောင်းပြီလေ မင်းချစ်သူကောင်မလေးက ဘယ်မှာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးထက်သာရမယ်နော်"

ကေတုကို မေမေလက်မခံနိုင်ဘူးဆိုတာ သိခ် တွေးထားသည်။ ပြောပြလည်း ကန့်ကွက်မှာပဲ။ ကေတုနှင့်တွေ့ဖို့ရှိသည်။ သူ့အခြေအနေနှင့် ကေတု အလှမ်းဝေးပေမယ့် သူ့စိတ်က ကေတုနှင့် လက်လွှတ်ဆုံးရှုံးရမှာ အကြောက်ကြီးကြောက်နေသည်။

"မင်းလက်ထပ်မယ့် မိန်းကလေးက မင်းဂုဏ်ဒြပ်နဲ့ လိုက်ဖက်ဖို့လိုအပ်တယ်သား၊ ဒါတွေက မင်းလိုလူတစ်ယောက် အတွက် မေမေပြောပြစရာမလိုလောက်အောင်ပဲ အသိတရားနဲ့ ဆင်ခြင်စဉ်းစားနိုင်မှာပါ"

ကေတုက ဆင်းရဲချို့တဲ့တာတစ်ခုတည်းပါပဲ။ ကံကြမ္မာတွေက ကေတုနှင့် ဆုံဖို့ဖြစ်လာရသည်။ ကေတုကိုပဲ သူချစ်မိသွားရ၏။ သူ့စိတ်တွေ ရှုပ်ထွေးလာရသည်။

"မေမေ့ကိုရော မင်း ကိုယ်တိုင်ရော ဂုဏ်သိက္ခာတွေ မဲ့ရမယ့် အခြေအနေကို မဖန်တီးပါနဲ့၊ မေမေကတော့ နွေးနွေး ထက်သာမယ့် မိန်းကလေး မတွေ့နိုင်ဘူးလို့ထင်တာပဲ"

မေမေ အနားကနေ သိခ် ထွက်လာခဲ့သည်။ သူ့အိပ်ခန်းထဲ ဝင်လာခဲ့၏။ ရင်တွေပူနေသလိုပင်။ ကေတုနဲ့တွေ့ဖို့ သွားရမယ်။





တစ်ခုခုကို ဆုံးဖြတ်ရမယ်။ မေမေက သူ့အခန်းထဲအထိ လိုက်လာသည်။

"မင်းကောင်မလေးကို မပြရဲဘူးမဟုတ်လားသား၊ မင်းကောင်မလေးက ဘယ်လိုကောင်မလေးမျိုးလည်းဆိုတာ မေမေ သိပြီ၊ မင်းနောက်ဆုတ်လိုက်တော့"

"မေမေ"

"နွေးနွေးနဲ့လက်ထပ်ဖို့ပဲ မေမေစီစဉ်မယ်၊ မင်းလက်ခံပါ၊ မေမေအသက်ကြီးပါပြီသားရယ်၊ သားကို မေမေ ဘယ်လောက် အထိ မျှော်လင့်ချက်တွေ ကြီးမားခဲ့ရတယ်ဆိုတာ မင်းသိပါတယ် လေ"

မေမေ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်နေသည်။ သိခ်နှလုံးသားတွေ နာကျင်သွားရ၏။ ကေတုက ထက်မြက်တဲ့ ကောင်မလေးပါ။ သူဘာဆက်လုပ်ရမလဲ။ အရာရာကို ရင်ဆိုင် ဖြတ်ကျော်မည်ဟု ကေတုနှင့် ကတိပြုထားကြသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ကို"

"ကေတု"

"ကေတုတို့ မိုက်မဲတဲ့အလုပ်တွေကို ဆက်မလုပ်ကြရင် ကောင်းမယ်ထင်တယ်နော်"

"ကေတု"

"ကေတုက အကြောင်းမဟုတ်ပေမယ့် ကို့အတွက် ဂုဏ်ငယ်စရာတွေ ဖြစ်လာနိုင်လို့ပါ၊ ပြီးတော့ ကို့မေမေကလည်း ကေတုကို လုံးဝလက်ခံမှာမဟုတ်ပါဘူး"

သူ ကေတုခန္ဓာကိုယ်လေးအား နာကျင်စွာ ဆွဲယူပွေ့ဖက်ထားမိသည်။ တန်ဘိုးကြီးမားတဲ့ ကားကြီးပေါ်မှာ ထိုင်နေခဲ့ပေမယ့်





ကေတုစိတ်က ရိုးစင်းစွာ သူ့ကိုချစ်သူအဖြစ် ရွေးချယ်တာလည်း အဖြစ်ကင်းလွန်းနေသည်။

"ကေတုအတွက် ကို့ဘဝနိမ့်ကျမှာကိုလည်း မဖြစ်စေချင်တာလေ၊ ကေတုကို မငဲ့ပါနဲ့၊ ကေတုလိုကောင်မလေးတစ်ယောက်အတွက် ကို့ဘဝကြီးတစ်ခုလုံး မပေးဆပ်ပါနဲ့နော်"

"ကိုတို့ တစ်နေရာရာကို ထွက်ပြေးကြမယ် ကေတု၊ ဘာတွေလဲကွာ လောကကြီးထဲမှာ ကျင့်ဝတ်တွေနဲ့ နေထိုင်ရမှာလား"

"ကေတု မလိုက်နိုင်ဘူး၊ ကို့မေမေ သဘောတူလက်ခံတဲ့အထိ စောင့်နေချင်တယ်၊ ကို့လိုယောကျ်ားတစ်ယောက်ကို အရယူပြီး ကို့အသိုင်းအဝိုင်းမှာ ဘယ်လိုမှ အရှက်မရှိရင်ဆိုင်နိုင်မှာမဟုတ်လို့ပါ"

ကို့ကို ကေတု ချစ်မိသွားပေမယ့် အပိုင်သိမ်းပိုက်လိုတဲ့ဆန္ဒတော့ အတ္တကြီးစွာ ရှိမနေပေ။ ကိုယ့်ဘဝကို ကေတု ငဲ့ညှာပေးချင်သည်။ အမေကလည်း အုပ်စိုးနဲ့ပဲ သဘောတူသည်။ ကိုယ်နဲ့ဘဝတူပဲ ရွေးချယ်တဲ့။ သမီးက အရမ်းထက်မြက်ပြီးလှတော့ အမေ စိတ်ပူတယ်တဲ့။ ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းက



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတွေကို မရွေးချယ်နဲ့တဲ့။ အခု ကေတုချစ်သူက တစ်ရပ်ကွက်လုံး အထင်ကြီးလေးစားရတဲ့ ဒေါက်တာသိန်းဆိုတာသာသိရင် ကေတု မိုက်မဲတာလားပဲ။ သူ့ရိန့်ကိုတောင် ကေတု မချစ်ခဲ့ဘူး။ အောင်မြင်မှုတွေ မရမချင်း ယောကျ်ားတွေကို စိတ်မဝင်စားဘူးဟု ဆုံးဖြတ်ထားခဲ့သည်။

"ကေတု ဘာကြောင်သွားလဲမသိဘူးနော်၊ ကို့ကို ချစ်မိသွားတယ်၊ ကေတုကြောက်နေမိသလိုပဲ၊ မဖြစ်သင့်ဘူးထင်တာပဲ"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ ကေတု၊ ဘာမှစဉ်းစားမနေနဲ့၊ ကိုတို့ ဘယ်လိုပဲဖြစ်ဖြစ် မခွဲခွာကြဘူးနော်"

"ခွဲခွာရတော့ရော ဘာဖြစ်လဲဟင်၊ ကေတုက တွေးထားပြီးသားပါနော်"

"ကေတု"

"ကေတုကို မငဲ့ပါနဲ့၊ ကို့အချစ်တွေကို ကေတုအမြဲတမ်းအမှတ်တရနဲ့ ရင်ထဲမှာသိမ်းထားမှာပါ"

"ကေတုကို ကိုဘယ်တော့မှ မစွန့်လွှတ်ဘူး၊ ညနေကို့အိမ်ခေါ်သွားမယ်၊ မေမေနဲ့ တွေ့ပေးမယ်၊ ကေတု ဘာမှ မကြောက်နဲ့၊ သတ္တိရှိရှိ ရင်ဆိုင်နော်"





"မဖြစ်နိုင်ဘူးထင်တယ်၊ ကေတုက ဘာကိုမှ မကြောက်ပေမယ့် ကို့မေမေဘက် စဉ်းစားပေးချင်တယ်"

"အရူးမလေး"

ကေတုကိုယ်လေးအား သူ တင်းကြပ်စွာ ဖက်ထားမိသည်။ သူ တန်ဘိုးထားမြတ်နိုးရတဲ့ ချစ်သူပါ။ မေမေ့ဆီခေါ်သွားမယ်။ ကေတုက အရမ်းချောသည်။ ပညာတတ်ကောင်မလေးပဲဟာ။ ကေတု ပါးပြင်လေးကို ခပ်ဖွဖွလေး နမ်းရှိုက်မိသည်။

"ကေတု"

"ဟင်"

"လောလောဆယ် ကေတု ဘဝအမှန်ကို မပြောပြဘဲနေကြရအောင်နော်"

"အဲဒီလိုတော့ ကေတု မလိမ်နိုင်ဘူး၊ ယောကျ်ားတစ်ယောက်ကို လိမ်ညာယူတဲ့ပိုင်းလုံးမအဖြစ်"

"ကေတု"

ကေတုစကားတွေကို ဆက်မကြားလိုတော့သဖြင့် ကေတုနှုတ်ခမ်းလေးအား အနမ်းတွေနှင့် ပိတ်ထားလိုက်သည်။ သူ့အချစ်တွေက နုပျိုလန်းဆန်းနေ၏။ ကေတုကို ရယူပိုင်ဆိုင်ဖို့ သူဘာကို



www.burmeseclassic.com

www.burmeseclassic.com



မှ မစဉ်းစားချင်။ ညနေစောင်းတော့ မေမေ့ဆီ ဖုန်းဆက်လိုက်သည်။

"မေမေ့ချွေးမလောင်း ကေတုကို ကျွန်တော်ခေါ်လာချင်တယ်"

"ခေါ်လာခဲ့လေသား၊ မေမေနဲ့ တွေ့ပေးသင့်တာပဲ"

"ကေတုကို အဆင်ပြေပြေနဲ့ ကောင်းကောင်းမွန်မွန် ဆီးကြိုနှုတ်ဆက်ပါ မေမေ"

"မင်းကောင်မလေးက မေမေဆီးကြိုနိုင်လောက်တဲ့ အရည်အချင်းတော့ ရှိသင့်တယ်လေ သိန်း"

"ကျွန်တော် သူ့ကိုပဲလက်ထပ်မယ်"

သူ ဖုန်းပိတ်ပစ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် မေမေနဲ့ကေတုကို တွေ့ပေးမယ်။ အရာအားလုံးကို သူရင်ဆိုင်မယ်။ ကေတုကို မစွန့်လွှတ်ဘူး။ သူရိန်ကိုယ်တိုင်လည်း ချစ်နေတာပဲ။ သိန်း စိတ်ပူမိသည်။

"ကေတု"

"ဟင်"

"မေမေ့ကိုသွားတွေ့မယ်၊ ကေတု ကိုယ့်အတွက် ရင်ဆိုင်နိုင်တယ်မဟုတ်လား"

ဝိုး:မိုး:ဝ၁ဂပ



"ကေတုက…ကေတုက"

"မင်းအမြဲတမ်း သို့ရှိတဲ့ ကောင်မလေးပါ၊ ကို့ကို ချစ်တယ်မဟုတ်လား၊ ကေတု ကိုယ် မင်းကလွဲပြီး တခြားဘယ်မိန်းကလေးကိုမှ လက်မထပ်နိုင်ဘူး"

"စဉ်းစားပါဦး ကို၊ ကေတုဘဝထဲ ကိုဝင်လာလို့ မတင့်တယ်နိုင်ပါဘူးနော်၊ အရမ်းနိမ့်ကျလွန်းပါတယ်"

"ဘဝဆိုတာကို ညှိမနေနိုင်ဘူး ကေတု၊ ကိုယ်က ကြိုးစားချင်တာ၊ ကေတုနဲ့ မခွဲချင်တာပါ"

ချစ်သူကို အားပေးမိသည်။ ကြင်နာစွာ နမ်းမိပြီး နွေးထွေးစွာ ပွေ့ထားလိုက်၏။ ညနေစောင်းတော့ ကေတုကို မေမေနှင့်တွေ့ဖို့ ခေါ်သွားခဲ့၏။ မထင်မှတ်ဘဲ နွေးနွေးပါရှိနေ၏။ ကေတုကိုမြင်တော့ နွေးနွေး အော်ဟစ်မောင်းထုတ်ပစ်သည်။

"ဂျာနယ်ပို့တဲ့ဟာမလေးပါလား၊ နင်က ရာရာစစ ဒီကို ဘာလာလုပ်တာလဲ၊ ထွက်သွားစမ်း၊ ငါထင်သားပဲ နင့်လိုကောင်မလေးမျိုးက ဂျာနယ်လာပို့တယ်ဆိုကတည်းက မရိုးသားဘူးလို့"

"နွေး"

"ရှင်ချစ်မြတ်နိုးတဲ့ မိန်းကလေးက သူလား၊ ရပ်ကွက်မှာ

ဝိုး:မိုး:ဝ၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်လိုက်ပို့နေတဲ့ ကောင်မလေးလား"

"မင်းနဲ့မဆိုင်တဲ့ကိစ္စ ဝင်မစွက်ဖက်ပါနဲ့ နွေးနွေး၊ ဟုတ်တယ် ကိုယ်ချစ်မြတ်နိုးတာ သူပဲ၊ ကိုယ်တန်ဘိုးထားလက်ထပ်မှာလေ"

"အမယ်လေး အန်တီအိရယ်၊ ဒီကောင်မလေးကလေ ရပ်ကွက်ထဲမှာ ဂျာနယ်လိုက်ပို့နေတာပါ၊ ရှက်လိုက်တာ၊ သိန်းနင်ဘာရူးသွပ်တာလဲ၊ ဆေးမိသွားပြီထင်တယ်"

ဒေါ်အိအိနွယ်ကလည်း နွေးနွေးစကားကြောင့် သားခေါ်လာတဲ့ကောင်မလေးအား ရှုံ့မှုန်းစွာကြည့်မိသည်။ ရပ်ကွက်ထဲမှာ ဂျာနယ်လိုက်ပို့နေတာတဲ့။ ဘုရားရေ သားလို ဂုဏ်ဒြပ်တွေကြီးမားတဲ့ ယောက်ျားတစ်ယောက်က ဒီလိုကောင်မလေးနဲ့ လက်ထပ်မယ်တဲ့လားဟင်။ ဒေါ်အိအိနွယ်ရင်ဝကို ဖိထားသည်။

"အမယ်လေးသားရယ် မင်းတော်တော်အရှက်ကင်းမဲ့တာပဲ၊ ညည်း ညည်း ကျုပ်သားကို အမိဖမ်းပစ်လိုက်တာပေါ့လေ ဟုတ်လား၊ အရှက်မရှိလိုက်တာ၊ ညည်းက ရည်းစားချက်ကြီးကြီးနဲ့ ဒီလိုရပ်ကွက်ထဲ ဂျာနယ်လိုက်ပို့တာပဲ"

ကိုသိန်း ဆုပ်ကိုင်ထားတဲ့ သူမလက်လေးကို ကေတု





ဆတ်ခနဲ ရုန်းပစ်လိုက်သည်။

"ကေတု"

"ဒီမှာ ကျွန်မကို မစော်ကားပါနဲ့၊ ကျွန်မဘဝနဲ့ကျွန်မဝင်ငွေရအောင် ရိုးသားဖြူစင်စွာ အလုပ်လုပ်တာပါ"

"နင်ဘာရိုးသားတာလဲ၊ အခု သိန်း ပါသွားပြီ၊ ဒါကြောင့် မေမေက နင့်ကိုမပို့နဲ့တော့လို့ မောင်းထုတ်ပစ်တာ၊ ငါ့မောင်လေး ပါသွားမှာစိုးလို့လေ"

သူရိန့်အစ်မကို ကေတု နာကြည်းစွာစိုက်ကြည့်ပစ်မိသည်။ အခု ရှင့်မောင်က ကျွန်မလက်ခုပ်ထဲကရေ ဖြစ်နေတာလေ။ ကျွန်မကိုမရရင် သေတော့မယ်တဲ့ ကေတု မျက်ဝန်းလေးတွေ မာထန်သွားသည်။

"နွေး...မင်းဘာတွေပြောနေတာလဲ၊ ငါလက်ထပ်မယ့်ချစ်သူကို မင်းစော်ကားတဲ့စကားတွေ မပြောသင့်ဘူး"

"နွေးက ဒီလိုဟာမလေးမျိုးနဲ့ ယှဉ်ပြိုင်ရမှာလားသိန်း၊ ရှက်စရာကောင်းလိုက်တာ၊ အဆင့်မရှိတဲ့ဟာနဲ့များ"

သူမ နာကြည်းခံပြင်းစွာ စေ့စေ့ကြည့်ပြီး ချာခနဲ လှည့်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေတု"

"မင်းနေခဲ့စမ်း၊ ဒီဟာမကို ရာရာစစ မင်းစွဲလမ်းနေလား၊ ရပ်စမ်း သိန်း"

"သိန်း နင်အရူးပဲ၊ ဆေးမိနေပြီ၊ နင်စွဲလမ်းစရာအဆင့်လား ဟဲ့"

သူဘာမှပြောမနေတော့ဘဲ ကေတုနောက် ပြေးလိုက်လာခဲ့သည်။

"ကေတု ကိုယ်လိုက်ပို့မယ်၊ ကိုယ့်ကိုနားလည်ပေးပါ"

"ဒေါက်တာ ကျွန်မနောက်လိုက်မလာနဲ့နော်၊ ဒေါက်တာ့နေရာမှာပဲနေပါ၊ တကယ်လို့ ကေတုနောက်ဆက်လိုက်လာရင် ဟိုကားတွေကြားထဲ ပြေးဝင်ပစ်လိုက်မှာ"

"ကေတု"

လမ်းမမှာ ကားတွေသွားလာနေ၍ သိန်း ရှေ့ဆက်မတိုးရဲတော့။ ကေတုက မျက်ရည်တွေကို သုတ်ပစ်လိုက်ပြီး သူ့ကို နာနာကြည်းကြည်း ကြည့်နေသည်။

"ကျွန်မနဲ့ထပ်ပြီး ပတ်သက်ဖို့မကြိုးစားပါနဲ့၊ ကျွန်မကိုလည်း မေ့ပစ်လိုက်ပါတော့နော်၊ ဆက်ပြီးပတ်သက်ဖို့ ကြိုးစားရင်





ကျွန်မ ကုမ္ပဏီအထပ်အမြင့်ဆုံးကနေ ခုန်ချပစ်မယ်၊ ကျွန်မကို မလုပ်ရဲဘူးမထင်နဲ့နော် ဒေါက်တာ၊ အရှက်နဲ့အသက်ကိုလဲမယ်"

"ကေတု"

ကေတု ထွက်သွားတော့ မေမေနှင့် နွေးနွေး ရောက်လာသည်။ သူကားပေါ်တက်ပြီး လိုက်သွားမယ်ပြင်တော့ မေမေ မူးလဲကျသွား၏။ သိန်းစိတ်ကိုလျှော့ပြီး မေမေ့ဆီ ပြေးလာခဲ့သည်။

"သိန်း...အန်တီအိကို သေအောင်သတ်တော့မလို့လား၊ ရှင့်အမေကို မျက်ရည်ကျအောင်လုပ်တာနဲ့ လွန်နေပြီ"

မေမေ့မျက်ဝန်းတွေထဲမှ မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။ သူစိတ်ပူသွားရ၏။ မေမေ သွေးတွေတိုးနေသည်။

"သိန်း...အန်တီအိ သွေးတွေတိုးနေပြီ၊ အန်တီအိ စိတ်ချမ်းသာအောင် နင်ကတိပေးလိုက်လေ၊ နွေးကိုလက်ထပ်ပါ့မယ်လို့"

နွေးနွေး အတွက်ကြီးတာကို သိန်း လုံးဝမနှစ်သက်မိပေ။ မေမေ့ကိုကပ်နေတာကလည်း သူရမည့်အမွေတွေကြောင့်ဖြစ်သည်။ မေမေ့ကို ဆေးရုံပို့၏။ သတိရလာတော့ မေမေက ကတိတောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား…ဒီလိုမိန်းကလေးမျိုးနဲ့ မင်းကို သဘောမတူနိုင်ဘူး၊ နွေးကိုလက်ထပ်ပါ၊ မေမေ့မှာ ဒီသားလေးတစ်ယောက်ပဲရှိတာပါ၊ မင်း မေမေ့ကို သတ်တော့မလား"

"မေမေ ဘာမှမတွေးပါနဲ့၊ မေမေ့ဆန္ဒတွေကို သား အမြဲတမ်းဖြည့်စွမ်းပေးနေခဲ့တာပဲ၊ ကေတုကို"

"သိန်"

"တော်စမ်း"

ကေတုကိုတော့ သူ လုံးဝလက်လွှတ်အဆုံးရှုံးမခံနိုင်။ မေမေ့ကို လောလောဆယ်တော့ ဆက်မပြောဖို့ ဆုံးဖြတ်ထားသည်။ နွေးကို သူလက်မထပ်နိုင်။ သူ့ဘဝတစ်သက်တာအတွက် သူကိုယ်တိုင်ပဲ ဆုံးဖြတ်ရွေးချယ်ဖို့ ဆုံးဖြတ်ထားသည်။

❖ ❖ ❖



## အခန်း (၁၈)

ကေတု မာနတွေကို ထိပါးစော်ကားလိုက်တာပဲ။ ရှင်တို့သားကို ကေတု ဘယ်တော့မှလက်မထပ်ဘူး။ ကိုသိန်မှာ လက်ထပ်ရမယ့်မိန်းကလေး ရှိလျက်သားနှင့် ကေတုကို ချစ်ရလား။ ကေတု အိမ်ပြန်လာသည်။

"ကေတု"

"ဟင်"

"ဂျာနယ်လာပို့တာလား၊ မဟုတ်ပါဘူး၊ စက်ဘီးမှ မပါတာပဲ၊ သူ့ရိန်ပြန်လိုက်ပို့ပေးမယ်လေ"

လမ်းမှာ သူရိန်နှင့်တွေ့သည်။ မနွေးနွေး ရှင်က ကေတုကို အောက်တန်းစားဆိုပြီး နှိမ်နှိမ်ချချ ဆက်ဆံလိုက်တာပဲ။ သူရိန်က



www.burmeseclassic.com

www.burmeseclassic.com



မနွေးနွေးရဲ့မောင်။ ရှင်တို့အချစ်ဆုံးမောင်က ကျွန်မကို အရူးအမူး ချစ်နေတာလေ။ သူမ မုန်းတီးစွာ လက်တုံ့ပြန်ချင်သည်။ ဒါပေမဲ့ ကျွန်မက ရှင်တို့လောက် စိတ်ဓာတ်အောက်တန်းမကျဘူး။ သူရိန့်ကို မော့ကြည့်မိနေ၏။ ရှင်ကတော့ ဖြူစင်ပါတယ်။ ကေတုကို အမှန်တကယ် ချစ်မြတ်နိုးတာဖြစ်ကြောင်း ကေတု သိသည်။

"ကေတု ဘာဖြစ်လာတာလဲ၊ ဘယ်သူနဲ့ ပြဿနာတက်လာလို့လဲ၊ ကေတုကို ဘယ်သူက စော်ကားလိုက်လို့လဲ"

"ရှင်နဲ့မဆိုင်ပါဘူး၊ ကျွန်မနဲ့ ထပ်ပြီး မပတ်သက်ဖို့ပဲ တောင်းပန်ပါတယ်"

"ကေတု"

"ဖယ်ပေးပါ"

သူရိန်က လမ်းပိတ်ထား၍ ကေတု အော်ပစ်လိုက်သည်။ တော်ကြာ သူ့အသိုင်းအဝိုင်းတွေ တွေ့သွားရင် ကေတုက ကြံစည် ပါတယ်ပြောဦးမယ်။ သူမမျက်ဝန်းလေးက မာနေသည်။

"ဒီမှာ ကျွန်မကို ထပ်ပြီး လာမပတ်သက်ပါနဲ့၊ ရှင် အရှက်တကွဲမဖြစ်စေချင်ရင်ပေါ့"

သူမ ထွက်သွားသည်။ သူရိန်ကတော့ ကေတုကို





ဘယ်လိုနည်းနဲ့မဆို အရယူဖို့ပဲ ဆုံးဖြတ်ထားသည်။ ကေတု မျက်နှာ မကောင်းဘူး။ ရပ်ကွက်ထဲမှာ ဘယ်သူက ကေတုကို စော်ကား လိုက်ပြီလဲ။ ကေတုက မာနကြီးသည်။ ကေတု မင်းကို ကိုယ် ဘယ်လိုမှ လက်လွှတ်အဆုံးရှုံးမခံဘူး။ မင်းကို ရအောင်ယူမယ်။ ကိုယ့်ကိုဘယ်သူမှ လာတားဆီးလို့မရဘူး။ မေမေ သဘောမတူ လည်း သူရိန်ကတော့ အရယူဖို့ကြိုးစားမှာပဲဖြစ်သည်။

"သူရိန်"

"ဟင်...မမ"

"နင် ဘာရပ်လုပ်နေတာလဲ"

"မမရော ဘယ်ကနေပြန်လာတာလဲ"

"သိခ်အမေ အန်တီအိ ဆေးခန်းရောက်သွားလို့"

"ဟင်"

"ဟိုဟာမလေးကြောင့်လေ"

"ဘာဖြစ်လို့လဲ"

"လာစမ်း၊ မင်း ဘယ်သွားမလို့လဲ၊ အိမ်ပြန်မယ်၊ သိခ် တို့အိမ်မှာ ပြဿနာတွေတက်နေလို့"

သူရိန် နားမလည်မိ။ သူ ကိုသိခ်ဆီသွားပြီး တိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com



မလို့။ ကေတု အတွက်ပဲ။ မမနွေးက အိမ်ကို အတင်းခေါ်လာသည်။

"မမ..ကိုသိန်းတို့ ဘာဖြစ်လို့လဲ"

"လာစမ်းပါ"

အိမ်မှာ မေမေကလည်း မျက်နှာမကောင်းပေ။ သူရိန် စဉ်းစားမရ။ ဘာတွေဖြစ်နေကြလဲ။ မမ မျက်နှာကလည်း သုန်မှုန်နေသည်။

"သမီး ဘာဖြစ်လာလို့လဲ၊ မောင်သိန်းနဲ့ အဆင်မပြေရဲ့လား၊ ဟိုကောင်မလေးက ဘယ်လိုကောင်မလေးမျိုးလဲ"

"ဂျာနယ်ပို့တဲ့ ကောင်မလေးပါ မေမေ"

"ဟင်"

"ထင်သားပဲ၊ ဒီကောင်မလေး ဒီရပ်ကွက်ထဲ အကြောင်းပြဝင်ထွက်နေတာပါလို့"

"မမ ဘာပြောတာလဲ၊ ကိုသိန်း ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ မောင်လေးရဲ့၊ သိန်းက ဂျာနယ်ပို့တဲ့ ကောင်မလေး ကေတု ဆိုလား၊ အဲဒီကောင်မလေးက သူချစ်တဲ့ကောင်မလေးတဲ့၊ အန်တီအိကို တော့ ဆန့်ကျင်နေတယ်၊





ကောင်မလေးကို လက်ထပ်မယ်တဲ့"

"ဗျာ"

ကေတုနဲ့ ကိုသိန်းက ချစ်သူတွေလား။ မဖြစ်နိုင်တာပဲ။ ကေတုက အကြံအဖန်ကောင်မလေးမျိုးမှ မဟုတ်တာဘဲ။ သူရိန် နားမလည်နိုင်စွာ ကြည့်မိသည်။

"အဲဒီကောင်မလေးကြောင့် နွေးကိုငြင်းတာလေ၊ ခုထိ ခေါင်းမာတုန်းပဲ"

"ကေတုနဲ့ ကိုသိန်းက ချစ်သူတွေ ဟုတ်လား"

"ဟုတ်တယ်၊ သိန်း အရမ်းချစ်ရတဲ့ မိန်းကလေးတဲ့၊ လက်ထပ်မှာတဲ့၊ မင်းက ဒီကောင်မလေးနာမည် သိနေပါလား"

"ကိုသိန်း ပြောတာပါ၊ ကေတုဝတီတဲ့၊ ဒီကောင်မလေး က ဒီလိုအကျင့်တွေ မရှိနိုင်ပါဘူး"

"ဘာဖြစ်လို့မရှိရတာလဲ သားရဲ့၊ မောင်သိန်းက မိဘစကားကိုတောင် ဆန့်ကျင်တာလေ"

"ဟုတ်တယ်၊ မမကို ငြင်းနေတယ်၊ သူငယ်ချင်းလိုပဲ ခင်နိုင်မယ်တဲ့၊ ကေတုကို သူက အရမ်းချစ်မြတ်နိုးတယ်တဲ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။ ဘာတွေဖြစ်တာလဲ။ ကေတုနဲ့ ကိုသိန်းက ချစ်နေတာတဲ့။ မဖြစ်နိုင်တာဘဲ။ ကိုသိန်းလည်း ဘာမှမပြောပြပေ။ ကေတုက ကိုသိန်းကို ပြန်ချစ်တာလည်း မယုံနိုင်စရာပင်။ အုပ်စိုးလည်း မပြောပြ။ ကေတု မင်းက ကိုသိန်းနဲ့ငြိနေလို့ ကိုယ့်ကို ငြင်းပယ်တာလား။ သူရိန် ထိုအခြေအနေအား လက်မခံနိုင်အောင်ဖြစ်နေသည်။

"အန်တီအိ သတိလစ်ပြီး ဆေးခန်းရောက်ရတာတောင် သိန်းက ကတိမပေးဘူး"

"အမလေး . . . ကြီးကျယ်လိုက်တာ၊ ဂျာနယ်ပို့တဲ့ ကောင်မလေးကြောင့်များ၊ သမီးနွေး နေပါစေ၊ အတင်းအကြပ်လုပ်ယူမနေနဲ့၊ သူက ကိုယ့်အခြေအနေတောင် မကြည့်ဘူး၊ ဒီလိုဟာမလေးမျိုးကိုယူပြီး အရှက်မရှိ ပတ်ဝန်းကျင်မှာ ရင်ဆိုင်နိုင်တယ်ဆိုရင်လည်း နေပါစေ"

နွေးကတော့ သိန်းကို လက်လွှတ်မခံနိုင်ပေ။ သိန်းလောက် အရာရာပြည့်စုံလွန်းတဲ့ ယောကျ်ားတစ်ယောက်ကို ရှာတွေ့နိုင်ဖို့ မလွယ်ပေ။ အမေတွေကလည်း တစ်ပုံတပင်။ နွေးက ထောင်မြင့်လို့ ရာစွန့်တာလေ။ သိန်းအမေ အန်တီအိဆီမှာ စိန်တွေ ပြည့်တောင်

နိုး : မိုး : ၀၁၄ပ



နဲ့ အပြည့်ရှိတယ်။ သိန်းက တစ်ဦးတည်းသောသား။ သူ တစ်ယောက်တည်းရမှာ။ အမလေး . . လွယ်လွယ်နဲ့ သိန်းကို လက်လွှတ်ရမလား။ ဘာမဟုတ်တဲ့ ဂျာနယ်ပို့တဲ့ကောင်မလေးနဲ့များ ယှဉ်ပြိုင်ရတယ်လို့။ နွေးနွေး ဒေါသတွေထွက်နေရသည်။

"သိန်းက ဘယ်လောက်ပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်လဲ မေမေ၊ နွေးနွေး အလွယ်တကူ လက်လွှတ်အရှုံးခံနိုင်ဘူး၊ ရအောင်ယူပစ်မယ်"

"ရှက်စရာကြီးအေ၊ အောက်တန်းကျလိုက်တာ၊ အိမ်နေရာမှာဆိုရင် မေမေတော့ ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်ပြီ သိလား"

သူရိန် ထွက်လာသည်။ အခန်းထဲရောက်တော့ အိပ်ရာပေါ် ပစ်လှဲကျသွားရ၏။ ကေတု မင်းက ကိုသိန်းကိုတော့ ချစ်တယ်တဲ့လား။

မင်းတို့က ချစ်သူတွေလား။ ကိုယ် လက်မခံနိုင်ဘူး ကေတု။ မရဘူး။ မင်းကို ကိုယ်ဘယ်လောက်အထိ ချစ်မြတ်နိုးရမလဲ။ သူရိန် ရင်ပူလာသည်။ ကေတုရဲ့ချစ်သူက ကိုသိန်းတဲ့။

ရှုးချင်လာပြီ။ မေနှင့်မမကလည်း ကေတုအား အထင်

နိုး : မိုး : ၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



သေးလွန်းနေကြသည်။

"ကေတု..ကိုယ် မင်းကို လုံးဝမစွန့်လွှတ်နိုင်ဘူး၊ ရအောင်ယူမှာပဲ၊ မင်းကို ကားတင်ပြေးမယ်ကွာ၊ ဘာဖြစ်လဲ"

သူရိန် အိပ်နေလို့မရ။ ရင်တွေပူလောင်နေသည်။ ကိုသိခ်ဆီ သူဖုန်းဆက်လိုက်၏။ အေးစက်နေသော ကိုသိခ်အသံတွေက အင်အားကင်းမဲ့လွန်းနေသည်။

"ကိုသိခ် ဘယ်လိုဖြစ်တာလဲဗျာ ကေတုနဲ့"

"ကိုယ်တောင်းပန်ပါတယ် သူရိန်၊ ဟုတ်တယ်၊ ကိုယ်က ကေတုကို ချစ်နေတာပါ"

"ကျွန်တော့်ကို စောစောက ဘာဖြစ်လို့မပြောရတာလဲဗျာ၊ ကေတုက ကိုသိခ်ကို ချစ်တယ်တဲ့လား"

"အင်း"

"ကိုသိခ် လက်ထပ်မယ့်မိန်းလေးက ကေတုလား"

"ဟုတ်တယ် သူရိန်၊ မင်းကိုတော့ အားနာပါတယ်၊ ပြောရမှာ အားနာလို့လေ၊ ကိုယ်နဲ့ကေတုက ရေးရေစက်တွေရှိတာယ် ထင်တယ်"

"တော်ပါတော့ ကိုသိခ်၊ အခု ကေတုကို စွန့်လွှတ်ပေး





ပါ၊ ကျွန်တော့်အစ်မနဲ့ လက်မထပ်ချင်လည်း နေပါ၊ ကေတုကို တော့ ကျွန်တော့်ဆီကနေ လုယူမသွားပါနဲ့"

"အဲဒါ ကေတု ဆုံးဖြတ်ပါလိမ့်မယ် သူရိန်"

"ကျွန်တော် ကိုသိခ်နဲ့ ဘယ်လိုလုပ်ပြီး ယှဉ်ပြိုင်လုနိုင်မလဲ၊ ကေတုကို စွန့်လွှတ်ပေးပါ၊ ကိုသိခ်အခြေအနေနဲ့ ဒါဟာ မလုပ်သင့်ပါဘူး"

"သူရိန်..မင်းပဲ ကေတုနဲ့ ကင်းကင်းရှင်းရှင်းနေစမ်းပါ၊ မင်းအမေနဲ့အစ်မက ဘယ်လိုလူမျိုးတွလဲ၊ ကေတုကို မင်းမစဉ်းစား နဲ့၊ ကေတု ပိုပြီးထိခိုက်နစ်နာမယ်ကွ"

"မသိဘူးဗျာ၊ ကျွန်တော် ကေတုကို လုံးဝမစွန့်လွှတ်ဘူး၊ ကျွန်တော် ဘယ်တော့မှမစွန့်လွှတ်ဘူး"

သူရိန် ဖုန်းကိုပိတ်ပစ်လိုက်သည်။ မေမေနဲ့ မမ တားလည်း ကေတုကို သူ လုံးဝမစွန့်လွှတ်ဘူး။ ကေတု မင်း တော်တော်ရက်စက်တယ်ကွာ။ ကိုသိခ်ကိုတော့ ချစ်တယ်တဲ့လား။ သူ အိပ်လို့မရ။ အပြင်ထွက်လာခဲ့သည်။ မြင့်ဇော်နှင့် အုပ်စိုးကို ပြောပြတော့ မယုံနိုင်အောင်ဖြစ်နေကြ၏။ ဒေါက်တာသိခ်က သက်သက်အပျော်ကြံစည်တာတဲ့။ အုပ်စိုးက ပိုပြီးမကျေမနပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရသည်။

“ဒီဆရာဝန်က ကေတုကို လက်ဆွဲပြီး သူ့အသိုင်းအဝိုင်းမှာ ဝင်ဆန့်နိုင်လို့လား၊ ကေတု ဘဝပျက်မယ်၊ အနှိမ်ခံရမယ်”

“အဲဒါကြောင့် သူရိန်နဲ့ပဲ အောင်သွယ်ပေးပါလို့ မင်းကို ပြောရတာပေါ့ အုပ်စိုးရ”

“သူရိန် မင်းအံမေနဲ့ အစ်မက လက်ခံမလား”

“လက်မခံလည်း ငါ့မှာ အစွမ်းအစရှိတယ်လေ၊ မိန်းမတစ်ယောက်ကို တင့်တင့်တယ်တယ် ထားနိုင်တယ်”

ကေတု နှင့် ဘာတွေဖြစ်နေရတာလဲ။ ဒေါက်တာသိခ်ကိုကျတော့ နှင်က ချစ်သူအဖြစ် ရွေးချယ်တယ်ပေါ့လေ။ ချစ်သူရည်းစားမထားဘူးဆို။ ယောကျ်ားတွေကို အထင်မကြီးဘူးဆို။ အုပ်စိုးနှလုံးသားတွေလည်း နာကျင်ကြေကွဲနေသည်။ တစ်ဖက်က ယောကျ်ားတွေ ဘယ်လောက်ပဲ ချစ်နေကြပါစေ၊ ကေတုက တုံ့ပြန်မချစ်စေချင်ပေ။ နှင့်ကို ငါ အထင်ကြီးမိတာ မှားတာပဲ။ နှင့်အတွက် အမြဲတမ်း အနစ်နာခံပေးဆပ်နေတဲ့ အုပ်စိုးကိုကျတော့ ကေတုက သူငယ်ချင်းတစ်ယောက်ထက်ပိုပြီး မမြင်နိုင်ဘူးတဲ့။ ဒေါက်တာသိခ်က အဘက်ဘက်က ပြည့်စုံနေတာကိုး။ သူရိန်နဲ့





ဆိုရင်တောင် နှင့်အတွက် ကောင်းပါတယ် ကေတု။ အုပ်စိုး ယူကြုံးမရ ဖြစ်နေသည်။

“ငါကတော့ ကေတုကို လုံးဝလက်လွှတ်မခံနိုင်ဘူး၊ အရယူမှာပဲ မြင့်ဇော်၊ နောက်ဆုံး ကားတင်ပြေးမယ်ကွာ”

“မင်း ပြဿနာတက်မယ်နော် သူရိန်၊ မဖြစ်နိုင်ပါဘူး၊ အချိန်ကို စောင့်စမ်းပါ”

“မစောင့်နိုင်ဘူးကွာ၊ ကိုယ်စီစဉ်တော့မယ်၊ ကေတုအမေကိုတော့ အုပ်စိုး မင်းပဲစောင့်ရှောက်ပေးထားပါ၊ မင်းအတွက် အရင်းအနှီးတွေ ကူညီမယ်ကွာ”

“သူရိန်..ငါက ကေတုကို ရောင်းစားမယ်ထင်လို့လား၊ လုံးဝပဲ၊ ဒါပေမဲ့ ဒေါက်တာသိခ်နဲ့တော့ မဖြစ်စေချင်ဘူး၊ ကေတု အရှမ်းမျက်နှာငယ်ရမယ်လေ”

“ငါခိုးပြေးမယ်ကွာ၊ မေမေတို့ သားအဖြစ်ကနေ စွန့်လွှတ်ချင်လည်း စွန့်လွှတ်ပါစေ၊ ကေတုကို အရယူမယ်”

သူရိန် ဆုံးဖြတ်ပြီးသွားပြီ။ ကေတုကို ဘယ်သူ့လက်ထဲမှ အပါမခံနိုင်ပေ။ မြင့်ဇော်ကတားနေသည်။ ကေတုက လက်မခံရင် ပြဿနာကြီးသွားမယ်တဲ့။ သူရိန့်နှလုံးသားတွေ တစ်စစီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ။ ကေတုကို စွန့်လွှတ်ဖို့ဆိုတာ မဖြစ်နိုင်ပေ။ အုပ်စိုးက ကေတုအား အပြင်သို့ခေါ်ထုတ်ပေးနိုင်သည်။

"အုပ်စိုး ကူညီပါကွာ၊ ဘာမှမဖြစ်စေရပါဘူး၊ နောက်ဆုံး ကေတုဆန္ဒရှိနေရင် ကိုယ် ထောင်ထဲဝင်မယ်"

"သူရိန်"

"ကိုယ် မစွန့်လွှတ်နိုင်ဘူး၊ ဘယ်လိုမှ လက်လွှတ်အဆုံးရှုံးမခံနိုင်လို့ပါ"

"အုပ်စိုး မင်းကူညီလိုက်၊ ကေတုက မင်းကို မရွေးချယ်ဘူးဆိုရင် သူရိန်နဲ့ မင်း သဘောတူတယ်မဟုတ်လား"

အုပ်စိုး ငြိမ်သက်နေသည်။ ဒေါက်တာသိန်းနဲ့တော့ မဖြစ်စေလိုပေ။ ကေတု မျက်နှာပိုငယ်ရမယ်။ နင် ဘာဖြစ်လို့ ဒေါက်တာသိန်းကိုပဲ ရွေးချယ်ရတာလဲကွာ။ အုပ်စိုးအတွက် ရွေးချယ်စရာလမ်းက သူရိန်နှင့် နီးစပ်မှုရှိအောင် ကူညီဖို့ပဲ။ သူရိန်က လူကောင်းပါ။ ကေတုကိုလည်း အရူးအမူးစွဲလမ်းချစ်ခင်နေသည်။ ကေတု ငါ ဘာလုပ်ရမလဲ။ နင့်ကို ဒေါက်တာသိန်းနဲ့ လက်မထပ်စေချင်ဘူးဟာ။ နင် မဝင်ဆန့်နိုင်လို့ပါ။ အုပ်စိုး တွေဝေစွာ ခေါင်းငိုက်စိုက်ကျနေသည်။

❖ ❖ ❖



## အခန်း (၁၉)

ကေတု မျက်လုံးတွေကြောင်ပြီး အိပ်လို့ပင်မရ။ သူရိန့်အစ်မရဲ့ စော်ကားနှိမ်ချမှုတွေက မုန်းတီးနာကြည်းစရာပင်။ ကိုသိန်းနဲ့ သူရိန့်အစ်မက လူကြီးချင်းသဘောတူထားကြတဲ့သူတွေပဲ။ ကေတု ရှက်လိုက်တာ။ အမေသာသိရင် မလွယ်ဘူး။ ကေတု အရူးမပဲ။ ကိုသိန်းလို လူတစ်ယောက်က ကေတုကို သူ့အသိုင်းအဝန်းထဲ ရဲရဲတင်းတင်း ခေါ်သွားနိုင်တယ်ပဲထားဦး၊ ကေတုက ရင်ဆိုင်ရဲမလား။ ဘယ်လိုမှ လက်ခံကြမှာမဟုတ်။ ဒေါက်တာသိန်းအား အပိုင်ချိုင်လိုက်တာပဲလို့ ဝေဖန်နှိမ်ချ ပြောဆိုကြတော့မှာပဲ။ ကေတု မှားတယ်။ ကိုသိန်းလို ယောကျ်ားတစ်ယောက်ကို ချစ်ဖို့မသင့်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကေတု တစ်ညလုံး အိပ်လို့မရ။ လေတဟူးဟူးတိုက်နေတဲ့ အအေးထဲမှာ ငုတ်တုတ်လေး ထိုင်နေမိသည်။ မိုးလင်းခါနီးမှ အိပ်ပျော်သွားသည်ထင်၏။ အမေလာနှိုးတော့ ကေတု ဖျားနေသည်။

"ကေတု သမီးလေး ကုမ္ပဏီကို သွားရမယ်လေ၊ ထတော့၊ ဟင်…ကေတု ကိုယ်တွေပူနေတာပဲ၊ ဖျားပြီထင်တယ်"

အမေနှိုးမှ ကေတု ထလိုက်တော့ အာခေါင်တွေခြောက်ကာ ကိုယ်ကပူနေသည်။ ခေါင်းက မိုက်ခနဲပြာဝေသွား၏။ မထနိုင်။ အမေ့ရှေ့မှာ ကေတု ဘာမှမဖြစ်သလိုနှင့် ထလိုက်သည်။

"သမီး ဖျားနေပြီ၊ ကုမ္ပဏီကို မသွားနဲ့တော့လေ၊ ခွင့်ယူလိုက်"

"ရပါတယ် အမေ၊ ကုမ္ပဏီက အလုပ်ဝင်တာမကြာသေးဘူးလေ၊ ကေတု သွားရမယ်"

"ဖြစ်ပါ့မလားကွယ်"

"ရပါတယ် အမေရဲ့၊ ကေတု ဘာမှမဖြစ်ပါဘူးနော်"

ကုမ္ပဏီက ဝင်ခါစပဲရှိသေးသည်။ ကေတု အလုပ်ပျက်လို့မဖြစ်ဘူး။ ဆေးသောက်ပြီး သွားရမှာပဲ။ ကေတု ထသည်။





အမေ့ကို စိတ်သောကရောက်အောင် ကေတု မလုပ်လိုပေ။ ဒေါက်တာသိန်းအမေက ကေတုအမေကို တန်းတူဆက်ဆံနိုင်ပါ့မလား။ ကေတုကိုယ်တိုင် အရှက်မဲ့လွန်းနေ၏။ အမေက သဘောတူမှာမဟုတ်။ အမေ နီးစပ်စေချင်တာက အုပ်စိုးပဲ။ ကိုသိန်းကို ကေတု ချစ်မိနေတယ်။ ဘာဖြစ်လို့ ချစ်သွားရတာလဲ။ ကေတု ရင်တစ်ခုလုံး ပူလောင်နာကျင်နေသည်။

"နင် ဒီရပ်ကွက်မှာ ဂုဏ်ယူလိုက်ပို့ကတည်းက ထင်သားပဲ၊ နင် ဘယ်သူ့ကိုအမိဖမ်းတော့မလဲဆိုတာ၊ သိန်း…ရှင် ဒီလိုပဟာမလေးကိုများ တန်းတန်းစွဲချစ်ရတယ်လို့၊ ဆေးမိနေတာပဲ"

သူရိန့်အစ်မ နွေးနွေးရဲ့စကားတွေက ကေတု အသည်းနှလုံးတွေထဲအထိ စူးနစ်ထိုးဝင် နာကျင်နေသည်။ ကေတု အသုံးမကျတဲ့မိန်းမ။ နင့်မာနတွေ ဘယ်ရောက်သွားပြီလဲဟင်။ ဒေါက်တာသိန်း ဘဝကိုလည်း နင် ဖျက်ဆီးပစ်တာပဲ။

ချစ်တယ်။ အရမ်းချစ်တယ်။ ဒေါက်တာကို ကေတု အရမ်းချစ်တယ်။ သူမ ရှုးသွပ်စွာ တတွတ်တွတ်ပြောမိသည်။

"ကေတု…ဘာမှအားမငယ်နဲ့၊ ကိုယ် ကေတုကို ဘယ်လိုနည်းနဲ့မှ အဝေးမခံနိုင်ဘူး၊ ရယူပိုင်ဆိုင်ဖို့ ကြိုးစားမယ်၊ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲ အတားအဆီးတွေပဲတွေ့တွေ့ ရင်ဆိုင်ဖြတ်သန်းကြမယ်"

ကိုသိန်းစကားတွေကို ကေတု ပြန်ကြားယောင်မိတိုင်း ကြောက်လန့်တကြား ခေါင်းကိုခါယမ်းပစ်မိသည်။ ကေတုဘက်ကပဲ အရှုံးပေးမယ်၊ နောက်ဆုတ်မယ်။ ကေတုဘဝအတွက် ရည်မှန်းချက်တွေ အပျက်ခံလို့မှ မဖြစ်တာပဲ။ ရင်ဆိုင်လို့ မဖြစ်နိုင်ပါဘူး။ အမေရှိသေးတယ်။

ကေတု အဝတ်အစားလဲပြီး ထွက်လာခဲ့သည်။ ကေတု ကုမ္ပဏီထဲဝင်လိုက်သည်နှင့် သူရိန့်အစ်မ နွေးနွေးနှင့် ဆုံမိသွားရ၏။ မျက်လုံးချင်းဆုံမိသည်နှင့် သူရိန့်အစ်မရဲ့ မျက်ဝန်းတွေက ဒေါသတွေနှင့် ဝင်းဝင်းတောက်သွားသည်။

"ဩော်…နင်က ဒီမှာ အလုပ်လာလုပ်နေတာလား၊ ဒါ ငါ့ဦးလေး ကုမ္ပဏီပဲ့၊ နင် အခုချက်ချင်း အလုပ်ကနေထွက်စမ်း၊ နင့်လို ကိုယ်ကျင့်တရားမကောင်းတဲ့မိန်းမကို ဘယ်သူအလုပ်ခန့်ထားရလဲ"

"ဒီမှာ ကျွန်မကို ဘာဖြစ်လို့ ဒီလောက်အထိစော်ကားနေရတာလဲ၊ ရှင် ထွက်ဆိုတိုင်း ကျွန်မအလုပ်ကနေ မထွက်နိုင်ဘူး၊ ရှင်ထပ်ပြောရင် အသရေဖျက်မှုနဲ့ တရားစွဲမှာနော်"

နိုး နိုး ၀၁၆ပ



"ဘာအေ့"

"ကျွန်မ ဘာကိုယ်ကျင့်တရားပျက်လို့လဲ၊ ရှင့်မှာ အထောက်အထားရှိလို့လား၊ ဒေါက်တာ သိန်းက လွတ်လပ်တဲ့ လူပျိုလေ၊ ကျွန်မ ချစ်သူအဖြစ်ရွေးချယ်တာ ကိုယ်ကျင့်တရားပျက်ပြားတာလား၊ စကားကို အဆင့်အတန်းရှိရှိ ဆင်ခြင်ပြောပါ"

"ဟဲ့··ဟဲ့··နင် ဘာစကားပြောတာလဲ ကောင်မ"

"ကျွန်မက ဂုဏ်မဲ့သူနော်၊ ရှင် အရှက်မကွဲချင်ရင် ကျွန်မကို ပြဿနာမရှာပါနဲ့"

ကေတု မာမာဆတ်ဆတ်ပြောပြီး လှည့်ထွက်လာခဲ့သည်။ ကေတုလည်း ကံဆိုးစွာနဲ့ သူတို့နှင့်ပတ်သက်သော ကုမ္ပဏီမှာမှ ဝင်လုပ်မိနေ၏။ အလုပ်ထုတ်ခံရမလားပဲ။ ဒီကုမ္ပဏီက အောင်မြင်သည်။ လခလည်းကောင်း၏။ ထက်မြက်တဲ့ဝန်ထမ်းတွေကို အခွင့်အရေးပေးသည်။ သူရိန့်အစ်မက တောင်းပန်လည်း ရမှာမဟုတ်လို့ ဘုတောပစ်ခဲ့သည်။ ရှင် သိပ်ကြီးကျယ်ခမ်းနားမနေနဲ့။ ရှင့်မောင် သူရိန်ကို အချိန်မရွေးယူပစ်လို့ရတယ် သိလား။ ကေတု စားပွဲကို ရောက်လာသည်။

"ကေတု"

နိုး နိုး ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"နင့်ကို သတင်းကောင်းပြောစရာရှိတယ် သိလား၊ ကုမ္ပဏီသူဌေးက နင့်ကို နိုင်ငံခြားကုမ္ပဏီခွဲအတွက် ခေါ်သွားမယ်တဲ့၊ နင်က ဘာသာစကားတွေ ကျွမ်းကျင်လို့တဲ့"

ကေတု မပျော်နိုင်။ အခုလောက်ဆိုရင် သူရိန့်အစ်မက ကေတုကို အလုပ်ထုတ်ပစ်ဖို့ ပြောနေလောက်ပြီ။ ကေတုကို ကိုယ့်ကျင့်တရားမကောင်းတဲ့မိန်းမဆိုပြီးတော့လေ။ ကေတု စားပွဲမှာထိုင်မိသည်။

"ကေတု မပျော်ဘူးလား၊ ဘာဖြစ်လို့လဲ၊ နင် ဘာဖြစ်လာလို့လဲ"

"နေမကောင်းလို့ပါ"

"ဟုတ်သားပဲ၊ နင်ကိုယ်တွေပူနေတာပဲ၊ ဘာဖြစ်လို့ ကုမ္ပဏီကိုလာရတာလဲ ကေတုရယ်"

"အလုပ်ဝင်တာ မကြာသေးလို့ပါ၊ ဒီနေ့ ကုမ္ပဏီမှာ ကေတုမလာရင် မဖြစ်တဲ့ ကိစ္စတွေရှိနေလို့လေ"

"ကေတု"

"ဟင်"





"သူဌေးက နင့်ကို အရမ်းအားကိုးတယ်သိလား၊ နင်က အရမ်းထက်မြက်ပြီး တော်တယ်တဲ့"

ကေတုကို အလုပ်ထုတ်တော့မှာပါ။ သူရိန့်အစ်မက ကေတုကို အမုန်းကြီးမုန်းနေတာမဟုတ်လား၊ ခဏနေတော့ ကုမ္ပဏီရုံးခန်းက ကေတုကိုခေါ်သည်။

"နင့်ကို အလုပ်ကိစ္စပြောမလို့ထင်တယ် ကေတု၊ နိုင်ငံခြားကိုလိုက်ဖို့လေ"

အလုပ်ထွက်ဖို့ပဲ ပြောမှာပါ။ ကေတုကို သူရိန့်အစ်မ အတင်းအကျပ် အလုပ်ထုတ်ပစ်ဖို့ ဖိအားပေးမှာပါ။ မတတ်နိုင်ဘူးလေ။ ထွက်ဆိုလည်း ထွက်မယ်။ သူမ ကုမ္ပဏီရုံးခန်းထဲ ဝင်လာခဲ့သည်။

"ထိုင် ကေတုဝတီ"

"ဟုတ်ကဲ့"

"မင်းနဲ့ နွေးနွေး ပြဿနာရှိတယ် ဟုတ်လား"

"ရှင်"

"မင်းက ဒေါက်တာသိန်းရဲ့ ချစ်သူလား"

"အဲဒါက ကေတုရဲ့ကိုယ်ရေးကိုယ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်လေ၊ မင်းကို အလုပ်ထုတ်ဖို့ တူမက လာပြောနေတယ်"

"ကျွန်မနဲ့ ဒေါက်တာသိန်း ချစ်သူတွေဖြစ်ခဲ့ပါတယ်၊ ရိုးသားစွာနဲ့ပါ၊ သူနဲ့လက်ထပ်ဖို့ လူကြီးတွေစီစဉ်ထားတာလည်း ကေတု မသိပါဘူး၊ ကေတု ကိုယ်ကျင့်တရားကို စော်ကားပြီး အလုပ်ကနေ ထွက်ခိုင်းတာမျိုးတော့"

"ဟုတ်ပါတယ် ကေတုဝတီ၊ မင်းရဲ့ကိုယ်ကျင့်တရားကို အန်ကယ်လည်း ယုံကြည်ထားပါတယ်၊ ချစ်သူဆိုတာက မင်းရဲ့ ကိုယ်ရေးကိုယ်တာပါ၊ မင်းကို အလုပ်မထုတ်ပါဘူး"

"ရှင်"

"မင်းက ထူးချွန်တဲ့ဝန်ထမ်းပဲဟာ၊ အန်ကယ် လက်မခံပါဘူး၊ အလုပ်ကိစ္စက အလုပ်ကိစ္စပဲ၊ ကိုယ်ရေးကိုယ်တာတွေနဲ့ မရောထွေးသင့်ဘူးလေ"

"ကျေးဇူးတင်ပါတယ် အန်ကယ်၊ ကေတု အလုပ်ကိစ္စတွေကိုပဲ ကြိုးစားလုပ်ကိုင်ပါ့မယ်"

"မင်း နောက်သုံးလလောက်ဆိုရင် နိုင်ငံခြားကိုထွက်ရမယ်၊ အလုပ်အကိုင်အတွက် ဘာသာစကား ကျွမ်းကျင်မှု





လိုအပ်လို့ပါ"

"ဟုတ်ကဲ့"

"အန်ကယ့်တူမက အတ္တကြီးတယ်၊ ရန်လိုတတ်တယ်၊ အောင်မြင်တဲ့လုပ်ငန်းရှင်တစ်ယောက် မဖြစ်နိုင်ဘူးထင်တယ်၊ အန်ကယ့် ကုမ္ပဏီကိစ္စတွေကို ဝင်ရောက်စွက်ဖက်တာကို လက်မခံနိုင်ဘူးလေ"

"ကျေးဇူးတင်ပါတယ် အန်ကယ်၊ ကေတု ကြိုးစားပါ့မယ်"

"ကောင်းပြီလေ၊ မင်း နိုင်ငံခြားကိုလိုက်ဖို့အတွက် ပြင်ဆင်ထားပါ၊ ကုမ္ပဏီက မင်းအတွက် လုပ်ပေးလိမ့်မယ်"

"ဟုတ်ကဲ့"

ရှင် ရှုံးသွားပြီမဟုတ်လား မနွေးနွေး။ ကေတုပဲဟာ၊ အချစ်ရေးမှာလည်း ကျွန်မ အနိုင်မယူချင်လို့ သိလား။ ကိုသိန်း ရော သူရိန်ရော အချိန်မရွေး ကျွန်မ ရယူလို့ရတယ်လေ။ ကုမ္ပဏီ ပိုင်ရှင်အား ကေတု လေးစားမိသည်။ အလုပ်နှင့်ကိုယ်ရေးကိုယ်တာ တွေ ခွဲခြားထားခဲ့၏။ ကေတု အလုပ်က မထွက်ချင်။ အမေက ရှိသေးတယ်။ ကေတု စားပွဲပြန်ရောက်လာသည်။

"ဟုတ်လား ကေတု၊ နင့်ကို သတင်းကောင်းပြောလို့



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်လား"

"အင်း"

"တို့တွေကိုကျွေးရမယ်နော် ကေတု"

"ကျွေးပါ့မယ်၊ လော်လောဆယ်တော့ ကေတု နေမကောင်းဘူး၊ ဖျားနေတယ်၊ ဆေးသောက်လိုက်ဦးမယ်"

ကေတု နားချင်နေသည်။ ညကလည်း အိပ်မရခဲ့။ ခေါင်းက မူးဝေနေ၏။ သူရိန့်အစ်မတော့ ဘယ်လောက်အထိများ ဒေါသတွေ ပေါက်ကွဲနေမလဲ။ ကေတုကို ကုမ္ပဏီကနေထွက်ရအောင် ဆက်လုပ်နေဦးမှာပဲ။ ကေတု ဆေးသောက်လိုက်သည်။

"ကေတု နေ့တစ်ဝက်နဲ့ပြန်ပါလား၊ နင့်ကိုကြည့်ရတာ အရမ်းဖျားနေတဲ့ပုံပဲ၊ ကိုယ်တွေကလည်း ပူတယ်"

"ရပါတယ်၊ ကုမ္ပဏီက ကေတုတို့အပေါ် အခွင့်အရေးတွေ အများကြီးပေးထားတော့ ကေတုလည်း နေမကောင်းတာလေးနဲ့ အလုပ်အပျက်မခံနိုင်ပါဘူး"

ရုံးဆင်းမှပဲ ကေတုပြန်သည်။ အမေက ဆေးခန်းသွားဖို့ပြောတော့ ကေတု ဆေးပဲဝယ်သောက်မယ်ဟု ပြောလိုက်၏။ ကိုသိခ်နဲ့ လုံးဝမတွေ့ချင်တော့။ ကိုသိခ်အတွက် ကေတု အလုပ်ပေးသင့်ဆုံး အလုပ်ပဲလေ။ ကေတု ဆေးပဲသောက်နေသည်။

ဒို : မို : ၀၁၆ပ



"အမေ"

"ဟင်"

"ကေတု နိုင်ငံခြားကိုသွားရမယ်ထင်တယ်၊ အလုပ်ကိစ္စနဲ့လေ"

"ဟုတ်လား၊ အမေ့သမီးလေးက တော်လိုက်တာကွယ်၊ ဒီအသက်အရွယ်အထိ ချစ်သူရည်းစားတွေ မထားဘဲ ပညာရေးကို ကြိုးစားလို့ အမေ စိတ်ချမ်းသာရတာလေ"

အမေက မသိ။ ဆေးခန်းမှာ အခမဲ့ကုသပေးတဲ့ ဒေါက်တာသိခ်က စေတနာပါပြီး တော်ကြောင်း ပြောနေသည်။

"ကိုယ်တွေက အရမ်းပူနေတာပဲ ကေတု၊ ဆေးခန်းသွားပြရအောင်ကွယ်၊ ပိုက်ဆံလည်း မကုန်ဘူး၊ ဒေါက်တာက စေတနာလည်း အရမ်းပါတယ်"

"ကေတု မသွားချင်လို့ပါ၊ ဆေးသောက်လိုက်ရင် ရပါပြီ အမေရဲ့၊ နည်းနည်းပါ"

"ညရေးညတာဖြစ်ရင် ဒုက္ခရောက်မယ်လေ၊ အမေ စိတ်ပူတယ်၊ ကိုယ်တွေက အရမ်းပူနေတယ်၊ အမေ ရေပတ်တိုက်ပေးရမလား"

"ရပါတယ် အမေရာ၊ ကေတုအခြေအနေ ကေတု ပါ

ဒို · မို · ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဆေးသောက်လိုက်ရင် ပျောက်ပြီ”

အမေ ထွက်သွားမှ ကေတု အနားယူရသည်။ နေမကောင်း ဖြစ်နေ၍ အားငယ်စိတ်တွေဝင်လာ၏။ ကိုသိခ် ကေတုလေ အရမ်းငိုပစ်ချင်နေတယ်။ သူရိန့်အစ်မက ကေတုဘဝကို စိစိညက်ညက်ကြေအောင် ထိုးနှက်မှာပဲ။ ကေတု ဘယ်လိုရင်ဆိုင်ရမလဲ။ ဒေါက်တာကရော ကေတုဘက်ကနေ ရပ်တည်ပေးနိုင်မလားဟင်။ ကိုသိခ်က ကေတုရဲ့အချစ်ဦးပါ။ ရှေးဘဝက ရေစက်ထင်တာပဲနော်။ အမှတ်မထင်ဆုံမိပြီး အရမ်းကိုချစ်ကြတဲ့ ချစ်သူတွေ ဖြစ်သွားကြတယ်။ အဲဒါ ကံကြမ္မာလားဟင်။ ကိုသိခ်နဲ့ ဝေးရမှာကိုတော့ ကေတု ကြောက်နေတယ်။ အရမ်းငိုပစ်ချင်ပါတယ်။ မာန်မာနတွေနဲ့ မာကျောကျောကောင်မလေးက ဘာဖြစ်လို့များ ပျော့ညံ့နေရလဲ မသိပါဘူးနော်။

ကေတု ခေါင်းတွေနောက်ကျိရီဝေနေသည်။ အဖျားတွေကလည်း တက်လာ၏။ ကေတု မျက်ဝန်းလေးတွေကို မှိတ်ပစ်လိုက်သည်။

❖ ❖ ❖

ဝိုး : မို : ၈၁၄၆

## အခန်း (၂၀)

“ကေတု”

“ကေတု”

“ကေတု”

“ဟင်”

“သတိရပြီလား”

“အင်း”

ကေတု အဖျားတွေကျသွားမှ ဒေါက်တာသိခ် စိတ်မောသက်သာသွားရသည်။ ဖြစ်မှဖြစ်ရလေ ကေတုရယ်။ ကေတု အမေလာပြောမှ သူလိုက်လာပြီး ကြည့်ရသည်။

“ကေတု”

ဝိုး : မို : ၈၁၄၆

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူမ မျက်ဝန်းတွေ ပြူးကျယ်ဝိုင်းစက်သွားရပြီး အိပ်ရာမှ လူးလဲထသည်။

"အား··ကျွတ်··ကျွတ်"

ကေတု မထနိုင်။ ခေါင်းတွေက မူးဝေနောက်ကျိ အုံ့ခဲနေသည်။ ဒေါက်တာသိခ် ဘာဖြစ်လို့ ကေတုတို့အိမ်ရောက်နေရတာလဲ။ ပြီးတော့ သူမ အခန်းထဲမှာ။ ကေတု အထိတ်တလန့်နှင့် ရန်တွေ့မိ၏။ ပတ်ဝန်းကျင်မှာ ဘယ်သူမှမရှိ။ ဒေါက်တာဝင်လာတာ ကေတု ဒေါသဖြစ်ရသည်။

"ဒေါက်တာ ဘာလာလုပ်တာလဲ၊ ဒါ ကေတု အိပ်ခန်းလေ၊ ထွက်သွားပေးပါ၊ ကေတုကို ဘာထင်နေလို့လဲ"

"မင်း ခရမ်းဖျားပြီး သတိလစ်မတတ်ဖြစ်နေလို့ ကိုယ့်ကို လာခေါ်တာလေ"

"ဟင်"

"မင်းအမေလည်း ရှိပါတယ်၊ ကော်ဖီသွားဖျော်နေတာလေ"

အမေ ပြန်ဝင်လာသည်။ ကေတု အားနာသွားရသည်။



ကေတု ခေါင်းမာတာပါ။ အမေက ဒေါက်တာအား ကော်ဖီနှင့် ညှို့ခံနေ၏။ ကေတု အဖျားကျသွားပြီးပဲ။ အမေက ကေတု အဖျားကျသွား၍ ဒေါက်တာအား ကျေးဇူးတင်ကြောင်း ပြောနေသည်။

"သမီးက ခေါင်းမာတယ် ဒေါက်တာ၊ ဆေးခန်း မပြဘူးတဲ့၊ တော်ပါသေးရဲ့၊ အဖျားကျသွားလို့"

"ခေါင်းမမာပါနဲ့ ကေတု၊ မင်းက ရင်ဆိုင်ရဲတယ်ဆို သတ္တိမကြောင်စမ်းပါနဲ့"

ကိုသိခ် ပြောနေတဲ့စကားတွေကို ကေတု သိသည်။ ရှင်တို့အသိုင်းအဝိုင်းတွေနဲ့ ရင်မဆိုင်လိုပေ။ ကေတု သတ္တိမရှိတော့ဘူး။ ကေတု ကုမ္ပဏီအလုပ်တွေကအစ သူ့ရိန့်အစ်မက ဝင်စွက်ဖက်နေသည်။ ကေတု ဘယ်လိုရင်ဆိုင်ရမလဲ။ သူမ အားလျော့နေ၏။ ဒေါက်တာ့အကြည့်တွေက ရီဝေစိုစွတ်နေသည်။

"ကျေးဇူးပါပဲ ဒေါက်တာ၊ ကေတု နေကောင်းသွားပါပြီ"

"မင်းခေါင်းမမာနဲ့နော်၊ ဘာမှလည်း အားမငယ်ပါနဲ့၊ အရမ်းအားနည်းနေတယ် ကေတု"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

"ကေတု"

"ရှင်"

"မနက်ဖြန် ဆေးခန်းကိုလာခဲ့ပါ၊ မင်း အားဆေးသွင်းရမယ်"

"လာပါ့မယ် ဆရာ၊ သမီးက ခေါင်းမာတယ်၊ အခေါ်အတင်းခေါ်လာခဲ့ပါ့မယ်"

"ကေတု"

"ဟင်"

"မင်းကိုဘယ်တော့မှမစွန့်လွှတ်ဘူး၊ ချစ်တယ်"

အမေ့အလစ်တွင် တိုးတိုးလေးကပ်ပြောသွားသည်။ ရင်ထဲမှာ နွေးထွေးသွားရ၏။ ကေတုလည်း ဒေါက်တာကိုချစ်ပါတယ်။ ဒါပေမဲ့ အရမ်းကွာဟလွန်းနေတယ်လေ။ ဒေါက်တာကို မနှစ်ရက်လို့ပါ။ ကေတုအသိုင်းအဝန်းထဲကို ဒေါက်တာ မဝင်ဆန့်နိုင်ပါဘူး။ ကေတု ရှေ့ဆက်မတိုးဖို့ပဲ ဆုံးဖြတ်ထားသည်။

"ကေတုရယ် ကံကောင်းလို့အေ၊ ဒေါက်တာရောက်လာပေလို့ပဲ၊ ညည်း သတိလစ်နေလို့"



"ကေတု ကောင်းသွားပါပြီ အမေ၊ အိပ်တော့မယ်"

"အိပ်တော့၊ မနက်ဖြန် အလုပ်မဆင်းနဲ့နော်၊ အမေ အုပ်စိုးကို ခွင့်တိုင်ခိုင်းမယ်"

"ကေတု တကယ်သက်သာသွားပါပြီ အမေ၊ ကေတု နိုင်ငံခြားခရီးသွားရမယ်၊ အဲဒါ ကေတုအတွက် အခွင့်အရေးပဲ"

"ညည်း ခေါင်းမမာစမ်းပါနဲ့အေ့၊ အမေတော့ စိတ်ပူတယ်၊ သမီး အရမ်းအပင်ပန်းခံလွန်းတယ်"

အမေ ထွက်သွားသည်။ ကေတု အလုပ်ပျက်လို့မဖြစ်ဘူး။ ဒေါက်တာက ကေတုဘဝမှ မဟုတ်တာဘဲ။ အလုပ်ပဲ ကြိုးစားမည်။ ကေတု အရှုံးမ ပေးချင်။ နှင်နဲ့ ဒေါက်တာသိန်းဘာဆိုင်လို့လဲ။ ကေတု ဒေါက်တာပေးခဲ့တဲ့ အိပ်ဆေးသောက်ပြီး အိပ်ပစ်မိသည်။

"ကလင်…ကလင်"

"ကလင်…ကလင်"

"ကလင်"

နှိုးစက်လေး မြည်လာသဖြင့် ကေတု မျက်လုံးလေး ဖျတ်ခနဲပွင့်သွားသည်။ နှိုးစက်လေး ကိုသိန်းပေးသော ကြိုတင်ငွေ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဝယ်ထားသော အမှတ်တရပစ္စည်းလေးပါ။ ကေတုဘဝ တိုးတက်ရေးအတွက် တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်နေသည်။ နှီးစက်လေးကို ယူပြီး မပိတ်ရက်သလို သူမ ငေးကြောင်စွာ ကိုင်ထားမိသည်။

"ကလင်··ကလင်···ကလင်"

"ကလင်"

"ကလင်"

"ကေတု··ကေတု··ထတော့လေ၊ နှီးစက် ဒီလောက် မြည်နေတာတောင် မနိုးသေးဘူးလား"

"ဟင်"

အမေ့အသံကြားမှ ကေတု နှီးစက်လေးကို ပိတ်ပစ်လိုက်သည်။

"ကေတု ဒီနေ့ ကုမ္ပဏီကို မသွားနဲ့အေ၊ တော်ကြာ လမ်းမှာ တစ်ခုခုဖြစ်နေရင် ဘယ်လိုလုပ်မလဲ ကေတု"

"ရပါတယ် အမေ၊ အားတွေပြည့်နေပါပြီ၊ ညက ကေတု အိပ်ပျော်သွားပါတယ်၊ အဖျားလည်း ကျသွားပါပြီ"

"ခေါင်းမာတယ်အေ၊ ညနေတော့ ဆေးခန်းသွားပြရမယ်၊





အားဆေးသွင်းရမယ်တဲ့၊ အလကား ရတာပဲ၊ ဆရာဝန်ကလုပ်ဆို လုပ်ရမယ်"

"ဟုတ်ကဲ့ပါ"

အမေ ကျေနပ်အောင် ဟုတ်ကဲ့ပါဟုပြောပြီး ကေတု ကုမ္ပဏီသွားဖို့ပြင်သည်။ အဖျားက ကျသွားပေမယ့် ခေါင်းကတော့ သိပ်မကြည်ပေ။ ကေတုဘဝကို တိုးတက်မြင့်မားစေမည့်နေရာမှာ ကေတုအရည်အချင်းတွေ ပြရမည်ဖြစ်သည်။

"အမေ ကေတုသွားပြီ"

"အေး··အေး"

ကေတု ထွက်လာတော့ အုပ်စိုးနှင့်တွေ့သည်။

"ကေတု နေမကောင်းဘူးဆို၊ ဘာဖြစ်တာလဲ"

"ဖျားတာပါ"

"နင့်ကို ကုမ္ပဏီသူဌေးက အရမ်းအားကိုးတယ်တဲ့၊ ငါ့သူငယ်ချင်းက ပြောတယ်"

"အင်း"

"နင် နိုင်ငံခြားကို သွားရမယ်ဆို"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ နင့်ကို ဒေါက်တာသိန်းက ချစ်နေတယ်ဆို"

"နင့်ကို ဘယ်သူပြောလဲ အုပ်စိုး"

"ဘယ်သူပြောပြောပေါ့ဟ"

"သွားမယ်ဟာ"

"ဒေါက်တာသိန်းက နင်နဲ့မလိုက်ဖက်ဘူး ကေတု"

"ဘာ"

"သူ့ဘ၀ထဲကို နင် မ၀င်ဆန့်နိုင်ပါဘူး၊ နင်ပဲ စိတ်သောက ရောက်ရမှာ"

"နင်က ဆရာကြီးလား၊ ဘာဖြစ်လို့ ငါ့ကိုယ်ရေးကိုယ်တာထဲ ၀င်ရှုပ်ချင်ရတာလဲ"

"အကောင်းပြောတာပါ ကေတုရာ၊ နင်ရွေးချယ်သင့်တာက သူရိန်ပဲ"

"ဘာ"

တကယ်တော့ အုပ်စိုးပြောချင်တာက နင်နဲ့လိုက်ဖက်တာက ငါပါလို့ ပြောချင်ပေမယ့် ကေတုက ရွေးချယ်မှာမဟုတ်ဘူးဆိုတာ သိနေသည်။





"သူရိန်က နင့်ကို အရမ်းချစ်တယ်ဟ"

"တော်စမ်းပါ၊ သူ့အမေနဲ့ အစ်မက ကြီးကျယ်တယ်၊ ငါ့ကို ဘယ်တော့မှ လက်ခံမှာမဟုတ်ဘူး"

ဒေါက်တာသိန်းကမှ ငါ့ကို ချစ်ခင်ကြင်နာပြီး ဂရုစိုက်မှာပါ အုပ်စိုး။ သူရိန်ကိုတော့ ငါ မချစ်ဘူး။ မုန်းတောင် မုန်းသေးတယ်။ သူရိန့်အသိုင်းအ၀န်းထဲကို ငါ မ၀င်နိုင်ဘူး သိလား။ အုပ်စိုးကတော့ သုံ့မအပေါ် အနစ်နာခံသည်။ ကူညီနေ၏။ သူရိန်နဲ့တော့ မဖြစ်ပါဘူး။ နင် အချစ်အကြောင်းတွေ ဘာသိလို့လဲ။ ငါက မချစ်ပါဘူးလို့ ဘယ်လောက်ပဲတင်ထားပါစေ၊ နှလုံးသားက အလိုအလျောက် ချစ်မိသွားတာဟ။ ဒေါက်တာကို ငါ ချစ်မိသွားတာ။ ငါကိုယ်တိုင်တောင် အူလည်လည်ဖြစ်နေတာလေ။ ဘာပဲဖြစ်ဖြစ် ဒေါက်တာကို ငါ ချစ်တယ်။

အုပ်စိုးကိုနှုတ်ဆက်ပြီး ကေတု လာခဲ့သည်။ သူမစားပွဲဆီရောက်တော့ ကုမ္ပဏီပိုင်ရှင်က တွေ့ချင်တယ်ဆို၍ ကေတု ဥက္ကဋ္ဌရုံးခန်းကို ၀င်လာခဲ့၏။ သူရိန်တို့နှင့်ပတ်သက်နေ၍ ကေတု မလုပ်ချင်။ အလုပ်ထွက်လို့ကလည်း မဖြစ်။ အမေက ရှိနေသေးသည်။

"ကျွီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ချိုင်း"

ကေတု လန့်ပြီး တံခါးကြီးကို ဆောင့်ပိတ်မိသည်။ သူရိန်ထိုင်နေ၏။ ကေတု မပတ်သက်ချင်တော့တဲ့ သူတွေ။ သူမ အထဲပဲ ဝင်လာခဲ့သည်။

"ကေတု"

"သူရိန်ရောက်နေတာလား"

"ကေတု"

"ဟင်"

"ကိုယ့်အစ်မအတွက် တောင်းပန်ချင်လို့ပါ"

"မလိုပါဘူး၊ ကေတုက ကိုယ်ရေးကိုယ်တာနဲ့ အလုပ်ကိစ္စကို ခွဲခြားထားတယ်"

"ကေတု အရမ်းလှတာပဲ၊ ကိုသိမ်း ချစ်မယ်ဆိုရင်လည်း ချစ်မြတ်နိုးမှာပါပဲ"

"ကုမ္ပဏီဥက္ကဋ္ဌက ကျွန်မကိုခေါ်တာ မဟုတ်ဘူးလား၊ ရှင် ခေါ်ခိုင်းတာလား"

"မဟုတ်ပါဘူး၊ ကိုယ့်အန်ကယ်က ခေါ်တွေ့တာပါ၊ ကေတုက ကိုယ် ချစ်မြတ်နိုးနေတဲ့ ကောင်မလေးဆိုတာတောင်





မသိဘူး၊ အခုမှ ဖွင့်ပြောပြမလားလို့"

"သူရိန်နော်၊ ကျွန်မကို ကျေးဇူးပြုပြီး မနှောင့်ယှက်ပါနဲ့လား၊ ကေတုက ရှင်တို့အသိုင်းအဝန်းတွေနဲ့ ယှဉ်ပြိုင်နိုင်တဲ့ အင်အားမရှိလို့ပါ"

"ကေတုကို ဘယ်သူနဲ့မှ ယှဉ်ပြိုင်စရာမလိုပါဘူး၊ ကိုယ်က သားအဖြစ်ကနေ စွန့်လွှတ်လိုက်လည်း ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားတာလေ"

"ကျွန်မ ရှင့်ကို မချစ်ဘူး"

"ကေတု"

"သွားမယ်"

"ကိုသိမ်းက ကေတုနဲ့မလိုက်ဖက်ပါဘူး၊ ကိုသိမ်း အသိုင်းအဝန်းက ကျယ်ပြန့်တယ်၊ ကေတု အထင်သေးခံရမယ်"

"ကျွန်မကိစ္စပါ"

ကေတုကို သူရိန် ဘယ်လိုမှ ချစ်ခွင့်ပိုင်ခွင့်မရနိုင်တော့တာ သိလိုက်သည်။ မင်းကို ကိုယ် မစွန့်လွှတ်နိုင်ဘူး ကေတု။ ဘယ်လိုလုပ်ရမလဲ။ မင်းကိုပိုင်ဆိုင်ချင်တယ်။ ငါ့ရင်တွေ မီးတောက် နေပြီထင်တယ် ကေတု။ အန်ကယ်စိုးက ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူရိန် ရောက်နေတာလား၊ ကိစ္စရှိလို့လားကွ"

"မရှိပါဘူး အန်ကယ်၊ မတွေ့တာကြာလို့ပါ"

"ထိုင်ဦး"

"အခုမှသတိရတယ် အန်ကယ်၊ ကျောင်းကိစ္စသွားစရာ ရှိတယ်၊ ညမှလာခဲ့မယ်၊ သွားတော့မယ်"

သူ ထလိုက်သည်။ သူတွေ့ဖို့လာတာ ကေတုပဲ။ မျက်နှာ လေးကို ခဏလေးပဲဖြစ်ဖြစ် တွေ့ချင်လို့ လာခဲ့တာပါ။ ကေတု က သူ့ကို ခါးခါးသီးသီး ငြင်းဆန်နေသည်။ မင်းက သူရိန် လက်ထပ်မယ့် မိန်းကလေးပဲ။ သူရိန် စိတ်မလျှော့နိုင်။ ပြန်ထွက် လာခဲ့သည်။

သူရိန်ထွက်သွားမှ ကေတု အသက်ရှူချောင်သွားရ သည်။ သူရိန်က မဆိုးပေမယ့် ကေတု မချစ်နိုင်။ ကေတု နှလုံး သားတွေထဲမှာ ကိုသိန်းပဲ ရှိနေခဲ့၏။ ခေါင်းတွေက မူးဝေနောက် ကျိလာသလို ဖြစ်လာသည်။

"ကေတုဝတီ"

"ပြောပါ ဥက္ကဋ္ဌ"

"မင်းနဲ့ သူရိန်တို့မောင်နှမ ပတ်သက်မှုရှိနေတာလား"

ဝိုးမိုး ၀၁၄၀



"မရှိပါဘူး၊ ကျွန်မက ဒီကုမ္ပဏီမှာ ဝင်မလုပ်ခင်က ဂျာနယ်လိုက်ပို့ပါတယ်၊ သူတို့က အဖက်မတန်ဘူးလို့ သတ်မှတ် ထားကြတာပါ"

"ကေတု မင်းက ပွင့်လင်းရိုးသားတဲ့ မိန်းကလေးပဲ၊ အန်ကယ် သဘောကျတယ်၊ အလုပ်လည်း တာဝန်ကျေပြီး ကျွမ်းကျင်တယ်၊ မင်း နေမကောင်းဖြစ်နေတာတောင် မင်း မပျက် ကွက်ဘဲ အလုပ်လုပ်တယ်၊ မင်းဘက်ကပဲ အန်ကယ် ရပ်တည် မယ်၊ ဆက်ကြိုးစားပါ၊ မနက်ဖြန် နိုင်ငံခြားကိုထွက်ဖို့ ဗီဇာကိစ္စ လုပ်ရမယ်၊ ဦးချစ်နဲ့ ဆက်သွယ်ပါ"

"ဟုတ်ကဲ့ပါ"

အလုပ်ကိစ္စအောင်မြင်၍ ကေတု စိတ်အေးရသည်။ ဒီကုမ္ပဏီပိုင်ရှင်ကလည်း စိတ်သဘောပြည့်ဝလွန်း၏။ ထူးချွန်တဲ့ ဝန်ထမ်းတွေကို ချီးမြှောက်ပေးသည်။ ကေတု စိတ်တွေကို ထိန်း ချုပ်ထားပါမယ်။ အမေက ရှိသေးတယ်လေ။ ကေတု စိတ်တွေ ရှုပ်ထွေးစွာပြန်လာခဲ့သည်။

❖ ❖ ❖

ဝိုးမိုး ၀၁၄၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဒီမှာ ဟဲ့ကောင်မလေး"

သူမ အပြန်ကားဂိတ်တွင် ရပ်နေစဉ် သူမအား ဟဲ့ကောင်မလေးဟု ရိုင်းရိုင်းစိုင်းစိုင်း လေသံမာမာနှင့်ခေါ်လိုက်၍ ကေတု မော့ကြည့်လိုက်တော့ မနွေးနွေး ဖြစ်နေသည်။ ကားဂိတ်မှာ လည်း လူရှင်းနေ၏။ ကေတု မနက်ဖြန်ဆို ကုမ္ပဏီက အကြိုအပို့ကား ပေးတော့မှာပါ။ မနွေးနွေးက သူမအနား လျှောက်လာသည်။

"နင့်နာမည်က ကေတုဝတီ၊ ဟင်း..နာမည်ကတော့ အပျံစားပဲ၊ ဒီမှာ နင့်ကိုပြောစရာရှိလို့လာတာ၊ သိခ်အမေ အန်တီအိ သားအတွက် စိတ်သောကတွေရောက်ပြီး အိပ်ရာထဲ လဲနေပြီ"

"အဲဒါ ကျွန်မနဲ့ဘာဆိုင်လို့လဲ"

ဝိုး:ဝိုး:၀၁၄ပ



"ဆိုင်တယ်လေ၊ ညည်းပါးစပ်မို့ မဆိုင်ဘူးပဲ ပြောထွက်တယ်၊ အန်တီအိက သိခ်ကို ရွှေလင်ပန်းနဲ့ အချင်းဆေးပြီး တယုတယ ရှေ့လိုဥပြီး မွေးခဲ့တာအေ့"

"အဟက်"

"ညည်း ဘာရယ်တာလဲ"

"ရယ်ချင်လို့လေ၊ သူ့သားကို ဘယ်လိုပဲမွေးမွေး အဲဒီ ဒေါက်တာသိခ်ဆိုတဲ့လူကိုယ်တိုင်က မဆင်မခြင် အသိဉာဏ်မဲ့ပြီး ကျွန်မ လာကြိုက်နေတာပဲဟာ"

"ညည်း...ညည်း"

"လုပ်ရမယ့်အလုပ်က ကိုယ့်သားကိုပဲ ထိန်းပေါ့"

"ဟဲ့..ညည်းက ရုပ်လေးဘမ်းပြပြီး ဘယ်လောက်အထိ စည်းရုံးသိမ်းသွင်းထားမှန်းမှ မသိတာဘဲ"

"ရှင်လွန်လာပြီနော်၊ ကျွန်မကိုယ်ကျင့်သိက္ခာကို စော်ကား လာရင် ကျွန်မ လက်ခံမှာမဟုတ်ဘူး၊ ပြန်ပါ"

ကေတု ဆိုတဲ့ကောင်မလေးက မလွယ်ပါလား။ နွေးနွေး အား ထသတ်တော့မတတ် ဒေါသတကြီး ဖြစ်သွား၍ လန့်သွားရသည်။ သိခ်ကြောင့်။ ကေတုဝတီလို ကောင်မလေးနှင့် ယှဉ်

ဝိုး:မို.၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ဖို့မလွယ်ပေ။ သိန်းကို လက်မလွှတ်ချင်၍သာ နွေး လာခဲ့ရခြင်းဖြစ်သည်။ ပထမတော့ တောင်းပန်ပြောဆိုမလို့ဘဲ။ ဒါပေမဲ့ အောက်ကျမခံချင်။ ဘာမဟုတ်တဲ့ ကောင်မလေးတစ်ယောက်အား စွဲလမ်းနေတဲ့ သိန်းက ပြောဆိုမရ။ အန်တီအိကိုပင် ဆန့်ကျင်နေသည်။

"ဒီမှာ ညည်း နောက်ဆုတ်ပေးပါ၊ အန်တီအိ သေရင် ညည်းသတ်တာပဲနော်၊ သိန်းလို ယောကျ်ားတစ်ယောက်က ညည်းမှညည်း ဖြစ်နေတာလည်း ဆေးမိနေတာပဲဖြစ်မယ်၊ သူ့အသိုင်းအဝိုင်းမှာ သိန်း မျက်နှာငယ်ရတော့မယ်၊ ညည်း ဇွတ်အတင်းကြီး လက်ထပ်ယူဖို့ မကြိုးစားနဲ့"

-"အဲဒါ ကျွန်မ ကိုယ်ရေးကိုယ်တာကိစ္စတွေပါ၊ ကျွန်မ ပြောချင်တာကတော့ အဲဒီ ရွှေလင်ပန်းနဲ့ အချင်းဆေးထားတဲ့ လူကိုပဲ ထိန်းသိမ်းတားမြစ်ထားပါ"

"ဘာ...ညည်းက အရယူမယ်ဆိုတဲ့ သဘောလားဟဲ့၊ ဟိုက ဆေးမိနေတာလေ၊ ညည်းရဲ့အောက်တန်းကျတဲ့ အောက်လမ်းနည်းနဲ့ လုပ်ထားလို့ ဆေးမိနေတာအေ့"

"ရှင်"





သူမ ဒေါသတကြီးနှင့် မနွေးနွေးအနား တိုးကပ်သွားပြီး ရိုက်နှက်ရန် လက်ကိုရွယ်လိုက်စဉ် နောက်မှ အုပ်စိုးက ဖမ်းချုပ်ထားလိုက်သည်။

"ကေတု မလုပ်နဲ့၊ ဒီမှာ ကျေးဇူးပြုပြီး ပြန်ပါ၊ ကေတုက ခင်ဗျားတို့ထင်ထားသလို မဟုတ်ပါဘူး၊ ခင်ဗျားဘက်ပဲ ထိန်းပါ။ ဒီထက်အရှက်ခွဲဖို့ ကြိုးစားလာရင် ကျွန်တော်တို့ အပြစ်မဟုတ်တော့ဘူးနော်၊ ခင်ဗျားတို့ အချုပ်တွေ ရဲစခန်းတွေ ရောက်ဖူးသွားချင်လို့လား"

အုပ်စိုး ပြောလိုက်မှ မနွေးနွေးက ပြန်ထွက်သွားသည်။

"ကေတု"

"တော်တော်စော်ကားတဲ့လူတွေ၊ နင် ဘာဖြစ်လို့ ဆွဲထားရတာလဲ၊ ငါ ပညာပေးပစ်မလို့ဟာ"

"မလုပ်နဲ့ဟာ၊ နင့်ရဲ့ အနာဂတ်မျှော်လင့်ချက်တွေ နာမည်ကောင်းတွေ ပျက်စီးသွားလိမ့်မယ် ကေတု၊ နင့် အနာဂတ်က လှပနေပြီလေ"

"အုပ်စိုး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာလုပ်သင့်လဲ၊ ပြောစမ်းပါဟ၊ ငါ ဘာလုပ်ရမလဲ"

"နင်လုပ်ရမှာက အောင်မြင်မှုတွေရဖို့ပဲ လုပ်ပါ၊ နင်က အရမ်းထက်ပြီး ထူးချွန်တာလေ၊ သူတို့တွေနဲ့ ယှဉ်ပြိုင်နေဖို့ အချိန်မှမရှိတာဘဲ ကေတု"

"အင်း…ဟုတ်တယ်၊ ငါ့ဘဝအတွက် တိုးတက်ရာ တိုးတက်ကြောင်းကိုပဲ စဉ်းစားမယ်၊ ငါ့ဘဝ အောင်မြင်မှုလမ်းစတွေက ပေါ်လာပြီ"

ကေတု နိုင်ငံခြားကို ကုမ္ပဏီကိစ္စတွေနဲ့ သွားရမယ်။ အရေးကြီးတာက ကုမ္ပဏီအလုပ်တွေ အောင်မြင်ဖို့ပဲ။ အလုပ်ဝင်တာ မကြာသေးပေမယ့် ကေတုက ကုမ္ပဏီမှာ မရှိမဖြစ် အလိုအပ်ဆုံး ဝန်ထမ်းဖြစ်နေပြီ။ အချစ်တွေကို ကေတု မုန်းတီးနာကြည်းလာသည်။

"အချစ်တွေကို စွန့်ပစ်လိုက်၊ ဒေါက်တာသိခ်နဲ့ဆို ငါလည်း သဘောမတူဘူး"

"တော်စမ်းပါ"

"သူရိန်ကတော့ အရမ်းသင့်တော်ပါတယ်၊ ခက်နေတာ





က သူရိန့်အသိုင်းအဝန်းတွေပဲ၊ နင်ရွေးချယ်ရမှာက ကိုယ်နဲ့ဘဝတူယောကျ်ားတစ်ယောက်ပဲ"

"ကောင်စုတ်နော်"

သူမ ဘတ်စ်ကားရောက်လာသဖြင့် ကားပေါ်တက်ပြီး ပြန်လာခဲ့သည်။

အမေကတော့ ကေတု နေမကောင်းရဲ့လားဆိုပြီး စိတ်ပူနေတာတဲ့။ ကေတု ငိုပစ်ချင်နေသည်။ စိတ်တွေက မာကျောသယောင်နှင့် ပျော့ညံ့စွာ ဝမ်းနည်းကြေကွဲမှုတွေ အတိုင်းအဆမရှိဖြစ်နေ၏။ ကေတု အကျင့်စရိုက် မဟုတ်။ မာကျောတဲ့ ကောင်မလေး ဘာဖြစ်နေတာလဲ။ ကိုသိခ် ချစ်နေရတာလဲ။ ကေတု နေမကောင်းသေးဘဲ အာခေါင်တွေ ပူနေသည်။

"ကေတု သမီး အနားယူပြီးရင် ဆေးခန်းသွားပြရအောင်၊ အားဆေးလေး ဘာလေး သွင်းရအောင်"

"ကေတု နေကောင်းနေပါပြီ အမေ"

"မရဘူး၊ သွားပြရမယ်၊ သမီးကြည့်ရတာ အားနည်းနေသလိုပဲ၊ ခေါင်းမမာစမ်းပါနဲ့ ကေတုရယ်၊ အမေ့မှာ သမီးလေးကိုပဲ အားကိုးနေရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



အမေ့မျက်ဝန်းတွေက ဝေသီမှိုင်းမှုန်နေသည်။ မိသားစုတာဝန်တွေကို အမေ ပင်ပန်းခက်ခဲစွာ ရှာဖွေရုန်းကန်လာရ၍ အရွယ်မတိုင်ခင် အမေ့ရုပ်ရည်က အိုစာနေ၏။ ကေတု တာဝန်ယူရမယ်။ အမေ့ကို စိတ်သောကတွေရောက်အောင်တော့ မလုပ်သင့်ဘူး။ ဆေးခန်းကို မသွားချင်။ ကိုသိန်းနဲ့ ရင်မဆိုင်ချင်ပါဘူး။ အမေက ဖွတ်အတင်းပဲ ဆေးခန်းသွားပြဖို့ ပြောနေသည်။

"သမီး ကိုယ်လက်သန့်ရှင်းလိုက်၊ ဒေါက်တာက အားဆေးသွင်းပေးမယ်တဲ့"

အမေရယ် ကေတုလေ ဒေါက်တာသိန်း ဆေးခန်းကို သွားပြရင် အားအင်တွေကုန်ခန်းပြီး မူးမေ့လဲသွားမှာပါ။ ကိုသိန်းနဲ့ မတွေ့ချင်ဘူး။ သူ့ကို သမီး အရမ်းချစ်နေလို့ပါ။ မမုန်းနိုင်လို့ပါ။ ကေတု အမေ့အနားကနေ ရှောင်ထွက်လာသည်။

❖ ❖ ❖



## အခန်း (၂၂)

အမေ အတင်းအကြပ် ခေါ်၍ ကေတု ဆေးခန်းလိုက်ခဲ့ရသည်။ ဒေါက်တာသိန်းကိုတွေ့တော့ ကေတု မျက်နှာလေးကတင်းနေသည်။ မပတ်သက်ချင်တော့ဘူး။ ကေတု ဝေးရာကိုနေပစ်ချင်နေ၏။ ကေတု မာနတွေ ရှိသင့်သည်။

"ကေတု"

"ရှင်"

"မင်း အရမ်းအားနည်းနေတယ်၊ သွေးပေါင်တွေလည်း အရမ်းကျနေတယ်၊ အားဆေးသွင်းရမယ်"

"ဟုတ်ကဲ့"

ကေတုရဲ့ အေးစက်စက်အမူအရာကြောင့် သိန်း အားမလို

ဝိုး·မို·၁၁၉၀

www.burmeseclassic.com

www.burmeseclassic.com



၁

အားမရ ဖြစ်နေသည်။ ကေတုက ရှောင်နေ၏။ သူ စိတ်ပူမိသည်။ မေမေကလည်း လုံးဝလက်မခံပေ။ နွေးနွေးက တစ်မျိုး။ ကေတုကိုပဲ ပြဿနာရှာနေတာလား။ ကေတုက သိခ်နှင့် လုံးဝ မသိသလို နေသည်။

"သမီးက ခေါင်းမာတယ် ဒေါက်တာရယ်၊ ဆေးခန်းတောင် မနည်းခေါ်နေရတာ"

"အားနည်းနေတာပါ၊ အိပ်ရေးဝဝအိပ်၊ ဘာမှမစဉ်းစားနဲ့၊ ကျန်းမာရေးဂရုစိုက်ပါ"

ကေတုကိုကြည့်ပြီး သူ့ရင်ထဲမှစကားတွေ ပြောမိသည်။ ကေတုနဲ့တွေ့ချင်တယ်။ မင်းက ရှောင်နေမှာပဲမဟုတ်လား ကေတု။ ချစ်သူမျက်နှာလေးကို စိုက်ကြည့်မိ၏။ မျက်ဝန်းတွေက မာနတွေနှင့် တင်းနေသည်။ ကေတုစရိုက်အမှန်ပဲ။ မင်း ကိုယ့်ကိုချစ်တာ နှလုံးသားနဲ့ရင်းပြီး ချစ်ခဲ့တာပါ။

ကေတု လက်မောင်းလေးထဲမှတစ်ဆင့် အားဆေးကို အကြောထဲ သွင်းပေးရင်း ကိုယ့်အချစ်တွေသိရဲ့လားဟု တိုးတိုးလေး ကပ်ပြောလိုက်သည်။ ကေတု အမေက ခပ်လှမ်းလှမ်းမှာ ရပ်နေ၏။ ကေတုက မတုံ့ပြန်ပေ။ သိခ်နှင့် တစ်ကြိမ်တစ်ခါမျှပင်





မပတ်သက်သယောင် ကြည့်သည်။

"ဂရုစိုက်နော်၊ ကိုယ့်ကိုချစ်ပြီး အအိပ်ပျက် အစားပျက် ဖြစ်မနေနဲ့၊ ကိုယ်က မင်းကို ဘယ်လိုအကြောင်းနဲ့မှ မစွန့်လွှတ်ဘူး"

"ကျွန်မကတော့ လုံးဝမပတ်သက်ချင်တော့ဘူး၊ ကျွန်မကို မေ့ပစ်လိုက်ပါ၊ ကျွန်မ လူသတ်ဓားရားခံ မဖြစ်လို့ပါ"

"ကေတု"

"အား"

သူ ဆေးထိုးအပ်ကိုနုတ်ပြီး ကေတု စကားကြောင့် သူ့လက်မောင်းပေါ်လွတ်ကျပြီး အပ်က စိုက်ဝင်သွားသည်။ ကေတုကတော့ ဘာမှမဖြစ်သလို ထလိုက်၏။ အပြင်မှ လူနာတွေခေါ်ပေးတဲ့ ကောင်လေး ပြေးဝင်လာပြီး အပ်ကို နုတ်ပေးရသည်။

"ဒေါက်တာ ဘာဖြစ်တာလဲ၊ အပ်စိုက်နေတာပဲ၊ ဒေါက်တာက သူများတွေကို ဆေးထိုးလွန်းလို့ ဆေးထိုးအပ်က ဒေါက်တာ့ကို ပြန်ထိုးပေးတာထင်တယ်"

ကေတုကတော့ နောက်ကို တစ်ချက်လေးမှပင် လှည့်မကြည့်တော့ဘဲ ထွက်သွားသည်။ သိခ် ဘာဆက်လုပ်ရမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



မသိ။ ဂုဏ်သိက္ခာတွေကြောင့်ပါ။ ကေတုနှင့် သူ့ကြားမှာ ကွာဟနေတဲ့ အချက်ကို ဖယ်ရှားပစ်ဖို့အတွက် သူ သတ္တိရှိနေသည်။

"ဒေါက်တာ"

"ဟင်"

"ဟန်းဒီးပလက်စ် ကပ်ပေးမယ်"

"အေး"

"ကေတုက အရမ်းမာနကြီးပြီး အရမ်းလှပတယ် ဒေါက်တာ၊ စိတ်ကလည်း မိုးထိအောင်မြင့်နေတာ၊ မလွယ်ဘူး"

သိခ် ဘာမှမပြောတော့။ လူက ရှင်းနေသည်။ ကေတု အိမ်သွားရင် ကောင်းမလားပဲ။ မင်းကို ကိုယ်အရမ်းတွေ့ချင်တယ်။ မေမေ့ကိုပင် ကေတုနှင့် မပတ်သက်တော့ပါဘူးဟု ကတိမပေးမိ။ သူ လက်ထပ်မည့်မိန်းကလေးဟုပဲ ပြောခဲ့သည်။

"ဒေါက်တာ ဆေးခန်းပိတ်တော့မယ်၊ လူနာတွေ ကုန်နေပါပြီ"

"အေး...အေး"

သူ အိမ်ပြန်လာတဲ့အထိ ကေတုအား စိတ်ပူပင်နေရသည်။ မင်း ကိုယ့်ကို မုန်းပစ်လိုက်မလား။ မုန်းနေပြီလားကွာ။ ကေတု





ကို ကိုယ့်လက်တွေနဲ့ ထွေးပွေ့အားပေးချင်တယ်။ ကိုယ် အရမ်းချစ်နေတဲ့ အကြောင်းတွေ ပြောပြချင်တယ်။ အိမ်ရောက်တော့ မေမေ နေမကောင်းဘူးဆိုပြီး အိပ်ခန်းထဲမှာနေသည်။ နွေးနွေးလည်း ရောက်နေ၏။ သူ အိပ်ခန်းထဲပဲ ဝင်လာခဲ့၏။ ခဏကြာတော့ နွေးနွေး ရောက်လာသည်။

"သိခ်"

"ဟင်"

"ရှင့်အမေ နေမကောင်းဘူးလေ၊ ရှင်ဘာဖြစ်လို့ ရက်စက်ရတာလဲ၊ ဒီကောင်မလေးအတွက် အန်တီအိ သေတာကောင်းမယ်လို့ ထင်လား"

"မင်းစကားပြောတာ ဆင်ခြင်ပြောပါ နွေး၊ ကိုယ်က ဆရာဝန်ပါ၊ မင်းပြန်သင့်နေပြီ"

"နွေးက အန်တီအိအားရှိအောင် အနားမှာနေပေးတာ နော် သိခ်၊ ရှင်စဉ်းစားကြည့်စမ်း၊ အန်တီအိ မှားနေလို့လား၊ သူ့ချွေးမက သူ့သားနဲ့လိုက်ဖက်တဲ့ မိန်းကလေးပဲ ဖြစ်သင့်တာလေ"

"နွေး မင်းပြန်ပါ၊ ကိုယ်ပြောထားပြီးပြီပဲ၊ ကိုယ် မင်းကို သူငယ်ချင်းတစ်ယောက်အဖြစ်ပဲ ခင်မင်လို့ရတယ်ဆိုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အဲဒီလိုတာဝန်မဲ့ မပြောနဲ့လေ နွေး ပတ်ဝန်းကျင်မှာရော မေမေကရော ရှင်နဲ့လက်ထပ်ဖို့ သိနေကြတာပဲ၊ ကျွန်မ တောင်းဆိုမှုလား၊ ရှင့်အမေ အန်တီအိ ကိုယ်တိုင် တစ်ချိန်လုံး ပြောနေခဲ့တာပဲ"

"အချစ်မရှိတဲ့ အိမ်ထောင်ရေးကို မထူထောင်ချင်ပါနဲ့ နွေး"

"သိဒ်"

"မင်းပြန်သင့်ပြီ၊ ကိုယ်က ယောကျ်ားလေးလေ၊ နေဖို့ မသင့်တော်ဘူး"

"ရှင့်ဟာမကြောင့် နွေးအပေါ် ရက်စက်နေတာလား သိဒ်၊ ဒီကောင်မလေး ဘာတွေ မှုယာမာယာများနေလည်း မသိဘူး၊ နွေးဦးလေးကတော့ နိုင်ငံခြားအထိ ခေါ်သွားမလို့တဲ့လေ"

"ဘာ"

နွေးနွေး ဦးလေး အန်ကယ်စိုးက ဂုဏ်သရေရှိ လူကြီး လူကောင်းပဲ။ စီးပွားရေးမှာ အောင်မြင်နေသည်။ လူမှုရေးနှင့် အလုပ်ကို ရောထွေးတတ်သူမဟုတ်။ နွေးနွေးက ကေတုအလုပ် အထိ လိုက်နှောင့်ယှက်နေပဲလား။ ကေတုအတွက် စိတ်ပူသွားရ





သည်။ သူ့ကို ကေတု အမုန်းကြီးမုန်း အနာကြည်းကြီး နာကြည်းသွားမှာ စိုးရိမ်မိနေ၏။ နွေး မင်းတော်တော်အကျင့်ယုတ်တာပဲ။ နွေးနွေးကို ကြောက်ရသည်။ ကေတု ရှေ့ရေးအတွက်ပါ နှောင့်ယှက်နေနိုင်၏။

နွေးနွေးကတော့ အကြီးမားဆုံး လက်တုံ့ပြန်ရမည်ဟု ပြောနေသည်။

"ကေတုဆိုတဲ့ကောင်မ ဒုက္ခတွေပင်လယ်ဝေသွားအောင် လုပ်ပစ်ရမယ်၊ ရှင့်အမေလည်း အမြဲတမ်း တာဝန်မဲ့ပြီး တန်ဖိုးမရှိတဲ့ လူကြီးတစ်ယောက်ဖြစ်အောင် လုပ်ပြမယ်"

"မင်း တော်တော်စိတ်ထားယုတ်တဲ့ မိန်းမပဲ နွေးနွေး၊ မင်းလို မိန်းမတစ်ယောက်နဲ့ ငါ ဘယ်တော့မှ လက်မထပ်ဘူး၊ မင်းစိတ်ဓာတ်ကို မကြိုက်လို့ပဲ"

"မကြိုက်ရင်လည်း နေလိုက်လေ သိဒ်၊ စောင့်ကြည့်ပေါ့"

နွေးနွေးကတော့ ဒီကိစ္စအတွက် လုံးဝမလျှော့ပေးနိုင်ပေ။ ကေတုဝတီက သူမအား ပါးရိုက်ဖို့အထိ လုပ်ခဲ့သည်။ နင် အရှုက်တကွဲဖြစ်စေရမယ် ကောင်မ။ သိဒ်ကို ငါ့လက်ထဲကနေ



www.burmeseclassic.com

www.burmeseclassic.com



လုယူဖို့ လွယ်မယ်ထင်နေလား။ သိန်လို ယောကျ်ားတစ်ယောက်ကို လက်လွှတ်ဆုံးရှုံးရမှာ နွေး ဘယ်လိုမှ လက်မခံနိုင်ပေ။ နွေးနွေးရဲ့ နာကြည်းခံပြင်းမှုတွေက အထွတ်အထိပ်ရောက်နေသည်။

"ရှင် နွေးကိုငြင်းဆန်တဲ့အတွက် တန်ဖိုးကြီးကြီး ပြန်ပေးဆပ်ရလိမ့်မယ် သိန်"

နွေးနွေး ဒေါသတကြီး ပြန်ထွက်လာပြီး အန်တီအိ အခန်း ပြန်ရောက်လာသည်။ သိန်အမေ အန်တီအိရှေ့မှာ တသိမ့်သိမ့် ရှိုက်ငိုပစ်လိုက်၏။ သိန် ဒီနေ့ကစပြီး နင်တို့မိသားစုတစ်စုလုံး စိတ်သောကတွေနဲ့ ရင်ဆိုင်စေရမယ်။ နွေးနွေးငိုတော့ အန်တီအိ အထိတ်တလန့်နှင့် အိပ်ရာမှ လူးလဲထသည်။

"သမီး ဘာဖြစ်လို့လဲ၊ သိန် ဘာပြောလိုက်လို့လဲ"

"သမီးက အန်တီအိကို လာကြည့်ဖို့ပြောတယ်၊ နွေးကို မောင်းထုတ်တယ်လေ"

"ဟုတ်လား၊ သိန် တော်တော်ရိုင်းပါလား၊ အမေကိုတောင် ဥပေက္ခာပြုထားနိုင်တယ်၊ တိတ်..သမီးလေး၊ သိန် ဘယ်သူနဲ့မှ လက်မထပ်စေရဘူး၊ သမီးနဲ့ပဲ စီစဉ်မယ်"

"သိန်က လက်မခံနိုင်ဘူးတဲ့ အန်တီအိ၊ သူလက်ထပ်





မှာက ကေတုပဲတဲ့၊ အမေ့ဆန္ဒက မတရားလို့ မလိုက်နာနိုင်ဘူးတဲ့"

"ဘာပြောတယ်"

"နွေးတော့ ပတ်ဝန်းကျင်မှာ ဘယ်လိုဆက်ပြီး အသက်ရှင်ရမှန်းတောင် မသိတော့ပါဘူးနော်၊ အန်တီအိကိုယ်တိုင် ငယ်ငယ်လေးကတည်းက ပြောနေတာလေ၊ နွေး ချစ်သူတောင်မထားခဲ့ဘူး၊ အန်တီအိ တာဝန်ယူပေးရမယ်။ နွေး အသိုင်းအဝန်းမှာလည်း နွေး ဘယ်လိုမျက်နှာပြရမလဲ အန်တီအိ၊ နွေးဘဝကို သတ်ပစ်လိုက်တာပဲ"

"အေးပါကွယ် အေးပါ၊ အန်တီအိမှာ တာဝန်ရှိပါတယ်၊ အန်တီ တာဝန်ယူပါတယ်၊ ဒီကောင် အန်တီအိစကား နားမထောင်ရင် အမွေဖြတ်မယ်၊ သမီးလေးနွေး နာမည်နဲ့ အကုန်လွှဲပေးမယ်"

"နွေး သိန်ကို ဘယ်လောက်ချစ်မြတ်နိုးခဲ့လဲ၊ နွေး ရှက်တယ်၊ ယောကျ်ားလေးတစ်ယောက်အိမ်မှာ မနေသင့်ဘူးတဲ့၊ သူ့မှာ လက်ထပ်မယ့်ချစ်သူရှိလို့ ထွက်သွားတဲ့"

"ကြည့်စမ်း...သမီးလေးကို ဒီလိုဆက်ဆံစရာလားကွယ်၊ မိုက်ရိုင်းလိုက်တာ၊ အန်တီ ဆုံးမမယ်၊ အမွေဖြတ်ပစ်မယ်"

"နွေး ပြန်တော့မယ်၊ အန်တီအိပဲ တာဝန်ယူပေးပါ၊



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မမဲ့ပါနဲ့၊ နွေးရဲ့ဂုဏ်သိက္ခာတွေ အရှက်တွေအတွက် အန်တီအိ တာဝန်ယူပေးရမှာပဲ"

ဒေါ်အိရဲ့တာဝန်ဆိုတာ မိမိသိသည်။ သားကို လီမွှာ မယ်ထင်ထားတာပါ။ ငယ်စဉ်လေးကတည်းက မိခင်စကားကို တစ်သဝေမတိမ်း နာခံလာတဲ့ သားသိန်း၊ ဘယ်လိုဖြစ်ရတာလဲ။ ဟိုကောင်မလေး ဘယ်လိုမြှူဆွယ်ထားလဲ။ နွေးနွေးပြောသလို ဆေးမိနေတာလားပဲ။ ဒီလိုကောင်မလေးမျိုးနဲ့ သားသိန်းကို ဘယ်လိုမှ သဘောမတူနိုင်ပေ။ သားဘဝ နိမ့်ကျသွားရမှာပဲ။

အမလေး···ရင်တွေပူလိုက်တာ။ နွေးနွေးကလည်း မိမိ အား တာဝန်မဲ့သူအဖြစ် မြင်နေပြီ။ စိတ်သောကတွေ ရောက်လိုက် ရတာ။ သားမိုက် မင်းကို ငါ့သားအဖြစ်ကနေ ရပ်စဲမယ်။ နွေးနွေး ကိုပဲ အမွေစားအမွေခံထားမယ်။ ငါ့စည်းစိမ်ဥစ္စာတွေ ငါသဘော မတူတဲ့မိန်းမကို မပေးနိုင်ဘူး။ ဒေါ်အိအိနွယ် ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသည်။

"မေမေ··မေမေ···ဘာဖြစ်လို့လဲ"

ဒေါ်အိအိနွယ် ရင်ဝကိုဖိထားပြီး သားသိန်းအသံကြောင့် ဒေါသတွေက ပို၍ဖြစ်သွားသည်။





"မင်း··မင်း··သားမိုက်၊ ငါ့ဆီ ဘာလာလုပ်တာလဲ၊ ငါ့ကို စိတ်သောကရောက်အောင် အသုံးမကျတဲ့ မိန်းမကြီး ဖြစ်အောင် မင်းလုပ်နေတာပဲ"

သိန်း ဆေးအိတ်ကိုယူပြီး မေမေ့အနား ရောက်လာသည်။ သူ စမ်းသပ်လိုက်တော့ မေမေ သွေးတွေတက်နေ၏။ နွေးနွေး ဘာတွေသွားပြောလိုက်ကလဲ။ မေမေက သူ့ရဲ့ဆေးကုသမှုတွေကို လက်မခံပေ။ သိန်း စိတ်ညစ်သွားရသည်။ နွေးနွေး မင်း တော်တော် အကျင့်ယုတ်တာပဲ။ အရမ်းကြောဖာ်စရာကောင်းတဲ့ မိန်းမ။ သူ မေမေ့အား ဆေးတစ်လုံး ထိုးပေးလိုက်သည်။

"မင်း ဘာဆေးတွေထိုးပေးနေတာလဲ၊ သေဆေးလား၊ ငါ မယုံဘူး၊ မင်းက ငါသေမှ ပျော်ရွှင်ရမှာမဟုတ်လား"

"မေမေ ဘာတွေပြောနေတာလဲ၊ နွေးရဲ့စိတ်ဓာတ်နဲ့ အကျင့်စရိုက်တွေကို သား လက်မခံနိုင်လို့ပါ၊ စိတ်ကို အေးအေး ထားပါ မေမေ"

"မထားနိုင်ဘူး၊ မင်းကို ငါ ဘယ်လို ကျွေးမွေးစောင့် ရှောက်ခဲ့ရလဲ၊ ပြောစမ်း၊ အဲဒီဟာမလေးနဲ့ အဆက်အသွယ်မဖြတ် ရင် မင်းကို ငါ့သားအဖြစ်က စွန့်လွှတ်မယ်၊ မင်း··မင်း··သွားတော့



www.burmeseclassic.com

www.burmeseclassic.com



ငါ ဘာမှမဖြစ်ဘူး၊ သွား''

မေမေက မျက်လုံးတွေကို မှိတ်ထားပြီး သူ့ကို မောင်းထုတ်နေသည်။ သိန်း စိတ်ညစ်သွားရ၏။ အရာအားလုံးက ဘာတွေဖြစ်ပျက်နေပြီလဲ။ မေမေ့အတွက် သူ စောင့်ရှောက်ပေးရမည်ဖြစ်ပေမယ့် နွေးနွေးလို မိန်းမတစ်ယောက်ကိုတော့ လက်မထပ်နိုင်ပေ။ မေမေ့အနားမှာ ထိုင်မိသည်။

''သား တောင်းပန်ပါတယ် မေမေ၊ ကေတုနဲ့ ကင်းကင်းရှင်းရှင်း နေထိုင်ဖို့တော့ သားကတိပေးပါတယ်၊ မေမေ စိတ်ချမ်းသာဖို့ပါ၊ နွေးနွေးကိုတော့ သား လက်မထပ်နိုင်ပါဘူး''

''မင်း ထွက်သွား၊ နွေးနွေးကို ငါ့သားနဲ့လက်ထပ်ဖို့ ငါကပဲ တတွတ်တွတ်ပြောနေခဲ့တာ၊ ပတ်ဝန်းကျင်ကိုလည်း ငါပဲ ပြောနေခဲ့တာ၊ အခု ငါ ဘာဖြစ်သွားပြီလဲ၊ တာဝန်မဲ့တဲ့ မိန်းမကြီးဖြစ်နေပြီလေ''

မေမေ့လက်တွေကို ဆုပ်ကိုင်တော့ မေမေက ဆတ်ခနဲ ရုန်းဖယ်သည်။

''နင် ငါ့သားမဟုတ်ဘူး၊ နင့်လိုမိုက်မဲပြီး အသိဉာဏ်မရှိတဲ့သားမျိုး ငါ မမွေးခဲ့ဘူး၊ ငါ့ကိုသတ်မယ့်ကောင်''

ဝိုး:ဝိုး:၈၁၄၀



သိန်း ရင်တွေ နာကျင်သွားသည်။ မေမေ့ဆီက လေသံမာမာနှင့်ပင် ပြောဆိုဆုံးမတာမျိုး သိန်း တစ်ကြိမ်တစ်ခါမှ မကြားဖူးခဲ့။ သားကို ချစ်ခင်ယုယစွာ ကျွေးမွေးစောင့်ရှောက်လာခဲ့သော မိခင်ပါ။ သိန်း မေမေ့အနားမှာပဲ ထိုင်နေမိသည်။

❖ ❖ ❖

ဝို·ဝို ၈၁၄၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ကေတု"

"ဟင်"

"ငါ့အမေ နေမကောင်းလို့ ပဲခူးကိုခဏလောက်လိုက်ခဲ့ပါလား၊ နင့်ကိုတွေ့ချင်လို့တဲ့"

"ဒေါ်လေးရီ ပဲခူးသွားနေတာ ဘာဖြစ်လို့လဲ အုပ်စိုး"

"လေဖြတ်သွားလို့၊ အမေက နင့်ကို တမ်းတနေတယ်တဲ့"

"ဟုတ်လား၊ လိုက်မယ်လေ၊ ကေတုလည်း အားနေတာပဲဟာ"

အုပ်စိုးအမေနှင့် ကေတု ခင်သည်။ ကေတုကို ငယ်

နို : မို : ၀၁၄ပ



ငယ်လေးကတည်းက ထိန်းကျောင်းလာခဲ့တာဖြစ်၍ နေမကောင်းဖြစ်တယ်ဆိုတော့လည်း ကေတုလည်း ကုမ္ပဏီပိတ်ရက် ဖြစ်နေသဖြင့် အုပ်စိုးနှင့်လိုက်လာခဲ့သည်။

"နင်က ပဲခူးကို ဘာနဲ့သွားမှာလဲ အုပ်စိုး၊ လိုင်းကားနဲ့ မဟုတ်ဘူးလား"

"ငါ့သူငယ်ချင်း လိုက်ပို့မှာဟ၊ အပြန် အမေ့ကိုခေါ်လာရမယ်လေ၊ သူငယ်ချင်းက အကူအညီပေးတာပါ"

အုပ်စိုးသူငယ်ချင်းကား ရောက်လာတော့ သူရိန်နှင့် မြင့်ဇော် ဖြစ်နေသည်။

"ဟင်...အုပ်စိုး၊ နင်က သူ့ကားနဲ့သွားမှာလား"

"ဟုတ်တယ်လေ၊ သူရိန်က ကူညီတာ၊ မြင့်ဇော် မလိုက်ပါဘူး"

ကေတုစိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေသည်။ အုပ်စိုးကတော့ သူမအပေါ် အကောက်ကြံစည်မည်ဟု မထင်မိ။ သူရိန်နှင့်တော့ မပတ်သက်လိုပေ။ အုပ်စိုးက အတင်းပဲ ကားပေါ်တက်ခိုင်းနေသည်။

"တက်ပါဟ၊ နင် ငါ့ကိုမယုံဘူးလား၊ အမေ့ကို ပြန်ခေါ်

နို : မို : ၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



လာရမှာမို့ပါ၊ ငါ့မှာ ကားရှိတဲ့သူငယ်ချင်း သူပဲရှိတာ"

"ကိုယ့်ကို ဒီလောက်အထိ အယုံအကြည်မဲ့ရလား ကေတု၊ ကိုယ့်ကို ဒီလောက်အထိ မစိမ်းစမ်းပါနဲ့ကွာ"

"အုပ်စိုးနော်၊ နင့်အမေကြောင့် လိုက်တာ၊ နင့်ကိုလည်း ယုံလို့ပဲ၊ ငါ့ကိုတော့ ဒုက္ခရောက်အောင်မလုပ်နဲ့"

"အေးပါ၊ တက်လေ"

ကေတု ကားပေါ်တက်ထိုင်မိသည်နှင့် ကားလေးက ဝေါခနဲထွက်သွားပြီး သူရိန်က ကားတံခါးသော့တွေကို ပိတ်ပစ်လိုက်သည်။ ကားကလည်း မြန်လိုက်တာ။ ကေတု စိတ်တွေ လေးနေ၏။ သူရိန့်ဘေးမှာ ကေတု ထိုင်ရ၏။ သူရိန့်အကြည့်တွေက တစ်မျိုးပဲ။ ယုံကြည်ရပါ့မလား။ သူမ စိတ်တွေ တထင့်ထင့်ဖြစ်နေရင်း ကားလေးက တဖြည်းဖြည်း လမ်းမကြီးပေါ် ရောက်လာသည်။

"အမေလည်း အုပ်စိုးအမေ မရီ ဖျားနေလို့ အခုပဲ သွားကြည့်ပြီး ပြန်လာတာလေ ကေတု"

ညက အမေပြောတဲ့စကားကို ပြန်ကြားယောင်လာရပြီး အုပ်စိုးအမေ အိမ်မှာပဲရှိနေကြောင်း သတိရသွားသည်။

ဝိုး:ဝိုး:၀၁၄ပ



"အုပ်စိုးအမေ မရီ ပဲခူးကို သွားခါနီးမှအေး၊ ဟိုမှာလည်း အစ်မက နေမကောင်းဖြစ်နေတာတဲ့၊ မရီ မသွားနိုင်တော့ဘူး"

"ဟင်"

သူမ အထိတ်တလန့်နှင့် သူရိန်နှင့် အုပ်စိုးကို ကြည့်မိသည်။ ဒေါ်လေးရီ ပဲခူးသွားတာမဖြစ်နိုင်ဘူး။ ညက အမေတောင် သွားကြည့်ခဲ့သေးတာပဲ။ အုပ်စိုး လိမ်တာ။ ကေတု ဒေါသတွေ ပေါက်ကွဲသွားရ၏။ ကားကို ချက်ချင်းရပ်ခိုင်းလိုက်သည်။

"အုပ်စိုး နင်တို့ဘာယုတ်မာတာလဲ၊ နင့်အမေ နင်တို့အိမ်မှာပဲရှိတယ်၊ အမေတောင် လူနာသွားကြည့်ခဲ့သေးတာပဲ၊ ကားရပ်စမ်း၊ ငါ့ကိုဒါမျိုးလာလုပ်လို့ မရဘူးနော်"

"မဟုတ်ဘူး ကေတု၊ မဟုတ်ဘူး၊ ငါရှင်းပြပါရစေ"

"ဘာရှင်းပြမှာလဲ၊ နင်ကပါ ငါ့ကို ဖျက်ဆီးပစ်ဖို့ ကြံရာပါပေါ့လေ၊ နင် သူ့ဆီက အကျိုးအမြတ်တွေ အရမ်းရလိုက်လား"

"မဟုတ်ပါဘူး ကေတု၊ ဟို…ဟိုလေ"

"အုပ်စိုးမှာ အပြစ်မရှိပါဘူး ကေတု၊ ကိုယ့်ရဲ့အချစ်တွေကြောင့်ပါ၊ ကေတုအပေါ် အရမ်းချစ်မြတ်နိုးနေတဲ့ ယောက်ျား

ဝိုး:မိုး:၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ရင်ခွင်ထဲမှာပဲ ကေတုကို နားခိုစေချင်လို့ပါ”

“ဘာ”

“ဟုတ်ပါတယ် ကေတု၊ သူရိန်က နင့်ကို အရမ်းချစ်တာ ငါ ယုံကြည်လို့ပါ၊ နင် ရွေးချယ်သင့်တာ သူရိန်ပါပဲ”

“ဘာရွေးချယ်ရမှာလဲ၊ သူ့အမေနဲ့အစ်မက ငါ့ကို အရမ်း ရွံမုန်းနေတာရော နင်သိလား”

“ကိုယ့်မိသားစုနဲ့ အဆက်အသွယ်ဖြတ်မှာပါ ကေတု၊ မင်းကို လက်လွှတ်ဆုံးရှုံးရမှာ အကြောက်ဆုံးပဲ၊ မင်းကို ရယူ ပိုင်ဆိုင်နိုင်ဖို့ ကိုယ် ဘယ်နည်းနဲ့မဆို ကေတုကို ပိုင်ဆိုင်ချင်တယ်”

“ကားရပ်ပါ၊ ငါ လက်မခံနိုင်ဘူး၊ ငါ ခုန်ချပစ်မှာနော်၊ နင်တို့လုပ်ချင်တိုင်း လုပ်လို့ရမယ်ထင်လား၊ ကားရပ်”

“ကေတု ခေါင်းမမာချင်စမ်းပါနဲ့၊ မင်းလိုက်ဖို့ငြင်းဆန် ရင် ငါ ကားအက်ဆီးဒင့်လုပ်ပစ်မှာ နှစ်ယောက်လုံး သေအောင် လေ”

သူရိန်ကတော့ ကေတုကို လုံးဝ လက်လွှတ်အဆုံးရှုံး မခံနိုင်အောင် ဖြစ်နေရသည်။ မထူးတော့ဘူး၊ ကေတု ငြင်းနေ ရင်လည်း နှစ်ယောက်လုံး သေပစ်မယ်။ ကေတုက အော်ဟစ်နေ





၍ ကားစက်ရှိန်ကို ပို၍မြှင့်လိုက်သည်။

“သူရိန် နင် အရူးလား၊ ငါလက်မခံနိုင်ဘူး၊ နင်တို့ အသိုင်းအဝန်းထဲကို ငါ မဝင်နိုင်ဘူး၊ နင့်အမေနဲ့ အစ်မကို ငါ မုန်းတယ်၊ ငါ့ကို အထင်သေး အမြင်သေးနဲ့ နှိမ်ချဆက်ဆံတဲ့ဟာ တွေ”

“မေမေနဲ့မမက ကိုယ်နဲ့မဆိုင်ဘူး၊ ကိုယ် အခု သားအဖြစ် ကနေ စွန့်လွှတ်တာခံယူတော့မှာလေ၊ ကေတုကို အရမ်းချစ်လို့ပါ၊ ဖြစ်နိုင်ရင် ကေတုဘဝထဲကို ကိုယ်ဝင်မယ်၊ ဘဝကို ကေတုနဲ့ အတူတူ ထူထောင်မယ်၊ ကိုယ့်အချစ်တွေကို လက်ခံပေးပါ ကေတု၊ ကိုသိမ်းအမေက မင်းကို လုံးဝလက်ခံမှာမဟုတ်ဘူးနော် ကေတု”

“ကားရပ်စမ်း၊ ငါ လက်မခံဘူး၊ နင် အတင်းအဓမ္မ လုပ်ရင်လည်း ထောင်ထဲပဲရောက်မှာနော် သူရိန်”

“ရောက်ရောက်ကွာ”

သူရိန်က အရှိန်ကိုတိုးမြှင့်လိုက်သဖြင့် ကေတုနှင့်အတူ အုပ်စိုးပါ လန့်သွားပြီး တားဆီးနေသည်။

“သူရိန် ကားရပ်ပေးလိုက်ပါကွာ၊ ကေတုမှ လက်မခံ တာ၊ ပြဿနာတွေ ကြီးထွားလာမယ်၊ ရပ်ပေးလိုက်ပါ”



www.burmeseclassic.com

www.burmeseclassic.com



"မရပ်ဘူးကွာ၊ ကေတုကို အနုနည်းနဲ့မရရင် အကြမ်းနည်းနဲ့ အရယူမယ်၊ အဲဒါ ကိုယ့်ဆုံးဖြတ်ချက်ပဲ"

"သူရိန်"

သူရိန် ခေါင်းမာစွာဖြင့် ကားအရှိန်ကို တိုးမြှင့်လိုက်သည်။ ကေတုနှင့်အတူတူ သေပစ်ဖို့ ဆုံးဖြတ်ထား၏။ သူသိနေတာက ကိုသိခ်အသိုင်းအဝန်းထဲ ကေတု မဝင်ဆန့်နိုင်တာဘဲ။ သူရိန်လည်း ကေတုကို လက်လွှတ်အဆုံးရှုံး မခံနိုင်ပေ။ သူရပ်ပေးဖို့ အစီအစဉ်မရှိ။ ကားကို အင်းတကော်မှာရှိတဲ့ ခြံကြီးထဲ မောင်းဝင်သွားဖို့ပဲ စိတ်စောနေသည်။

"သူရိန် ကားအရှိန်က အရမ်းမြင့်နေပြီကွ၊ လျှော့ပါ"

"မလျှော့ဘူးကွာ၊ သေပစ်မလို့"

"သူရိန်"

"ဝုန်း"

"ဒိုင်း"

"ကျွီ"

"အား"

အဖြစ်အပျက်တို့က လျင်မြန်စွာ ဖြစ်ပျက်သွားရသည်။





သူရိန်မောင်းလာတဲ့ကား လမ်းဘေးသို့ ထိုးကျသွားပြီး သစ်ပင်ကြီးတစ်ပင်နှင့် ဝင်တိုက်မိသွားတာပဲ ကေတု သိလိုက်၏။ မျက်လုံးတွေ ပြာဝေသွားကာ ကြောက်လန့်တကြား အော်ဟစ်မိပြီး မှောင်အတိကျသွားသည်။

"ကေတု··ကေတု သမီး သတိရပြီလား၊ သမီးလေး"

"အင်း"

"ဟင်"

ကေတု မျက်လုံးတွေ ဖွင့်ကြည့်လိုက်စဉ် အမေ့မျက်နှာ အုပ်မိုးနေတာ တွေ့လိုက်ရပြီး ဆေးရုံကြီးသို့ရောက်နေကြောင်း အမေက ပြောသဖြင့် မနက်ကဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေကို ကေတု သတိရသွားသည်။

"အမေ"

"သမီး သတိရပြီပဲ၊ အမေ အခုမှပဲ စိတ်အေးရတော့တယ်"

"သူရိန်ရော အမေ၊ အုပ်စိုးရောဟင်"

"အရေးပေါ်အခန်းထဲမှာပဲထင်တယ်၊ ဘယ်လိုဖြစ်ရတာလဲ သမီးရယ်၊ မသေကောင်း မပျောက်ကောင်း"



www.burmeseclassic.com

www.burmeseclassic.com



"သူရိန့်လေ..သူရိန့်..ဟို သမီး..သမီး"

ကေတု သတိရပြီး သတိထားမိလိုက်တာက သူ့မ ခြေထောက်တစ်ဖက်ပင်။ အထိတ်တလန့်နှင့် ထဖို့လုပ်တော့ အမေနှင့် သူနာပြုဆရာမလေးက ဖက်ထားကြသည်။

"သမီး ခြေထောက်မှာ ဒဏ်ရာရထားတယ်၊ စိတ်ထိန်းပါ သမီးရယ်၊ အုပ်စိုးလည်း နည်းနည်းဒဏ်ရရတယ်၊ အဆိုးဆုံးက သူရိန့်ဆိုတဲ့ ကောင်လေးပဲ"

သစ်ပင်နှင့် သူရိန့်ဘက်အခြမ်းကို ပြင်းထန်စွာတိုက်မိတာ ကေတု သတိရလာသည်။ သူရိန့် တမင်လုပ်ပစ်လိုက်တာလား။ ကေတု အထိအတွေ့အရ ကေတုခြေတစ်ဖက် ဒူးခေါင်းအောက်မှစ၍ မရှိတော့ပေ။ မျက်ရည်တွေက မျက်ဝန်းထဲမှ ပါးပြင်ပေါ် လိမ့်ဆင်းကျလာသည်။

"ကေတုဘဝတော့ ပျက်ပါပြီ အမေ၊ ကေတု ခြေတစ်ဖက် မရှိတော့ဘူး၊ ဘယ်လိုလုပ်ရမလဲဟင်"

"ဘာတတ်နိုင်မှာလဲ သမီးရယ်၊ ကံကြမ္မာအရပဲပေါ့၊ ဝမ်းမနည်းပါနဲ့၊ သမီးရဲ့တုမ္ဗဏီပိုင်ရှင်လည်း လာကြည့်တယ်၊ ဆေးကုသမှုစရိတ်တွေ တာဝန်ယူထားတယ်၊ သမီးကို အားမငယ်





ပါနဲ့တဲ့၊ ခြေအတုနဲ့ ဘဝကို ရှင်သန်နိုင်ပါတယ်တဲ့၊ သမီးက သူတို့ကုမ္ပဏီမှာ မရှိမဖြစ် ဝန်ထမ်းပါပဲတဲ့လေ"

ကေတု ကံကြမ္မာကို နာကြည်းမုန်းတီးသွားမိသည်။ ကေတုမှလာပြီး ဆိုးဝါးလွန်းတဲ့ ကံကြမ္မာတွေနဲ့ ရင်ဆိုင်ဖြတ်သန်းရတာလဲ။ အမေက မငိုပေ။ အပြုံးနှင့်ကြည့်နေ၏။ ကေတု သိပါတယ်။ အမေ ကေတု အားတက်အောင် မငိုတာမဟုတ်လား။ အုပ်စိုး နင့်ကို ငါ အရမ်းမုန်းတယ်။ သစ္စာဖောက်။ ငါ့ဘဝကို နင်လည်း ဖျက်ဆီးခဲ့တာပဲ။ ကေတု တသိမ့်သိမ့်ရှိုက်ငိုပစ်သည်။

"ကေတု"

"ဟင်"

"သူရိန့် ဆုံးသွားပြီ"

"ဘာ"

"မင်းကို အရမ်းချစ်တဲ့ သူရိန့် ဆုံးသွားပြီလေ၊ ကံကြမ္မာတွေကိုပဲ ပုံချပစ်လိုက်ပါ ကေတု"

တသိမ့်သိမ့်ရှိုက်ငိုနေတဲ့ ကေတုအနားသို့ သိန်း ရောက်လာသည်။ မထင်မှတ်ဘဲ မယုံကြည်နိုင်စရာ ကံကြမ္မာဆိုးကြီးကို ဖြတ်သန်းရင်ဆိုင်လိုက်ရသည်။ သူရိန့်က အသက်ဆုံးရှုံးသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကေတုက ခြေထောက်တစ်ဖက် ဆုံးရှုံးသွားခဲ့သည်။ အုပ်စိုးက ဒဏ်ရာအနည်းငယ်ပဲ ရသွား၏။ သူ့ရှိန် ဒီလိုကြံစည်မည်ဆိုတာ သိခ် အစောကြီးကတည်းက သိနေသည်။ မတားဆီးလိုက်မိ။ ကံကြမ္မာပဲလေ။ အရာအားလုံးက ဖြစ်ပျက်သွားခဲ့ပြီဖြစ်သည်။

"ဒေါက်တာ ကျွန်မအနားကို မလာပါနဲ့၊ ကျွန်မကို မနှောင့်ယှက်ပါနဲ့တော့၊ ကျွန်မ တောင်းဆိုတာပါ၊ ကျွန်မအနားကို ဘယ်တော့မှ ဘယ်လိုအကြောင်းနဲ့မှ ရောက်မလာပါနဲ့တော့"

"ကိုယ်က ဒီဆေးရုံရဲ့ တာဝန်ခံဆရာဝန်လေ"

"ကျွန်မဆီ မလာပါနဲ့၊ ကျွန်မကို မကုနဲ့၊ ကျေးဇူးပြုပြီး ကျွန်မအခန်းထဲ ဝင်မလာပါနဲ့"

သူမကို သီးသန့်ခန်းနှင့်ထားသည်။ ဒေါက်တာ သိခ်နှင့် မတွေ့လိုတော့။ ကေတုဘဝက ဒုက္ခိတ။ ရှုပ်ထွေးပူလောင်တဲ့ လူမှုဒုက္ခတွေနှင့် ကေတု ရင်မဆိုင်လိုတော့လို့ပါ။ ဘာပဲဖြစ်ဖြစ် သူ့ရှိန် သေဆုံးရတာလည်း ကေတု စိတ်မကောင်းဖြစ်ရသည်။ ကေတုကို ချစ်၍ပဲဖြစ်၏။ အုပ်စိုး နင့်ကိုတော့ ငါ အရမ်းမုန်းတယ်။ နင် သိပ်ရက်စက်တာပဲ။ ငါ့ကို နင် ယုတ်မာတာ။ အမေကတော့ ကေတုလက်လေးကို ဆုပ်ကိုင်ကာ အားပေးနေသည်။





"ကေတု ဘယ်သူ့ကိုမှ မမုန်းပါနဲ့၊ ကံကြမ္မာပဲလေ၊ အုပ်စိုးက အမေ့ကိုပြောပြတယ်၊ ကေတုအတွက်ပါတဲ့၊ ဒီလိုကိစ္စတွေ ဖြစ်ပျက်နေတာ အမေ့ကို ဘာဖြစ်လို့ မပြောပြရတာလဲ၊ ဘယ်သူ့အပြစ်မှမရှိပါဘူး၊ ကံကြမ္မာကြောင့်ပါပဲလေ"

မိမိကတော့ ကံကြမ္မာအပေါ်ပဲ အပြစ်ပုံချပစ်ချင်သည်။ လူငယ်တွေရဲ့ ရှုပ်ထွေးတဲ့ အချစ်ရေးတွေကြောင့်ပါပဲ။ သူ့ရှိန်ဆိုတဲ့ ကောင်လေး သေဆုံးရသလို အုပ်စိုးကလည်း ကြောင်တောင်ဖြစ်သွားရရှာသည်။

"အုပ်စိုးအမေ မရီ လေဖြတ်ပြီး အိပ်ရာထဲမှာ လဲနေတယ်၊ အုပ်စိုးပဲ အားကိုးနေရတာပါ၊ သမီးက ခွင့်မလွှတ်နိုင်အောင် မုန်းတီးနေရင် အုပ်စိုးပါ ဘဝပျက်သွားမယ်လေ"

ကေတု မျက်ဝန်းတွေထဲမှာ မျက်ရည်တွေက ပြည့်လျှံနေသည်။ နာကြည်းကြေကွဲမှုတွေနှင့်အတူ နစ်နာဆုံးရှုံးမှုအတွက် ကေတု ဖြေလို့မရနိုင်။ သူမရဲ့မျှော်လင့်ချက်ရောင်ခြည်တွေ ပျောက်ကွယ်ပျက်စီးသွားခဲ့ပြီဖြစ်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ညည်းက ငါ့မောင်ကို သတ်ပစ်လိုက်တာပဲ၊ ညည်းကို ထောင်ထဲပို့ပစ်မယ်၊ ငါတို့ရဲ့ တစ်ဦးတည်းသော အဖိုးတန်မောင်လေး ညည်းကြောင့် သေသွားရပြီ၊ ညည်းသေကြောင်းကြံစည်တဲ့ ကေတုဝတီ"

သူရိန့်အစ်မရဲ့ မျက်ဝန်းတွေက ဒေါသမီးလျှံတွေ တငြီးငြီးတက်ကာ ကေတုအား ရန့်တွေနေသည်။ ကေတု ကြောက်လိုက်တာ။ ငါ့မောင်ကိုသတ်တာဟု စွပ်စွဲနေ၏။ နင့်ဘဝလည်း အဖတ်ဆယ်လို့မရအောင် ပျက်စီးစေရမည်ဟု ကြိမ်းမောင်းနေသည်။

"သူရိန့်ကို ကျွန်မသတ်တာမဟုတ်ပါဘူး၊ သူ့ဘာသာသူ သစ်ပင်ကိုဝင်တိုက်တာပါ၊ တကယ်ဆို ရှင့်မောင်ကိုတောင်



တရားပြန်ဆွဲလို့ရတယ်၊ ထောင်ထဲပို့ပစ်လို့ရတယ်"

"နင်အလိုတူလို့ဖြစ်တာ၊ နင်မြှူဆွယ်လို့ဖြစ်ရတာ၊ နင့်ကြောင့်ပဲ၊ နင့်ကို အမှုဖွင့်ထားတယ်၊ မကြာခင် ရဲတွေလာဖမ်းတော့မယ်၊ ညည်း ထောင်ထဲမှာပဲနေတော့၊ ထောင်က ထွက်လာရင်လည်း ဒုက္ခိတထောင်ထွက်ဘဝနဲ့ပဲနေ"

ကေတုကို ရဲတွေလာဖမ်းတော့မည်ဆို၍ ကေတု အလန့်တကြားနှင့် ထွက်ပြေးလာတော့ လမ်းမှာ ဒေါက်တာသိခ်နှင့် တွေ့သည်။ ကေတုအားကိုးတကြီးနှင့် ဒေါက်တာသိခ် ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ထားမိသည်။

"ကိုသိခ် ကေတုကို ကယ်ပါဦး၊ ကေတု ကြောက်တယ်၊ ရဲတွေလာဖမ်းတော့မယ်တဲ့၊ ကေတု လူသတ်မှုနဲ့ ထောင်ကျတော့မယ်၊ ကယ်ပါဦး"

"ဘာမှမကြောက်နဲ့ ကေတု၊ ကိုယ်တစ်ယောက်လုံး ရှိပါတယ်၊ ကေတု ဘာမှမဖြစ်စေရဘူး၊ ကိုယ်ကာကွယ်စောင့်ရှောက်ပေးပါ့မယ်"

"ကျေးဇူးပါပဲ ကိုရယ်၊ ကေတုကို တစ်ယောက်တည်း ပစ်မထားခဲ့ပါနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ကေတုရယ်"

"ကိုရယ်"

"အား"

သူမက ကို့ရင်ခွင်ကို မှီတွယ်လိုက်စဉ် နှစ်ယောက်လုံး ချောက်ကမ်းပါးကြီးအောက် ပြုတ်ကျသွားသည်။

"ကေတု..ကေတု..ဘာဖြစ်တာလဲ၊ ဒဏ်ရာက နာလို့လား"

တစ်စုံတစ်ယောက်က ကေတုခန္ဓာကိုယ်လေးအား သိမ်းကြုံးပွေ့ဖက်ထားပြီး လှုပ်ခါမေးမြန်းနေသဖြင့် ကေတု လန့်နိုးသွားသည်။

"ဟင်"

"ကေတု"

"ရှင်...ရှင်"

ကေတု အိပ်မက်မက်နေတာဟု သိပေမယ့် အိပ်မက်ကနိုးထလာတော့ တကယ်ပဲ ကိုသိန်း ရင်ခွင်ထဲရောက်နေသည်။ အခန်းထဲမှာ ဘယ်သူမှမရှိပေ။ အမေရော။ ကေတု တစ်ခဏတာ မောပန်းနွမ်းနယ်စွာ မှီတွယ်ငြိမ်သက်နေပြီးမှ အသိဝင်လာကာ





ရုန်းထွက်လိုက်သည်။

"ရှင်...ရှင်..ကေတုအခန်းထဲ ဘာလာလုပ်နေတာလဲ၊ အမေရော၊ ရှင်..ရှင်"

"ကေတုအမေ အောက်ကိုခဏဆင်းသွားတယ်၊ ကိုယ့်ကို အပ်သွားတာလေ"

"ဟင်"

"ကေတု"

ကေတု အိပ်မက်တွေမက်နေတာပဲ။ အားရပါးရငိုပြီး မေးခနဲအိပ်ပျော်သွားတဲ့အချိန်တွင် အိပ်မက်မက်နေသည်။ သူရိန့် အစ်မ နွေးနွေးက ဒေါသတကြီး ကေတုအား ထောင်ချပစ်မယ်ဟု ကြိမ်းမောင်းနေ၏။ ဒေါက်တာသိန်းကိုတွေ့တော့ အားကိုးတကြီး ဖက်တွယ်မိနေသည်။

"ကေတု နေကောင်းအောင်နေပါ၊ ဘာမှစိတ်ပူပင်သောက ရောက်မနေပါနဲ့၊ ကိုယ်ကတော့ တာဝန်ကျဲဆရာဝန်မို့ မင်းဆီလာနေရမှာပဲလေ"

"ဒါဆို ကျွန်မ ဆေးရုံကဆင်းတော့မယ်၊ ဘယ်လိုအကြောင်းနဲ့မှ ကျွန်မဆီလာဖို့ လက်မခံဘူး၊ ကျွန်မ လက်မှတ်ထိုး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆင်းမယ်"

"မင်း ဆေးရုံကနေ ဆင်းချင်တိုင်း ဆင်းလို့မရဘူး ကေတု၊ ဒီအမှုက ရဲအရေးပိုင်တယ်လေ"

"ဟင်"

ကေတု အဖမ်းခံရဦးမှာလား။ သူရိန် သေဆုံးရတာ လုပ်ကြံမှုဖြစ်သည်။ ကေတု မသတ်ဘူးဆိုတာ အုပ်စိုးပဲရှိနေ၏။ ကေတု အများကြီး ရှင်းလင်းရဦးမည်။ သူရိန့်မိဘတွေဘက်က ဆန္ဒတွေကို မသိရသေးပေ။ ဒေါက်တာသိခ်ကိုပဲ အားကိုးရမလား။ အားမကိုးဘူး။ ကေတုမှ သူရိန့်ကို မသတ်တာပဲ။ ကေတုက စိတ်ဓာတ်မာကျောသူ။ ဒေါက်တာကြောင့် သိလား။ ကေတု ဒေါက်တာကိုလည်း ဘယ်တော့မှ ပတ်သက်ဆက်ဆံတာမျိုးတွေ မလုပ်ချင်။ ကေတု အနှိမ်မခံနိုင်ပါဘူး။ သူမစိတ်တွေကို တင်း ပစ်လိုက်သည်။

"ဒေါက်တာ ပြန်ထွက်သွားပါ၊ ကျွန်မ အခန်းထဲ မဝင် လာပါနဲ့၊ ကျွန်မနဲ့ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေ မေ့ပစ်လိုက်ပါ၊ ကျွန်မကို ထပ်ပြီး စိတ်ဒုက္ခရောက်အောင် မလုပ်ပါနဲ့၊ ကျွန်မ လူတွေအားလုံး ကို မုန်းနေပြီ"





ကေတု ခါးခါးသီးသီး ငြင်းဆန်မောင်းထုတ်ပစ်နေသဖြင့် ဒေါက်တာသိခ် ပြန်ထွက်သွားသည်။ အမေ ပြန်ရောက်လာ၏။ ကေတု စိတ်တွေ မွန်းကျပ်ပြီး မောပန်းနွမ်းနယ်နေသည်။

"ကေတု သမီးအိပ်နေလို့ အမေ ခဏအပြင်ထွက်သွား တာ၊ ဒေါက်တာသိခ် လူနာတွေကို ကြည့်နေတာနဲ့ သမီးကိုသွား ကြည့်ဖို့ ပြောလိုက်တာလေ"

"အမေ"

"ပြောလေ သမီး"

"ဒေါက်တာသိခ်နဲ့ မပတ်သက်ချင်ဘူး၊ ကေတု ဘယ်သူ နဲ့မှ မပတ်သက်ချင်တော့တာပါ၊ ဒေါက်တာ့ကိုတွေ့ရင်တောင် မနှုတ်ဆက်ပါနဲ့"

"သမီးရယ်"

ကေတုဆီကို အုပ်စိုးက လာတွေ့ဖို့တောင်းဆိုပေမယ့် ကေတုက အတွေ့မခံပေ။ ရဲတွေက ကေတုကို လာရောက်စစ်ဆေး နေသည်။ သူရိန်ရဲ့အသုဘချသည့်နေ့တွင် ကေတုစိတ်ထဲမှာ သူရိန် ကို နာကျင်စွာ သတိရနေခဲ့၏။ သူရိန်က အချစ်တွေကို သက်သေ ပြသွားတာပါပဲ။ ကေတုဆန္ဒအရ အမှုမဖြစ်ချင်ပေ။ သေဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်တဲ့ သူရိန်ကို နာမည်မပျက်စေချင်လို့ပါပဲ။ သူရိန် နင့်ကို ကေတုမသတ်တာလား သတ်တာလား။ သူရိန်ကရော သစ်ပင်ကြီးကို တမင်ဝင်တိုက်ပစ်တာလား။ မတော်တဆလား။ ကံကြမ္မာတွေက ကေတုဘဝကို တစ်စစီ ခြေမွဖျက်ဆီးပစ်လိုက်တာပဲဖြစ်သည်။

ကေတု ဆေးရုံမှဆင်းရမည့်နေ့တွင် ဒေါက်တာသိန်းက ကားနှင့်လိုက်ပို့ပေးဖို့ ပြောခဲ့ပေမယ့် ကေတု လက်မခံပေ။ ဘဝတစ်သက်တာလုံး ကေတုနှင့် ဒေါက်တာသိန်း ပတ်သက်စရာမရှိတော့။ ကေတု စိတ်တွေ ကြံ့ကြံ့ခံပြီး ဘဝကို ကြိုးစားတည်ဆောက်ဖို့ပဲရှိသည်။

"ကေတုဝတီ"

"ရှင်"

သူမဆေးရုံမှဆင်းတော့မည့်အချိန်တွင် ကုမ္ပဏီဥက္ကဋ္ဌ အန်ကယ်စိုးက သူမကိုလာတွေ့သည်။

"ညည်း ဘာမှစိတ်အားမငယ်ပါနဲ့လေ၊ ညည်း ခြေထောက် အသားသေသွားရင် ခြေထောက်အတုတပ်မယ်၊ ကုမ္ပဏီမှာ ညည်း အမြဲတမ်းရှိနေမှဖြစ်မယ်လေ"





"ကျေးဇူးတင်ပါတယ် အန်ကယ်၊ ကေတု ကြိုးစားပါ့မယ်၊ အားမနာပါနဲ့နော်၊ ကေတုဘဝကို နားလည်ပြီး အားပေးလို့ပါ"

"အန်ကယ့်တူ သူရိန်ဘက်ကတော့ အမှုကို ရုပ်သိမ်းပါတယ်၊ သူတို့သားအပြစ်ဆိုတာ သိကြတယ်လေ၊ ကေတု မမှားပါဘူး၊ အန်ကယ်လည်း ကိုယ်ချင်းစာပါတယ်ကွယ်၊ အန်ကယ့်ဇနီးနဲ့တုန်းကလည်း ဒီလိုပြဿနာတွေ ကြုံခဲ့ရတာပဲ၊ အန်ကယ့်ဇနီးက ဆင်းရဲတယ်လေ၊ အခုတော့ နိုင်ငံခြားမှာ အန်ကယ့်ကုမ္ပဏီရုံးခွဲကို ကြီးကြပ်နေနိုင်တယ်"

"ကျေးဇူးပါပဲ"

"ကေတု နေကောင်းပြီး ခြေထောက်အတုတပ်ပြီးသွားရင် အန်ကယ့်ဇနီး အုပ်ချုပ်တဲ့ ကုမ္ပဏီရုံးခွဲမှာ တာဝန်ထမ်းဆောင်ချင်ရင်လည်း ရပါတယ်၊ အန်ကယ့်ဇနီးက ကေတုကို အကူအညီပေးနေချင်တယ်လေ"

"ကျေးဇူးတင်ပါတယ် အန်ကယ်၊ ကေတု အစွမ်းကုန် ကြိုးစားပါ့မယ်"

ကေတု ဆေးရုံကနေ ဆင်းခွင့်ရသည်။ ခြေထောက်က



www.burmeseclassic.com

www.burmeseclassic.com



သက်သာသွားပြီဖြစ်သည်။ အမှုကိစ္စအတွက်လည်း တော်တော်လေး ဖြေရှင်းလိုက်ရ၏။ သူရိန်မိဘတွေကလည်း သူ့သားအပြစ်ဖြစ်နေ၍ အမှုကို အေးချမ်းစွာနှင့်ပဲ ဖြေရှင်းခဲ့သည်။ မတော်တဆမှုအဖြစ် ပိတ်သွား၏။ ကေတုကလည်း သေဆုံးသွားတဲ့ သူရိန့်နာမည်ကို မဖျက်ပစ်ချင်ပေ။ အုပ်စိုးကိုလည်း ကေတု ခွင့်လွှတ်ပေးခဲ့သည်။ အုပ်စိုးက ကေတုကောင်းစားရေးအတွက် ဘာမဆို အကူအညီပေးနေသူဖြစ်သည်။

"ကေတု…ငါ့ကိုခွင့်လွှတ်ပါဟာ၊ နင့်ဘဝကို ငါ ဖျက်ဆီးလိုက်တာပါ၊ အမေ့အတွက် ဆေးကုဖို့ ငွေလိုတာရော၊ နင့်ကို ဒေါက်တာသိခ်နဲ့ မနီးစပ်စေချင်တာလည်း ပါပါတယ်၊ သူရိန်က နင့်ကို တကယ်ချစ်မြတ်နိုးခဲ့လို့ပါ"

"တော်ပြီ အုပ်စိုး၊ ငါ ဘယ်သူနဲ့မှ မပတ်သက်ချင်တော့ဘူး၊ ငါ ဘယ်တော့မှ ဘဝကို အရှုံးမပေးဘူး၊ ကြိုးစားမယ်"

အုပ်စိုးကတော့ ကေတုအတွက် စိတ်မကောင်းဖြစ်လို့ မဆုံးပေ။ သူရိန်က အရင်းအနှီးနှင့် အုပ်စိုးအမေ ဆေးကုသစရိတ်တွေ ပေးထားခဲ့ရာ အုပ်စိုးက ပြန်အပ်ပေမယ့် သူရိန့်အမေက သူ့သားအတွက် ကုသိုလ်ပဲဆိုပြီး လက်မခံပေ။ အရာအားလုံး

ဒို : ပို ၈၇၄၅



အေးချမ်းငြိမ်သက်သွားခဲ့ပေမယ့် ကေတုကတော့ ခြေတစ်ဖက် မရှိတဲ့ ဒုက္ခိတဘဝနှင့် ကျန်ခဲ့သည်။

ကေတုတို့ကုမ္ပဏီက ကေတုအား အစစအရာရာ ထောက်ပံ့ကူညီနေ၏။ ကေတုက အရည်အချင်းရှိတဲ့ဝန်ထမ်းတဲ့။ သူမ အလုပ်ပြန်ဝင်စေခဲ့သည်။

"ကေတုက အရည်အချင်းရှိတယ်၊ တော်တယ်ဆိုပြီး အလုပ်လုပ်ရတာပဲကွယ်"

ကားအပို့အကြို ရှိနေ၍ ကေတုအတွက် အဆင်ပြေနေသည်။ သူမဘဝကို အရှုံးမပေးခဲ့။ ပို၍ပင် ကြိုးစားအားထုတ်နေခဲ့၏။ ကေတု နိုင်ငံခြားရုံးခွဲမှာ အလုပ်သွားလုပ်ဖို့ စီစဉ်နေတဲ့ အချိန်တွင် ကိုသိခ်က သူမအား လာရောက်တွေ့ဆုံခဲ့သည်။

"ကေတု စဉ်းစားပါဦး၊ ကိုယ်ကတော့ ကေတု ဘာပဲဖြစ်နေဖြစ်နေ ချစ်နေမှာပါ၊ ကေတုကို ကိုယ် မစွန့်လွှတ်နိုင်ဘူး၊ ကိုယ်တို့ လက်ထပ်ကြရအောင်"

"ကျွန်မ ဆုံးဖြတ်ပြီးပါပြီ ဒေါက်တာ၊ ဒေါက်တာကို ဘယ်လိုအကြောင်းပြချက်နဲ့မှ ကျွန်မ လက်မထပ်နိုင်ပါဘူး၊ ဘယ်အချိန်ပဲဖြစ်ဖြစ် နှစ်တွေ ဘယ်လောက်ပဲကြာကြာ ဒီအဖြေ

ဒို : ပို ၈၇၄၅

www.burmeseclassic.com

www.burmeseclassic.com



ပါ့ပဲ''

''ကေတု''

''ဒေါက်တာ ပြန်ပါ၊ ကျွန်မအမေကို စိတ်ချမ်းသာ ပျော်ရွှင်စေချင်သလို ဒေါက်တာ့အမေလည်း စိတ်ချမ်းသာပျော်ရွှင် စေချင်ပါတယ်၊ ကျွန်မဆန္ဒပါ၊ မနွေးနွေးလည်း စိတ်ထားတွေ ပြောင်းသွားပြီမို့ မနွေးနွေးကို လက်ထပ်ပါ''

''ကိုယ် ကေတုကလွဲပြီး ဘယ်သူ့မှလက်မထပ်ဘူး၊ မင်းမရှိရင် ကိုယ့် ရပ်တည်နိုင်ဖို့တောင် ခက်ခဲနေမှာပါ၊ ကိုယ့်ကို ပစ်မထားခဲ့ပါနဲ့''

''လူသားတွေအတွက် ဒေါက်တာက ကျန်းမာရေး စောင့်ရှောက်ဖို့လိုအပ်ပါတယ်၊ ကျွန်မအတွက်ကတော့ ဒေါက်တာ မလိုအပ်ပါဘူး၊ ကျွန်မ ဘယ်လိုမှပြောင်းလဲသွားစရာမရှိတော့ ပါဘူး၊ ကျေးဇူးပြုပြီး ကျွန်မကို မနှောင့်ယှက်ပါနဲ့၊ တောင်းဆို တာပါနော်''

ကေတု ရင်ထဲမှာ နာကျင်ကြေကွဲ ဆို့နင့်နေသည်။ ငိုပစ် ချင်နေ၏။ ကိုသိန်းကို ကေတုလည်း မစွန့်လွှတ်နိုင်ပါဘူး။ ဖြစ် နိုင်မယ်ဆိုရင် ကေတုရဲ့နှုတ်ခမ်းခိုရာက ကိုသိန်း ရင်ခွင်ပါပဲလေ။ ဒါပေမဲ့





လည်း ကိုသိန်းအမေက ဒုက္ခိတဘဝ ရောက်နေတဲ့ ကေတုနှင့် ပို၍ပင် သဘောမတူပေ။ မနွေးနွေးနှင့်ပဲ လက်ထပ်ဖို့ စီစဉ် နေသည်။ အမေတစ်ယောက်ရဲ့ မေတ္တာပါပဲ။ ကိုသိန်းက ကေတုကို မိခင်ဆန္ဒနှင့် ဆန့်ကျင်၍ ခွတ်အတင်းပဲ လက်ထပ်ယူဖို့ ပြောနေ သည်။

''ကျွန်မ လက်မခံပါဘူး၊ ရှင် နောက်ထပ်မလာပါနဲ့၊ မနွေးနွေးနဲ့ လက်ထပ်ခြင်းကပဲ ကျွန်မစိတ်တွေ သက်သာရာ ရစေမှာပါ၊ ကူညီပါနော်''

ကေတု အကြည့်ကိုလွှဲပစ်လိုက်သဖြင့် ကိုသိန်း ပြန်သွား သည်။ ဘယ်လိုပဲ ကြိုးစားပါစေ ကေတု လက်မခံခဲ့။ ဒေါက်တာ သိန်းဘဝကို မနစ်မွန်းစေလို၍လည်း ဖြစ်သည်။ ဒေါက်တာသိန်း ပြန်သွားတော့ ကေတု ငိုပစ်သည်။

''ကျွန်မ ကိုသိန်းကို ချစ်တယ်၊ အရမ်းချစ်တယ်''

ကိုသိန်းအတွက်ပါ။ ကေတုက ဒုက္ခိတမလေး ဖြစ်နေ ပြီလေ။ ကေတုဘဝက မလှပတော့ပါဘူး။ အမေကလည်း ကေတု ဆုံးဖြတ်တာမှန်သည်တဲ့။ သမီးကို ဒုက္ခိတ ဘဝနဲ့ အိမ်ထောင်ရေး အပူသောကတွေပါ ထပ်ပြီးမခံစားစေချင်တော့ဘူးတဲ့။ အမေ့



www.burmeseclassic.com

www.burmeseclassic.com



အတွက်လည်း ဘာမှယည့်မစဉ်းစားခဲ့ ဘဝကို အောင်မြင်အောင် ကြိုးစားပါတဲ့။

အမေ့ကို အဖော်နှင့်ထားခဲ့ပြီး ကေတု နိုင်ငံခြားကုမ္ပဏီ ရုံးခွဲမှာ သွားရောက်တာဝန်ထမ်းဆောင်မည်။ ဦးဗညူ့ရဲ့ဇနီးက ကေတုအား စာနာထောက်ထားကာ အစစအရာရာ ကူညီပေးနေသည်။ ခြေတုတပ်ဖို့လည်း စီစဉ်ထား၏။ ဆုံးဖြတ်ချက်အခိုင်အမာနှင့် ကေတု နိုင်ငံခြားကိုပဲ ထွက်လာခဲ့သည်။

❖ ❖ ❖

နိုး:နိုး:၀၁၄ပ

## အခန်း (၂၅)

ကေတု ထွက်သွားပြီဆိုတဲ့သတင်းက သိန်း ရင်တွေကို ဟင်းလင်းပြင်တစ်ခုလို လစ်ဟာသွားရသည်။ သူ့စိတ်တွေ ဘယ်လိုမှ ထိန်းချုပ်ထားနိုင်ခြင်း မရှိတော့ပေ။ မေမေက နွေးနွေးနှင့် လက်ထပ်ဖို့ စီစဉ်သည်။

"ကျွန်တော် လက်မခံနိုင်ဘူး မေမေ၊ တောင်းပန်ပါတယ်၊ ကျွန်တော့်ကို နွေးနွေးနဲ့ လက်ထပ်ဖို့ မစီစဉ်ပါနဲ့"

မိခင် လက်မခံခဲ့။ သူ အလုပ်တာဝန်တွေ ပြီးဆုံးချိန်တွင် ကေတုကိုမေ့ပစ်ဖို့ အရက်တွေပဲသောက်သည်။ တစ်လောကလုံးကို မေ့ပစ်ချင်တယ်။ ကေတု မင်းကို ငါ ဘာဖြစ်လို့ မမေ့ပစ်နိုင်ရတာလဲ။ မင်း ရက်စက်တယ်။ ငါနဲ့ဝေးရာကို မင်းထွက်သွား

နိုး:နိုး:၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မင်း တော်တော်စိမ်းကားရက်စက်နိုင်တာပဲ။ မေမေပင် ပြောဆိုမရ၍ လက်လျှော့လိုက်သည်။

"မေမေ သိန်းကိုချစ်တယ်ဆိုရင် သိန်းကို စိတ်အေးချမ်းစေချင်ရင် နွေးနွေးနဲ့ လက်ထပ်ဖို့မစီစဉ်ပါနဲ့"

သူ ငြင်းဆန်သဖြင့် မေမေက အတင်းအကျပ် မစီစဉ်ပေ။ နွေးနွေးကလည်း သိန်းဆန္ဒအတိုင်းပဲ ဖြစ်စေသည်။

"သိန်းရယ်...နင် ဒီလောက်အထိ စိတ်သောကတွေ မခံစားနေပါနဲ့ဟာ၊ နင်က ဘယ်လိုလူမျိုးလဲ၊ မောင်လေးသူရိန်က နွေးကို မှာခဲ့တယ်၊ သူရိန်မသေခင်ကလေ၊ ကိုသိန်းကို ကေတုနဲ့ပဲ လက်ထပ်ပါစေတဲ့"

သိန်းအဖြစ်ကိုကြည့်ပြီး နွေးနွေးပင် စိတ်မကောင်းဖြစ်ရသည်။ မောင် သူရိန် ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်လာချိန်တွင် အသက်မဆုံးရှုံးသေးပေ။ နွေးနွေးကို စူးစိုက်ကြည့်ကာ သူ့အပြစ်တွေပါတဲ့။ သူက ကေတုအား ကားတင်ပြေးဖို့ ကြံစည်တာပါတဲ့။ မမနဲ့ ကိုသိန်း လက်မထပ်ပါနဲ့တဲ့။ ကေတုဘဝအတွက် ကိုသိန်း လိုအပ်ပါတယ်တဲ့။ မောင်လေးသူရိန် ဆုံးပြီးကတည်းက မေမေရော နွေးရော မာန်မာနတွေ ပျောက်ကွယ်ပြီး ဆင်ခြင်တုံ

ဝိုး:ဝိုး:၀၇၄ပ



တရားတွေနှင့် စိတ်တွေ လျော့ပါးသွားသည်။

"သိန်းနဲ့ နွေး သူငယ်ချင်းအဖြစ်ပဲ ကောင်းပါတယ်၊ မပူလောင်တော့ဘူးပေါ့၊ ရှင် ဘာဖြစ်လို့ ဒီလောက်အထိ ကြေကွဲနေရတာလဲ၊ ကေတုကိုစောင့်လေ"

"ကေတုက မာနကြီးတယ် နွေး၊ ကိုယ့်ကို လက်ခံမှာမဟုတ်တော့ဘူး၊ ကိုယ်ကပဲ မဆင်မခြင် ကေတုကို ချစ်မိသွားခဲ့ရတာပါ"

"ကေတုက ခြေတုတ်ပြီးပြီတဲ့၊ အကောင်းပကတိလိုပဲတဲ့၊ အလုပ်တွေလည်း အရမ်းကြိုးစားလို့ မန်နေဂျာအဖြစ်တောင် ရာထူးတိုးသွားပြီတဲ့"

နွေးနွေးကတစ်ဆင့် ကေတုအကြောင်းတွေ အများကြီးသိခဲ့သည်။ အရမ်းထက်မြက်တဲ့ မိန်းမတစ်ယောက်ဖြစ်နေပြီတဲ့။ ဘဝကို ခက်ခဲကြမ်းတမ်းစွာ ရုန်းကန်ဖြတ်သန်းခဲ့ရတဲ့ ကေတုအတွက် သိန်း ဝမ်းမြောက်ကျေနပ်ခဲ့ပါသည်။

"နွေးလည်း သိန်းကို သူငယ်ချင်းအဖြစ်ပဲ ခင်မင်ဖို့ ဆုံးဖြတ်လိုက်ပြီလေ၊ မောင်လေးသူရိန့်ရဲ့ဆန္ဒကို ဖြည့်စွမ်းပေးချင်လို့ပါ၊ အန်တီအိကိုလည်း ပြောထားပြီးပါပြီ သိန်း"

ဝိုး:ဝိုး:၀၇၄ပ

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ နွေး၊ ကိုယ့်ကို နားလည်ပေးပါ၊ ကိုယ်က ကေတုကို မေ့ပစ်လို့မရဘူး၊ နွေးပဲ စိတ်သောကတွေရောက်နေမှာ လေ"

"သိန်"

"ဟင်"

"ရှင် အဲဒီလိုကြီး မနေစမ်းပါနဲ့၊ ဖူးစာရေစက်ရှိသေးရင် လူလွတ်တွေဖြစ်နေကြတဲ့ ရှင်တို့ ပြန်ဆုံနိုင်သေးတာပဲလေ"

နွေးနွေး အားပေးစကားကြောင့် မျှော်လင့်ချက်တွေ ရှိလာရပေမယ့် ကေတု စိတ်မာကြောင်း သိန်း အသိဆုံးပင်။ မေမေက လည်း သားစိတ်သောကတွေ ရောက်နေတာ မကြည့်ရက်လို့ သားဆန္ဒအတိုင်း စီစဉ်ပါတဲ့။ မန္တလေးကို ပြန်သွားပြီဖြစ်သည်။ သိန်းတစ်ယောက်တည်း ရှိနေ၏။ ကေတုကို သတိရတမ်းတနေခဲ့ပေမယ့် စီးပွားရေးလုပ်ငန်းမှာ အရမ်းအောင်မြင်နေတဲ့ မိန်းမဖြစ်နေသည်။ သိန်းကတော့ ကေတုတို့ ရပ်ကွက်ဆေးခန်းလေးမှာ အခမဲ့ ကုသိုလ်ဖြစ် ဆေးဝါးကုသပေးနေဆဲဖြစ်သည်။ ကေတုမိခင် မရှိပေ။ မြို့ထဲက တိုက်ခန်းကိုပြောင်းရွှေ့သွားကြောင်း သိရ၏။ အရာရာ ပြောင်းလဲသွားပြီပဲ ကေတု။ ကိုယ်ပဲ မပြောင်းလဲခဲ့တာ





ပါ။ ဆင်းရဲသားရပ်ကွက်လေးမှာ သူ ဆေးခန်းထိုင်ပေးနေသည်။

"ကေတုက အရမ်းပြောင်းလဲသွားပြီ ဒေါက်တာ၊ အောင်မြင်နေတယ်၊ သူ့အမေကိုတောင် နိုင်ငံခြားခေါ်တာ၊ ကေတု အမေက ငြင်းနေလို့လေ"

"မင်းလည်း ပြောင်းလဲသွားတာပဲ အုပ်စိုး၊ မင်းအခြေအနေလည်း တိုးတက်နေတာပါပဲကွာ"

အုပ်စိုးကလည်း ရပ်ကွက်ဆေးခန်းလေးမှာ လာရောက်ကူညီသည်။ ယခင်ကလို ဂျာနယ်ပို့တဲ့ကောင်လေးတစ်ယောက် မဟုတ်တော့ ကိုယ်ပိုင်စီးပွားရေးနှင့် အောင်မြင်နေသည်။ သိန်း ရပ်ကွက်ဆေးခန်းလေးက ပြန်လာပြီး ကေတုကို သတိရနေ၍ အရက်သောက်တာများသွားသဖြင့် အိပ်ရာကနိုးတော့ ခေါင်းတွေကိုက်နေ၏။ သိန်း ဆင်ခြင်နေတာပဲ။ ကေတုကို သတိရလာလျှင် သူ အရာအားလုံး မေ့ပစ်နိုင်ဖို့ အရက်တွေ အလွန်အကျွံသောက်သည်။ ညကများသွား၍ မနက်အိပ်ရာအထတွင် ခေါင်းတွေအုံခဲ ကိုက်နေ၏။ သူ ကော်ဖီတစ်ခွက်သောက်ပြီး ဆေးသောက်ရသည်။

"ကလင်...ကလင်..ကလင်"

"ကလင်..ကလင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူ့ခြံရှေ့မှ စက်ဘီးဘဲလ်သံကြောင့် သူ့အတွေးအာရုံမှာ ကေတုများ ဂျာနယ်လာပို့တာလားဟုတွေးမိပြီးမှ မဖြစ်နိုင်သဖြင့် ထွက်မကြည့်တော့။ ကေတုက နိုင်ငံခြားမှာပဲဟာ။ ဘယ်ကောင်က လာပြီး သူ့ခြံရှေ့မှာ ဘဲလ်တီးနေရတာလဲ။ အုပ်စိုးလား၊ မဖြစ်နိုင်ပါဘူး။ အုပ်စိုးက ဂျာနယ်မှမပို့တော့တာဘဲ။ ဘဲလ်သံက အဆက်မပြတ်တီးနေသဖြင့် သိန်း အပြင်ထွက်ကြည့်မိသည်။

"ဟင်…ခြံဝမှာ ကေတုပါလား၊ သိန်း မင်းအမူးမပြေသေးဘူးထင်တယ်၊ ကေတုမှမရှိတာပဲ"

သူ သေသေချာချာကြည့်လိုက်တော့ ကေတုက ဂျာနယ်တွေကိုင်ပြီး ခြံဝမှာရပ်နေသည်။ ခြံစောင့်ကြီး ဦးမြက ဝမ်းသာအားရနှင့် ခြံတံခါးဖွင့်ပေးနေ၏။ သူ သေသေချာချာကြည့်ပြီးမှ ကေတု ဖြစ်နေသဖြင့် ခြံထဲသို့ ပြေးဆင်းလာခဲ့သည်။

"ကေတု"

"ဒေါက်တာ"

"မင်း…မင်း"

"ဂျာနယ်လာပို့တာလေ၊ ဖောက်သည်အသစ်မို့



BURMESE CLASSIC .com



တရိုတသေ လာပေးတာပါ"

"မင်း··မင်း··ဒီကိုလာတယ်ဟုတ်လား ကေတု၊ ကိုယ် အိပ်မက် မက်နေတာလား၊ တကယ်လား"

"ဖတ်"

"အား"

ကေတုက ဂျာနယ်နှင့် ပစ်ပေါက်လိုက်သဖြင့် သူ့အနားမှာ ရှိနေတာ ကေတုဖြစ်ပြီး အိပ်မက်မဟုတ်မှန်း သိလိုက်သည်။

"ကေတု မင်း အမှန်တကယ်ပဲ ကိုယ့်ဆီပြန်လာတယ်နော်၊ မင်းခြေထောက်လည်း အကောင်းပကတိအတိုင်းပဲ၊ ကိုယ် ဝမ်းသာလိုက်တာ"

သူ ဝမ်းသာအားရနှင့် ကေတုအနားသို့ တိုးကပ်သွားကာ အပြုံးတောက်တောက်လေးများဖြင့် ကြည့်နေတဲ့ ကေတုအား ဆွဲယူပွေ့ဖက်ထားလိုက်သည်။

"ကေတု မင်း … မင်း ကိုယ့်ဆီပြန်လာတယ်နော် ကိုယ် … ကိုယ်လေ"

"အမေ့ကိုခေါ်ဖို့ ကေတုပြန်လာတာပါ၊ ကေတုလည်း ကိုယ့်ကို အရမ်းသတိရပြီး မတွေ့ရ မနေနိုင်လို့ လာတွေ့တာလေ၊



www.burmeseclassic.com

www.burmeseclassic.com



ကေတုကတော့ ကိုယ့်အတွက် အမြဲတမ်း ဂျာနယ်ပို့တဲ့ကောင်မလေး ပဲနော်၊ ဘယ်လိုလဲ နေ့တိုင်းလာပို့ရမှလားဟင် ကြိုတင်ငွေလည်း ပေးရမှာနော်”

“ကေတုရယ်”

သိန်းကတော့ အတိုင်းအဆမရှိ ဝမ်းသာပီတိတွေနှင့် ကေတုကိုယ်လုံးလေးအား မလွှတ်တမ်း တင်းကြပ်စွာပွေ့ဖက်ထား မိသည်။

ခြံစောင့်ကြီးဦးမြက တိုက်ထဲဝင်ကြလေ့ဆိုမှ အသိဝင်လာ ပြီး ကေတုလက်လေးကို ဆွဲကာ တိုက်ထဲဝင်လာခဲ့လေသည်။

သင်မြတ်နိုး

စိ:မိ:၀၁၆ပ

BURMESE CLASSIC .com

www.burmeseclassic.com